www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# တောရှုပသင်

## ရှေ့သွားသုံးချောင်းမရှိတဲ့တစ္ဆေ

စာမူခွင့်ပြုချက်အမှတ်
၅၀၁၃၉၆၀၉၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၃၃၂၀၉၀၈
ထုတ်ဝေသူ
ဦးသစ်လွင်(မြဲ၀၉၄၈)
ကံ့ကော်မြိုင်စာပေ၊၁၁၃၊ရွှေပြည်သာလမ်း
(၆)ရပ်ကွက်၊သာကေတ၊ရန်ကုန်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ
ဦးကျင်ရင်(၀၅၄၁၇)
ရွှေခြံသို့ပုံနှိပ်တိုက်
၂၂၅၊အခန်း(၂)၊၃၁လမ်း၊
၁၁ရပ်ကွက်၊ယန်းအဲတန်း၊ရန်ကုန်။
ပထမအကြိမ်
၂၀၀၈ခုနှစ်၊နိုဝင်ဘာလ။
အုပ်ရေ ၅၀၀
တန်ဖိုး ၅၀၀ကျပ်



'ယုံကြည်မှု' တို့မှ လျှံထွက်လာသော အပိုပစ္စည်းဟူသမျှတို့သည် 'အစွဲ' များ ဖြစ်သွားကြလျက်။

ထို 'အစွဲ'များ အထပ်ထပ် အညှိတက်လာကြသောအခါ၌မူ ထို 'ယုံကြည်မှု' တို့သည် အကြိမ်ကြိမ် အခါခါ ချော်လဲ၍ ကြသော်... လူအားလုံးတို့သည် 'အကန်း' များ ဖြစ်သွားကြလေတော့၏။

သူရဲတောင်းစာပေ

www.burmeseclassic.com



အပိုင်း (၁)



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"သောင်းဖမ္ဘူတစ်ခွင်… နှောင်းလူတွေအစဉ် ကိုးကွယ်ခဲ့ပါတဲ့ ဘောင်းဖြူတော် ဖျင်အနီ… ငှက်ပျောအုန်း အစုံအလင်နဲ့… ဖိုမကြက်စုံ ဆေးကွမ်း လက်ဖက်ပါမကျန် ဆက်သွင်းလို့… သက်ဆင်းလို့ ပျော်ရအောင်… ယမကာချိုရည်ပုလင်းရယ်နဲ့ သားတော် သမီးတော် တစ်သင်းရယ်က… မလျှဉ်းအောင် ဆောင်ရွက်ပြီးပြီမို့… သုံးဆောင်ပျော်ရအောင် တွဲတော်မူပ… ပခမ်းနယ်တရိုး အပိုင်စိုးပါတဲ့ ကိုကြီးကျော်ရှင်…"





ဘာတဲ့ရဲ့ရော တယ်ပြောရမလား နတ်သံနှောတယ်ဆိုရမလား မသိတဲ့ အသံနဲ့ နတ်ကတော်စိန်ပွင့်အသံက ညောင်နားမှာ စူးရှရှထွက်ပေါ်လာသည်။

နတ်တင်သော ကိုရင်မောင် မထွေးတင် လင်မယားနဲ့ ဝါသနာတူ အိမ်နီးချင်း မိန်းမနှစ်ယောက်သုံးယောက်ကတော့ နတ်ကတော်စိန်ပွင့်နောက်နားတွင် ဒူးကလေးတွေ တုတ်လို့။ မျက်လုံးလေးတွေကလည်း ပေကလက် ပေကလက် တကယ့်ကို ယုံကြည်အားကိုးလွန်းတဲ့ မျက်နှာကလေးတွေနဲ့။

နတ်ကတော်စိန်ပွင့်ကတော့ ငွေရည်စိမ် လင်ပန်းတစ်ချပ်နဲ့ ထည့်ထားတဲ့ ဖိုမကြက်ကောင်လုံးကြော်နှစ်ကောင်ကို လက်နှစ်ဖက်နှင့် ဟန်ပါပါမြှောက်တင်ပြီး ကိုကြီးကျော်နတ်ပင့်ကာ ပါးစပ်ကပွစိပွစိဖြင့် ဘာတွေရွတ်နေမှန်းမသိ။

ဘုရားစင်အောက်ရှိ ပိတ်ဖြူစားပွဲခင်း ခင်းထားသည့် ထမင်းစား စားပွဲကြီးပေါ်၌လည်း အုန်းငှက်ပျောတစ်ပွဲနှင့် ရောင်စုံပုလင်းအဖြူအနီများ လက်ဖက်ပွဲများ၊ မုန့်ဖြူမုန့်နီကြော်များ၊ အမွှေးတိုင်ဖယောင်းတိုင်အထုပ်များ အစရှိသည့် နတ်ပွဲတင်ပစ္စည်းများဖြင့် ပြည့်



www.burmeseclassic.com

www.burmeseclassic.com



နေလေ၏။ ထိုအထဲ၌ ပန်းကန်အသေးတစ်ချပ်ဖြင့် ထည့်ထားသည့် လွန်ပလေးယားစီးကရက်တစ်ဘူးနှင့် ဒေါင်းမြီးရှည် ဆေးပေါ့လိပ်တစ်စည်းလည်း ရှိနေသည်။

နတ်ကတော်စိန်ပွင့်က လက်ထဲမှ ကြက်ကောင်လုံးကြော် လင်ပန်းကို စားပွဲပေါ်သို့ ဖြည်းညင်းစွာ ချသည်။ ပြီးတော့ စားပွဲပေါ်တွင် မွှန်ထူနေအောင် ထွန်းထားသော အမွှေးတိုင်မီးခိုးငွေ့များနှင့်အပြိုင် သူ့ကိုယ်က ယိမ်းယိုင် လှုပ်ရှားလာသည်။ ထိုနောက်မှ ဖြူနီးဆို ပူးထားသော လက်နှစ်ဖက်ဖြင့် နဖူးအား တဖြောင်းဖြောင်းရိုက်ရင်းမှ အံကြိတ်ကာ တဟင်းဟင်း ငြီးလာလေတော့သည်။

"ဝင်ပြီ…ဝင်ပြီ…"

ဘာဝင်သည်တော့မသိ။ ဒေါ်နီပါးစပ်က အော်ရင်း ပျာပျာ သလဲဖြင့် နတ်ကတော် စိန်ပွင့်နားသို့ ပြေးကပ်ကာ လက်ထဲတွင် ကိုင်ထားသော ယပ်တောင်တစ်ချပ်ဖြင့် အသားကုန်ခပ်တော့သည်။

နဖူးကို လက်ဖြင့် တဖြောင်းဖြောင်းရိုက်ရင်း တစ်ကိုယ်လုံး ခါတ်လိုက်သကဲ့သို့ တုန်ယင်နေသော နတ်ကတော် စိန်ပွင့်ဆီက အသံထွက်လာသည်။





"အေ့…"

တကယ့်ကို အရက်သမားတစ်ယောက် မှောနင်းပက် မပက်ရသေး၍ လေချဉ်တက်လာသောအသံမျိုး၊ ပြီးမှ…

"ဟင်း…ဟင်း… သားတော်ကြီးလားဟေ့"

"ဟုတ်ကဲ့၊ အဲ…မှန်…မှန်ပါ အမေကြီး"

အရေးထဲမှ ထစ်ထစ်ငေါ့ငေါ့ဖြစ်နေသော သူ့ယောက်ျား ကိုရင်မောင်ကို မထွေးတင် တစ်ချက်လှမ်းကြည့်သည်။

"အိမ်း… မင်းတို့က အမေကြီးကို အခုမှ… အမှတ်ရကြသကိုးကွဟင်"

"အဲ…ဟို…ဟို…"

ကိုရင်မောင် ဘာပြောရမှန်းမသိတော့ မနေနိုင်တော့သော နောက်က ဒေါ်နီက ဝင်ရောက်ကာ ပြောပေးလိုက်ရသည်။

"ကိုယ့်သားတော် သမီးတော်လေးတွေ မသိနားမလည်လို့ပါ စွဲမယူပါနဲ့ အမေကြီးရယ်"

"အိမ်း… တောင်းပန်တယ်ပေါ့…ဟင်း…ဟင်း"

"ဟုတ်ပါတယ် အမေကြီးရယ်၊ သားတော် သမီးတော်တို့



www.burmeseclassic.com

www.burmeseclassic.com



မလိမ္မာတာ ခွင့်လွှတ်ပေးတော်မူပါ''

မထွေးတင် မျက်နှာငယ်လေးဖြင့် တောင်းပန်လိုက်ရသည်။ ထိုအခါမှ ကိုရင်မောင်ကလည်း…

''အမိုက်အမှားလေးတွေမို့ တစ်ကြိမ်တစ်ခါတော့ ခွင့်လွှတ်ပေးပါ အဖေကြီးရယ်''

ကိုကြီးကျော် နတ်ဝင်နေသည့် နတ်ကတော် စိန်ပွင့်ဆီက ဗိုလ်အောင်ဒင် မမြဝင်းကို ခနဲ့သော ရယ်သံမျိုး ထွက်ပေါ်လာသည်။

''ဟင်း…ဟင်း…ဟင်း…ဟင်း…''

ပြီးမှ…

''ငါ့ဟာတော့ ကိုယ့်သားတော် သမီးတော်လေးတွေမို့ ချစ်လိုက်ရတာ၊ ဒီမှာကွ မင်းတို့ အခုလို အိမ်အသစ်ဆောက်နိုင်အောင်လုပ်ပေးလိုက်တာ ဘယ်သူထင်လဲ၊ နင်တို့ လည်ပင်းက ဘွဲလဲလေးတွေ ဘယ်သူဆင်ပေးလိုက်တာ ထင်လဲ''

ကိုကြီးကျော်အမေးကြောင့် ကိုရင်မောင့်မျက်လုံးကလေးများ ပြာလတွတ် ပြာလတွတ် ဖြစ်သွားသည်။ သူတို့လင်မယား ညားသည်မှာ ဘာမှမကြာလှသေး။ ယခုလက်ရှိ အသစ်စက်စက် ဆောက်ထား





သော နေအိမ်ကလေးနှင့် သူတို့လင်မယားနှစ်ယောက်လည်ပင်းမှ ငါးမူးသားဆွဲကြိုးလေးနှစ်ကုံးမှာ မထွေးတင်၏အဖေ သူ့ချစ်ယောက္ခမကြီးမှ အိမ်ထောင်ဦးအတွက် ပံ့ပိုးပေးလိုက်သည့် အရာများပင်။

ကိုရင်မောင် ချက်ချင်းပင် ဖြေလိုက်မိသည်။

''မှန်…မှန်ပါ၊ ဒါ…ဒါလေးတွေကို မထွေးတင်တို့အဖေ သားတော်လေးရဲ့ ကျေးဇူးရှင် ယောက္ခမကြီးလုပ်ပေး…လုပ်ပေးလိုက်တာပါ အဖေကြီး''

ကိုရင်မောင်အဖြေစကားကြောင့် နတ်ဝင်နေသော နတ်ကတော် စိန်ပွင့်မျက်နှာကြီး သံပရာသီးအလုံးလိုက်အား မဝါးဘဲမြိုချမိလိုက်သလို နင်၍ သွားလေတော့သည်။ သူ့ကိုယ်ထဲဝင်နေသော ကိုကြီးကျော်ပင် စိတ်ညစ်သွားသည်လားမသိ။ ရှေ့ဘာဆက်ပြောရမည် မသိဖြစ်ကာ လဒကြီးလည်ပင်း လှည်းနင်းမိသွားသလို ခေတ္တငေါင်တောင်တောင်ကြီး ဖြစ်၍သွားလေတော့၏။ ခဏအကြာမှ ဝင်နေသည့် ကိုကြီးကျော်က နတ်တို့၏ အိန္ဒြေကိုဆည်ကာ…

''အိမ်း… မသိတော့လည်း နင်တို့အနေနဲ့ ဒီလိုပဲ ထင်ကြမှာပေါ့။ ဒီမှာ မှတ်ထားကွ၊ နင်တို့ ဒီလိုဖြစ်လာအောင် နင်တို့အဖေ

www.burmeseclassic.com



မြခင်ကို ငါတိုက်တွန်းထားတာ သိကြရဲ့လား၊ ဟော့ဒီက ငကျော် တိုက်တွန်းထားတာကွ"

ရင်ဘတ်အား တဘုန်းဘုန်းထုကာ ပြောလိုက်သော နတ်ကတော် စိန်ပွင့်၏ ဟန်ပန်ကြောင့် ကိုရင်မောင်တို့ လင်မယား လန့်သွားကြသည်။

"မ...မသိတဲ့ အမိုက်အမဲလေးတွေမို့ ခွင့်လွှတ်ပါ အဖေကြီး ရယ်"

မထွေးတင်က တောင်းပန်ရင်း သူ့ယောကျ်ား ကိုရင်မောင့် မျက်နှာကို မကျေမနပ်ဖြင့် တစ်ချက်လှမ်းကြည့်သည်။ ကိုရင်မောင် ခေါင်းကလေးပုဝင်သွား၏။ နတ်ဝင်သည်များနှင့် အကျွမ်းတဝင်ရှိသော ဒေါ်နီကလည်း...

"အဖေကြီးရေ ဒီကလေးတွေက ငယ်သေးတဲ့အမိုက်အမဲလေး တွေမို့ စကားပြောမှားဆိုမှားရှိတာ ဖွေမယူပါနဲ့ ခွင့်လွှတ်ပေးပါ" ဟု ဝင်ရောက်၍ တောင်းပန်ပေး၏။ သို့သော် ဒေါ်နီ၏ တောင်းပန် သံအဆုံးတွင်ပင်...

"ခွင့်မလွှတ်ဘူးကွ၊ လုံးဝခွင့်မလွှတ်ဘူး"





နတ်ကတော်စိန်ပွင့်ထံမှ မဟုတ်၊ လမ်းပေါ်မှ ကျယ်လောင် လွန်းစွာ ထွက်ပေါ်လာသည့်အသံတစ်ခုဖြစ်၏။

ထိုအသံကြောင့် အိမ်ရှင် ကိုရင်မောင်တို့လင်မယားနှင့် ဒေါ်နီ တို့အားလုံးသာမက ကိုကြီးကျော်နတ်ဝင်နေသော နတ်ကတော်စိန်ပွင့် ၏နှုတ်ဖျားမှပင် 'ဒုက္ခပါပဲ' ဟု လွှတ်ခနဲ အသံထွက်သွားသည်အထိ သူတို့အားလုံး စိတ်ညစ်သွားကြတော့သည်။

ထိုမျှအထိ သူတို့အားလုံးအား စိတ်ညစ်သွားစေသည့် အသံရှင် သည် လမ်းမအတိုင်း ဖုတ်တလုံးလုံးနှင့် ပြေးလာနေ၏။

ထိုအချိန် နတ်ကတော်စိန်ပွင့်၏ ကိုယ်ထဲတွင် ဝင်ရောက်နေ သော ကိုကြီးကျော်သည်လည်းကောင်း၊ အိမ်ရှင်များဖြစ်သည့် ကိုရင် မောင်နှင့် မထွေးတင်တို့လင်မယားသည်လည်းကောင်း၊ ဒေါ်နီ အပါ အဝင် အခြားအိမ်နီးချင်းများဖြစ်သည့် မိန်းမသုံးဦးတို့သည်လည်းကောင်း အနီးအသံရှင်ကြောင့် အံ့သြဖွယ်ကောင်းလှအောင် တိတ်ဆိတ် ငြိမ်သက် နေတော့၏။

ထိုအခါ နတ်တင်နေကြသော သူတို့လူစုမှမဟုတ် လမ်းဘေး ဝဲယာရှိ အိမ်များမှ လူများသည်လည်း ထိုသကောင့်သား၏ အသံ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ထူးဆန်းစွာ တိတ်ဆိတ်ငြိမ်သက်နေကြလေသည်။

သို့ဖြစ်ရာ ဝန်းကျင်အားလုံး မီးကို ရေဖြင့် ငြိမ်းလိုက်သကဲ့သို့ ငြိမ်ကျသွားအောင် စွမ်းဆောင်နိုင်သည့် အသံရှင်သည် မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်ပေမည်နည်း။

သူသည် လူအားလုံး ရွံကြောက်လောက်သည့် ထောင်ထွက်လူဆိုးလူမိုက်တစ်ဦးပေလော မဟုတ်ပါ၊ ယင်းအသံရှင်ကား....

'ခန္ဓာကိုယ်လေးက ခွေးပစ်တဲ့တုတ်လောက်လေးနဲ့' ဟု မှတ်ချက်ပေးရမည်။ လူကောင်သေးညှပ်ညှပ်လေးနှင့် အသားမည်းမည်း မျက်လုံးပြူးပြူး၊ မလောက်လေးမလောက်ခန့် လူဖလံလေးတစ်ယောက်ပါပေ။

သို့သော် အနီး လူဖလံလေးကပင်လျှင် သူတို့တစ်ရွာလုံးအတွက် ထောင်ထွက်လူဆိုးလူမိုက်တစ်ယောက်ထက် ပို၍ကြောက်စရာကောင်းသော လူတစ်ယောက်ဖြစ်နေသည်။ မသိသူများအဖို့တော့ အင်မတန်ပင် အံ့သြနေကြပေလိမ့်မည်။ သိသူများအဖို့မှာကား ယခုလက်ရှိအခြေအနေအတိုင်းပင် သူ့အသံကြားရုံမျှနှင့် အကုန်လုံး တိတ်ဆိတ်ငြိမ်သက်သွားကြရလေ၏။

သူ့ရဲ့ကောင်းစားပေ



အခုတော့ ထိုသကောင့်သားကား [illegible]

[illegible] လုံးလုံးနှင့် ပြေးလာနေချေပြီ။ [illegible] ...

'ခွင့်မလွှတ်ဘူးကွ၊ လုံးဝခွင့်မလွှတ်နိုင်ဘူး' ဟူ [illegible]

ကို [illegible]

[illegible]

ကိုကြီးကျော်ဝင် [illegible]

[illegible] ကိုကြီးကျော် [illegible] သူ့

[illegible]

"အိမ်း... ဖေကျော်ကြီး [illegible] ပန်ကြွ

[illegible] ရှေ့သူတောင်

တောင်းပန်ရင် ကျေနပ်ရသေး [illegible]

"မှန်... မှန်ပါ [illegible]"

သူတို့အားလုံး [illegible] ကိုကြီးကျော်လေ

သံကို [illegible]

[illegible] သွားနေကြသည်။

"ကိုင်း... ဒီလိုဆို ပလမ်းပွဲနဲ့ ဖေကျော်သောက်ပွဲကျင်းပမယ်၊

သူ့ရဲ့ကောင်းစား[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဆက်စမ်းဟာ မှာတော်''

''ကိုရင်မောင် အမေကြီး မှာတော်ဆက်မယ်တဲ့လေ၊ ဘာလုပ်နေတာတုန်း''

မထွေးတင် အိမ်ရှေ့လမ်းမဘက်ဆီသို့ လှည့်ကြည့် လှည့်ကြည့် လုပ်ပါနေသော သူ့ယောက်ျား ကိုရင်မောင်ကို တံတောင်ဖြင့်တွက်ကာ လေသံတိုးတိုးဖြင့် သတိပေးလိုက်ရသည်။

ထိုအခါမှ ကိုရင်မောင် ယောင်နနဖြင့် ဆွဲမိဆွဲရာ ခေါင်းမြီးရှည်ဆေးပေါ့လိပ်တစ်လိပ်ကို ဆွဲကာ နတ်ကတော်စိန်မှုင့်၏ ကမ်းနေသော လက်ကြားထဲသို့ ထည့်မိသည်။

''ဟဲ့... ဩော်... အဲ့ဒီဆေးလိပ် မဟုတ်ဘူးလေ၊ အမေကြီးက လွှန်ပလေးယား၊ စီးကရက်မှ...ဟဲ့''

''အယ်... ကန်တော့ အမေကြီး ကန်တော့ ကန်တော့''

ကြားမှ မိန်းမတစ်ယောက်က သတိပေးလိုက်မှ ကိုရင်မောင် ကိုကြီးကျော်လက်ကြားထဲရောက်နေပြီဖြစ်သော ဆေးပေါ့လိပ်ကို ပြန်ဆွဲယူ၍ လွှန်ပလေးယားစီးကရက်ဘူးကို ကမန်းကတန်း ဖောက်လိုက်ရသည်။





အဲ့ဒီအချိန်မှာပဲ အိမ်ရှေ့တည့်တည့်မှ သူ့နာမည်ကို အော်လိုက်သည့် ငှက်ဆိုးထိုးသံတမျှ ကျယ်လောင်လွန်းသော အသံကြီးကို ကြားလိုက်ရလေတော့သည်။

''ရင်...မောင်...ဟော့ကောင် ရင်မောင်''

ကိုရင်မောင် ဖောက်နေဆဲဖြစ်သော စီးကရက်ဘူးပင် အောက်သို့ပြုတ်ကျသွားရသည်။ ပြီးတော့ သူ ထိတ်လန့်တကြားဖြင့် အသံထွက်ပေါ်လာရာ အိမ်ရှေ့ဘက်ဆီသို့ ကြည့်လိုက်မိသည်။

''ဟာင်...မု...မုဆိုး''

သူ ထင်သည့်အတိုင်း အသားမည်းမည်း လူကောင်ဖလံလေးနှင့် မုဆိုးကို သူ့အရပ်ထက် မနည်းကြီးလှသောလှံရှည်ကြီးတစ်ချောင်းဖြင့် အိမ်ရှေ့တွင် မားမားကြီးရပ်နေသည်ကို တွေ့လိုက်ရလေတော့သည်။ ထိုအချိန် နတ်ပွဲရှေ့ရှိ နတ်ကတော်စိန်မှုင့် အပါအဝင် ကျန်လူအားလုံးမှာလည်း မီးဝင်းဝင်းတောက်နေသော မျက်လုံးတို့ဖြင့် လှံကြီးတစ်ချောင်းကိုင်ကာ ရပ်နေသော 'မုဆိုး' ကို ကြည့်၍ ထိတ်လန့်ပြူးကြောင်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ နတ်ကတော်စိန်ပွင့် သတိဝင်ကာ ပြုံးနေသော





မျက်လုံးတို့ကို ဖွတ်အတင်းပြန်မှိတ်ကာ နတ်ပြန်ဝင်သွား၏။

"ဟင်း…ဟင်း… ဘယ်သူများလဲလို့ ငါ့သားတော်ကြီးပါ၊ ရောက်ရောက်လာမှကိုး ပျော်တယ်ဟေ့၊ အဖေပျော်တယ်၊ ကိုင်း… ပ…ပခမ်းပွဲနဲ့ သောက်ပွဲကျင်းပမယ်ဟေ့"

ကိုရင်မောင် ကပျာကယာဖြင့် ကိုကြီးကျော်အား ပွဲတော်ဆက်လိုက်ရသည်။ ထိုအချိန် မုဆိုးက ကိုရင်မောင်အနီးသို့ ကပ်လာ…

'ဘာနတ်ဝင်နေတာတုန်း' ဟု မေးသဖြင့် ကိုရင်မောင် လေသံတိုးတိုးဖြင့် 'ပခမ်းကိုကြီးကျော်' ဟု ဖြေလိုက်ရသည်။

မုဆိုးမျက်နှာ ထူးထူးခြားခြားအရောင်လက်သွားသည်ကို သူမတွေ့လိုက်၊ ထိုအခိုက်တွင်ပင် မုဆိုးက ထူးထူးခြားခြား နတ်ကတော်စိန်ပွင့်ကို လက်အုပ်ကလေးချီ၍…

"ပခမ်းနယ်တရိုး အပိုင်စိုးပါတဲ့ ဖေကြီးကျော်မင်းဖျား…

မုဆိုးအသံကြောင့် နတ်ကတော်စိန်ပွင့် ငေါက်ခနဲဖြစ်သွားသည်။ ဒီကောင် တစ်ခုခုလုပ်တော့မည်ဟုလည်း သူ့စိတ်ထဲက ကြိုသိနေ၏။

ရွာတစ်ရွာလုံး၌ နာမည်ကြီး ကန့်လန့်စီးအဖြစ် နေလာခဲ့သော သူ့သိက္ခာကိုတော့ စိန်ပွင့် အကျခံလို့မဖြစ်။ သို့သော် ယခုလိုအခြေ

www.burmeseclassic.com



အနေမျိုးတွင်မှ မုဆိုးနဲ့ လာတွေ့နေရသည့် အဖြစ်ကြောင့် သူ နည်းနည်းတော့ လန့်ချင်နေမိသည်။ မတတ်နိုင်တော့ စိန်မွှင့်တတ်ထားသမျှသော ပညာကုန်ထုတ်သုံး၍ တစ်ဖက်လူ လေးစားလောက်မှုယ်ဖွာန်နှင့်မာန်နှင့်။

"ဆိုစမ်းဟဲ့ သားတော်ကြီး၊ ဘယ်အစင်း ဘယ်အရေးနဲ့ ကြုံတွေ့နေရသလဲဆိုတာ ရွှေနားတော်သွင်းစမ်းဟော့… ပခမ်းမင်းကျော်တဲ့နော်၊ ငါ့သားတော်တွေကို ဝတ်လဲတော်ပုဆိုးနဲ့ အုပ်မိုးလို့ အဖေကာကွယ်ပေးမဟော့"

"ဒုန်း"

နတ်ကတော်စိန်မွှင့်၏ လေသံနှင့် ဖွာန်ကြောင့် ကိုရင်မောင်တို့လူစုပင် ငြိမ်ကျသွားသည်။ မကျ ခံနိုင်ရိုးလား၊ နတ်ကတော်စိန်မွှင့်က မြောရင်းမှ ကြမ်းပြင်ကိုပါ ဖနောင့်နှင့်တစ်ချက်ပေါက်ကာ ဘေးမှ ဒေါ်နီကမ်းပေးထားသော အနီပုလင်းကိုလည်း ငွတ်ခနဲ ကောက်မော့ချလိုက်ခြင်း ဖြစ်သည်။

ထိုအချိန် 'မုဆိုး'ကတော့ နတ်ကတော်စိန်မွှင့်ကို ကြည့်ကာ လျှာတစ်ချက် သိမ်းလိုက်ရင်းမှ…





"ကြိုက်ပြီဗျာ"

ရုတ်တရက် ကုန်းအော်လိုက်ခြင်းကြောင့် အားလုံး၏ အကြည့်က မုဆိုးထံသို့ ကျရောက်သွားပြန်သည်။ ဒီကောင် ဘာများ ထပ်လုပ်ဦးလေမလဲ ဟူသော စိုးရိမ်စိတ်ကလည်း သူတို့အားလုံးအပေါ်တွင် စိုးမိုးနေကြ၏။ ထိုအခိုက်တွင်ပင် မုဆိုးက…

"ခင်ဗျား ပခမ်းကိုကြီးကျော်အစစ်နော်"

"အစစ်…အစစ် ပခမ်းမင်းကျော်မှ မင်းကျော်အစစ်ပဲ"

"ကြိုက်ပြီဗျာ"

မုဆိုး ဘာတွေကြိုက်နေမှန်းကို မသိ၊ သူ့အကြည့်ကလည်း နတ်ကတော်စိန်မွှင့်မျက်နှာက မခွာတော့ဘူး။

"ပခမ်းမင်းကျော် ဟုတ်ပြီ ဒီလိုဆို တော်တော်တန်ခိုးကြီးမှာပေါ့နော်"

ဟော်… ဒီကောင် ဘာတွေလျှောက်မေးနေမှန်း မသိဘူး ဟူသော အကြည့်ဖြင့် ကိုရင်မောင် မုဆိုးကို တစ်ချက်လှမ်းကြည့်သည်။ ဒေါ်နီတို့ မိန်းမအုပ်စုကဆို 'ခင်းတော့ မယုံမကြည့်နဲ့ နတ်ကိုင်လို့ ဒုက္ခရောက်တော့မယ်' ဟူသည့် အကြည့်မျိုးဖြင့် ဝိုင်းပြီး ကြည့်နေကြ



www.burmeseclassic.com

www.burmeseclassic.com



လေရဲ့၊ မုဆိုးကတော့ ဒါတွေကို တစ်ခုမှ ဂရုမစိုက်ဘူး။ သူ့မျက်လုံး ကွဲလျှည်း နတ်ကတော်စိန်ပွင့် မျက်နှာက လဲပြီး ဘယ်မှ မကြည့်ဘူး၊ ဖိုးကြီးကျော့နှင့်ထိုကလည်း သူ့ပုံစံကြောင့် စိတ်မရှည်ဖြစ်လာဟန် ရှိ၏။

"ဟော့... ပခမ်းမင်းကျော်တဲ့ကွ၊ ဒီနယ်တစ်ရွာမှာ ငါ့ထက် တန်ခိုးကြီးတဲ့လူ ဘယ်သူမှ မရှိဘူး။ ဘာပုံမကြည့် မလေးမစားတော့ လုပ်မယ်မကြံနဲ့ ... ငါ့စိုးတော်မြင်းနွားနဲ့ တစ်ချက်ရှပ်လိုက် မီးဟုန်း ဟုန်းတောက်သွားစေမယ်ဟဲ့ ဘာမှတ်သလဲ"

"ကြိုးကြဲပြီဗျာ"

ခက်ချေပြီ။ မုဆိုးကတော့ ဘာစကားမျှ ကြည့်လိုက်နေလေ၏။ သူ့မျက်လုံးအစုံကလည်း ယှဉ်ချင်စိတ်ကို ကြည့်လက်လက်အရောင် တွေ ပိုထွက်လာသလိုထင်မိသည်။ ထိုအခိုက်တွင်ပင် မုဆိုးက နတ်ကတော်စိန်ပွင့်၏ မျက်နှာအား စေ့စေ့ကြည့်နေရင်းမှ

"ဒီလိုဆို ကျုပ် ဖေကြီးကျော်ဆီက အကူအညီတစ်ခုတောင်း ချင်တယ်၊ ပေးနိုင်ပါ့မလား"

"ဘာ ... ဒါ ကိုယ့်ကြည့်ကိုးကွယ်လို့ကတော့ တစ်ခု မဟုတ်





ဘူး ဆယ်ခုတောင်မေးစမ်း ပခမ်းမင်းကျော်ကွ။ ငါ့ရဲ့ဆွေမျိုးတွေနဲ့ အတူပြီး မင်းတို့ ဘာမေး ကျုံရောက်လာမယ့်အန္တရာယ်တွေကို ငါ တားဆီးပေးမပေ့ ... အသိတော့မှ နာမည်ပျက်စီးမခံဘူး"

ကိုကြီးကျော်ကလည်း ပြတ်၏။ ဒါပေမဲ့ ကိုကြီးကျော်ထက်ကို မုဆိုးက ပိုပြတ်သည်။

"ကောင်းပြီ ကျုပ်တို့ကို ဖေကြီးကျော် အကူအညီပေးနိုင် ရင် ဒီတစ်ရွာလုံး ပခမ်းပွဲနဲ့ ခြိမ့်ခြိမ့်သွားအောင် ကန်တော့ပွဲ အကြီး အကျယ်လုပ်ပြီး ဖေကြီးကျော်ကို ပူဇော်ပသစေရမယ်ဗျာ ကြိုက် ပလား"

ဒီတစ်ခါ တလက်လက်နဲ့ မျက်လုံးအရောင်ထွက်သွားရသူက နတ်ကတော်စိန်ပွင့်။

"ဟင်း ... ဟင်း ... မင်းမှာသာ သစ္စာရှိလို့မှာကတိတဲ့ မျော့"

"အိုး ... ဖေကြီးကျော်သာ ကျုပ်တို့ကို အောင်မြင်အောင် အကူ အညီပေးလိုက်စမ်းပါ။ ကျုပ်ဘက်က ကတိတည်ရစေ့ပါ့မယ် မုဆိုး ကြီးဗျာ"

"ဟင်း ... ဒီလိုမှ ... မင်းကျော်တို့ကလည်း ... ဒါမျိုးမှ ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



သကွဲ့ ပြောစမ်း၊ မင်းကိစ္စကို ရွှေနားတော် သွင်းစမ်းပဟော့"

ကိုကြီးကျော်မေးသံအဆုံး မုဆိုးက မဖြေသေးဘဲ သူ့အိတ်ထဲက တစ်စုံတစ်ခုကို နှိုက်ယူလိုက်သည်။ ပြီးတော့ လက်ကို ပြန်ဆွဲထုတ်လိုက်၏။ မုဆိုး ဘာနှိုက်လိုက်သလဲဆိုတာ အားလုံးကလည်း စိတ်ဝင်တစား ကြည့်ရှုနေကြသည်။ အဲဒီအချိန်မှာပဲ မုဆိုးက သူ့လက်ထဲ ဆုပ်ပြီးပါလာခဲ့တဲ့ အရာကို အားလုံးမြင်သာအောင် လက်ဝါးထဲ ဖြန့်ကာပြလိုက်လေတော့သည်။

"ဟင်..."

"ဘာလဲဟင်"

"ဘာကြီးတုန်း"

ဟူသောအသံများ ကိုရင်မောင်တို့ လူစုဆီမှ ထွက်ပေါ်သွားကြသည်. နတ်ကတော်စိန်ပွင့်ကိုယ်ထဲဝင်နေသည်ဟူသော ကိုကြီးကျော်ပင် မုဆိုးလက်ဖဝါးထဲက အရာကို ကြည့်ပြီး မျက်လုံးအပြူးသားဖြင့် ရှိနေသည်။

မုဆိုးလက်ဖဝါးထဲရှိနေသည့် အရာက ဖပ်ဖျုံးဖျော့အရာတစ်ခု အတိအကျပြောရလျှင် လက်တစ်ဆစ်သာသာခန့်ရှိသော တစ်စုံတစ်





ယောက်၏ သွားအစွယ်ကြီးတစ်ချောင်း ဝက်အစွယ်လား၊ ကျားအစွယ်လား၊ ခွေးအစွယ်လားတော့ မသိ။

"အဲ...ဒါ ဘာကြီးလဲဟင်"

ကိုရင်မောင် မုဆိုးမျက်နှာကို မရဲတရဲကြည့်ပြီး မေး၏။ အဲဒီအချိန် မုဆိုးမျက်နှာက ကြောက်စရာကောင်းလောက်အောင် ရုတ်တရက်တင်းမာသွားမှုကို၊ ပြီးတော့ ရှပ်ဆိုးရတဲ့ကြားထဲ အဲသွားကြီးတွေကို ကျိုးကြေသွားတော့မတတ် ကြိတ်ထားပြီး မျက်လုံးကြီးနှစ်လုံးကလည်း အမှိုးတွေ တလူလူထွက်နေသလိုမျိုး ပြူးကျယ်ဝိုင်းစက်နေတော့ တကယ်ကို အာဠာဝကတို့ ပုဏ္ဏကတို့ပင် ဒူးနဲ့မျက်ရည်သုတ်သွားကြမယ့်ပုံစံမျိုး။

အဲဒီအချိန်မှာပဲ မုဆိုးဆီက အခဲမကြေ ဒေါသထွက်နေသော လေသံမျိုးကြီးဖြင့်...

"ဘာကြီးရမလဲ၊ ဒါ...ဟို ညောင်ကြုပ်ပင်ကြီးအောက်က သူရဲကောင်းကြီးရဲ့အစွယ် သူ့ရဲ့အစွယ်ကြီးပေါ့ဗျ၊ သူ့ရဲ့အစွယ်ကြီး"

"ကိုင်း... ဖေကြီးကျော် ဒီကောင်ကြီးဟာ ကျုပ်တို့ရွာထိပ်က ညောင်ကြုပ်ပင်ကြီးမှာ နေချင်းတိုင်းနေပြီး သောင်းကျန်းချင်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရွှေသင်္ချိုင်းကျွန်းနေပြီ။ ဒီတော့ ခင်ဗျားတန်ခိုးနဲ့ ဒီကောင်ကြီးကို မောင်းထုတ်ပေးပါ။ ဒါ… ကျုပ်တောင်းချင်တဲ့ အကူအညီပဲ။ ခင်ဗျားတန်ခိုးနဲ့ မောင်းထုတ်ပေးနိုင်ရင် ကျုပ်ကတိအတိုင်း အဲဒီညောင်ကြပ်ပင်ကြီးအောက်မှာ ပခမ်းနတ်ပွဲကြီးနဲ့ အကြီးအကျယ် ကန်တော့ပေးမယ်။ ခင်ဗျားတန်ခိုးနဲ့ မတတ်နိုင်ဘူးဆိုရင်တော့ ဟင်း…ဟင်း…အခုက တည်းက…

ရွာထိပ် ညောင်ကြပ်ပင်ကြီးအောက်က သူရဲကြီးဆိုကတည်းက ကိုကြီးကျော်တန်ခိုးနဲ့ မောင်းထုတ်ပေးဖို့ မပြောနဲ့ နတ်ကတော် စိန်မွှေ့ကိုယ်တိုင်ပင် တဆတ်ဆတ်တုန်နေပြီ။ ကိုရင်မောင်လင်မယား နဲ့ ကျန်တဲ့ ဒေါ်နီကြီးတို့ မိန်းမတွေတိုတာကတော့ ပြောမနေနဲ့တော့ တစ်ခါတည်း လိပ်ပြာလွင့်သွားတော့မလား အောက်မေ့ရအောင် မျက်နှာလေးတွေ ဖြူဖပ်ဖြူရော် ဖြစ်နေကြ၏။ ညောင်ကြပ်ပင်ကြီးအောက်က သူရဲကြီးဆိုတာ ရာဇဝင်နဲ့လေ။

"ကဲ…ဘယ်လိုလဲ၊ ဖခမ်းနယ်တစ်ရိုး အပိုင်စိုးပါတယ်ဆိုတဲ့ ဖေကြီးကျော်





မှဆိုးက ပြောပြောဆိုဆို နတ်စင်ပေါ်တွင် တင်ထားသည့် နိုင်ငံခြားဖြစ် အနီမှုလင်းတစ်လုံးကို ဖော်ခွံနဲ့ခါးကြားသို့ ကောက်ထိုးလိုက်သည်။ ပြီးတော့ မပြောမဆို အဆီတာစမ်းဝင်းဖြင့် ဖျံရဲနီအောင် ကြိတ်ထားသော ကြက်ကောင်တစ်ကောင်ဆီမှ ပေါင်တစ်ဖက်ကိုညည်း လှတ်ခနဲ ဖြတ်ကာ ကောက်ဝါးလိုက်ပြန်၏။

"အားပါး ကျွတ်ရှနေတာ အတော်အရသာရှိတာပဲ ရှူးရှူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ကြက်ကြော်နှစ်ကောင်စလုံးကို သူ့ခါးပိုက်ထောင်ထဲသို့ ထည့်လိုက်ပြန်သည်။ သို့တိုင် သူ့မျက်လုံးများက နတ်ပွဲပေါ်တွင် ဝေ့ဝိုက်နေရင်းမှ လွှန်ပလေးယားစီးကရက်ဘူးထံသို့ ရောက်ရှိသွားပြန်၏။

"အမယ်... လွှန်ပလေးယားဘူးပါလား"

ပြောပြီး သူ့အိတ်ထောင်ထဲသို့ ကောက်ယူထိုးထည့်လိုက်ပြန်သည်။

နတ်ကတော်စိန်မှုင့် အပါအဝင် အိမ်ရှင်ကိုရင်မောင်တို့အားလုံးပါ မှဆိုးလုပ်သမျှ အကြောင်ကြောင် အငေးငေးဖြင့် ကြည့်နေမိကြသည်။ ထိုအချိန် မုဆိုးက နောက်ထပ် အဖြူတစ်ပုလင်းနှင့် အချိုရည်ပုလင်းတစ်လုံးကိုပါ ယူလိုက်ကာ...

"ဒီမှာ ပခမ်းကိုကြီးကျော် မလုပ်နိုင်တဲ့ဟာကို ကျုပ်က ဖြစ်အောင်လုပ်ပြမယ်။ ဒီတော့ ဒီနေ့ ဒီအချိန်က စပြီး ဒီနယ်တစ်ကြောကို အပိုင်စိုးတော့မှာ မုဆိုးပဲ ကြားကြရဲ့လား၊ နောက်ဆို ပူဇော်စရာပသစရာရှိရင် မုဆိုးကိုပဲ ပူဇော်ပသကြတော့ ဟား...ဟား...ဟား...ဟား"





ပြောပြောပြီးချင်း မုဆိုးက ဘယ်သူ့ကိုမှ တစ်ချက်ကလေးတောင် စောင်းငဲ့မကြည့်တော့ဘဲ အိမ်ထဲကနေ ခြေသံပြင်းပြင်းနဲ့ ထွက်ခွာသွားတော့သည်။

ထိုအချိန်အထိ ပုံမဟုတ် ပတ်မဟုတ် နတ်ကတော် ကန္တာရစီးအခြောက်စိန်မှုင့်ရော ကိုရင်မောင်တို့လင်မယားနှင့် ဒေါ်နီကြီးတို့ပါ စကားတစ်ခွန်းမှ ဟနိုင်ကြခြင်းမရှိသေးဘဲ ကြောင်အငေးသားပါးစပ်အဟောင်းသားနဲ့ ကျန်ရစ်နေခဲ့ရပါတော့တယ်။

□



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော နောက်တစ်ရက်မှာတော့ လှံကြီးတစ်ချောင်းနှင့် ပါးစပ်က 'ခွင့်ကိုမလွှတ်ဘူး၊ လုံးဝခွင့်မလွှတ်ဘူး' ဟု အော်ဟစ်ကာ ထူးထူးဆန်းဆန်းရောက်လာပြီး 'သူရဲအစွယ်' ဆိုတာကြီးပြ၍ ကိုရင်မောတို့နတ်ပွဲကို ဝင်သမသွားသည့် မုဆိုးရဲ့ သတင်းက ရွာထဲတွင် ဟိုးလေးတကျော် ဖြစ်သွားခဲ့ရတော့သည်။ ထိုအခါ လူတိုင်းမှာ မုဆိုး၊ ကိုရင်မောင်တို့ နတ်ပွဲဝင်သမသွားတာထက် သူနှင့်အတူပါလာခဲ့သည် ဆိုသော သူရဲအစွယ်ကြီးဆိုတာကိုသာ ပို၍စိတ်ဝင်စားနေကြ၏။ ပြီးတော့လည်း ထိုသူရဲအစွယ်ကြီးဆိုသည်မှာ သူတို့ရွာထိပ်ရှိ နာမည်ကြီး ညောင်ကြပ်ပင်ကြီးအောက်မှ သူရဲကြီး၏အစွယ်ဖြစ်နေသည်ဟု





ဆိုပြန်ရာ တမုဟုတ်ချင်းပင် မုဆိုး၏သတင်းက ရွာထဲတွင် ကြီးသွားလေတော့သည်။ ထို့အပြင်လည်း...

"မုဆိုးက ပခမ်းကိုကြီးကျော် မလုပ်နိုင်တဲ့ အလုပ်တောင် လုပ်ပြမလို့တဲ့၊ ဇက်နှ ဒီကောင် ညောင်ကြပ်ပင်ကြီးအောက်က သူရဲကြီးရဲ့အစွယ်ကိုတောင် ချိုးယူလာနိုင်တာဆိုတော့ အစွမ်းထက်တဲ့ ဆေးတစ်ခုခုရလာပြန်ပြီနဲ့ တူတာယ်"

ဟူသောသတင်းကလည်း ရွာထဲ၌ ပြန့်နှံ့နေလေ၏။ ထိုအခါ အချို့မှလည်း ဒီတစ်ခါ မုဆိုး ဘာထလုပ်ဦးမလဲဟူသော စိတ်ဝင်စားမှုများဖြင့် စောင့်ကြည့်နေသူများကလည်း စောင့်ကြည့်နေကြလေသည်။ သို့သော် သူတို့အားလုံး မုဆိုးကိုတော့ ဘယ်သူမှ သွားမမေးရဲကြ။ သိတဲ့အတိုင်းပဲ မိဆိုးဆိုတဲ့ကောင်က လူကသာ ခွေးမြီးတိုတုတ် လောက်ရှိတဲ့ လူဖလံလေးသာရယ်၊ အဆိပ်ပြင်းလိုက်သည်မှတော့ မြွေပွေးက အဘခေါ်ရလောက်တဲ့ အကောင်မျိုး ကြည့်ပါလား၊ နာမည်ကိုက လူအယောက်တစ်ထောင်တွင် တစ်ယောက်မှမရှိတဲ့ 'မုဆိုး' တဲ့။

မသိတဲ့လူတွေကတော့ 'မုဆိုး' ဆိုတော့ ဆင်ဖမ်းတဲ့မုဆိုးလား၊ ကျားဖမ်းတဲ့မုဆိုးလား။ ဒါမှမဟုတ် အခြားသားရဲတောကောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပစ်ခတ်ဖမ်းဆီးတဲ့ မုဆိုးလားလို့ ထင်ကြမည်ပင်။

တကယ်တမ်း မုဆိုးဆိုတဲ့ကောင်ကတော့ တောထဲက သားရဲတိရစ္ဆာန်တွေမပြောနဲ့ ရွာအပြင်ဘက်က ပတက်လို ဖွတ်လိုအကောင်သေးမျိုးလေးတွေကိုတောင် အဖြစ်ရှိအောင် ဖမ်းတတ်သူမဟုတ်။ တစ်ခါတလေတော့ ရွာဖျားချောင်းက ငါးလေးတွေဘာလေးတွေတော့ ဖမ်းမိတတ်၏။ သို့သော် ဒါကလည်း အများအားဖြင့် သူများထောင်ထားတဲ့ သုတ်ကိုင်းက ငါးတွေ မ,ချလာတာ များသည်။

ဒါနဲ့များ သူ့နာမည် ဘယ်လိုဖြစ်ပြီး မုဆိုးဟု တွင်နေရသည်ဟု ဆိုလျှင်တော့...

အကြောင်းက အလွန့်အလွန် နိုင်မာစွာ ရှိနေပါ၏။

အရင်တုန်းက သူ့နာမည်ရင်းကတော့ မုဆိုးလည်းမဟုတ်သေး၊ လူတိုင်းမှလည်း အခုလို မကြောက်ကြသေး။

○ ○ ○





## အပိုင်း (၂)



www.burmeseclassic.com

www.burmeseclassic.com



"မင်းစိန်တဲ့ တစ်စိန်တည်း ရှိတယ်ဟော့၊ ဘယ်ခွေးမှ လှူမထင် ဘူးကွနော်"

ရွာလယ်လမ်းမမှ ရူးခနဲထွက်လာသော အသံကြောင့် သူကြီး ဦးဘိုးထွန်း နှုတ်ခမ်းမွေးနှစ်ဖက်ပင် ထောင်ထသွားသည်။ ချက်ချင်း ပင် ရွာမြောက်ပိုင်းမှ မုဆိုးမဒေါ်ပုံကြီးသား မင်းစိန်၏အသံမှန်းသိလိုက် ရ၍လည်း သူကြီးဦးဘိုးထွန်း မျက်လုံးကြီးနှစ်ဖက် ကုတ်၍သွားလေ၏။

"ဒီကောင် ဘယ်လောက်ဆုံးမ…ဆုံးမ အမှတ်မရှိတဲ့ကောင် လာပစေဦး"





ဟူသောအတွေးနှင့် သူကြီး ဒေါသကို မြိုသိပ်ထားလိုက်ရ သည်။ ပြီးတော့ သူကြီးဦးဘိုးထွန်း လက်ထဲမှ ကွမ်းအစ်ကို အသာ အယာချ၍ အိမ်နံရံတစ်ခုဆီသို့ လျှောက်သွားလိုက်သည်။ အိမ်နံရံ ရှိ လှပခန့်ထည်လွန်းလှသည့် သမင်ချိုခေါင်းကြီးအောက်၌ ချိတ်ဆွဲ ထားသော သူ့နှလုံးပြူးသေနတ်ကြီးနှင့်အတူ ယှဉ်၍ ချိတ်ထားသည့် ထားဝယ်ကြိမ်လုံးကြီးကို ဖြုတ်ယူလိုက်ခြင်းပင်။ သူကြီး ကြိမ့်လုံးကြီး သူ့လက်ထဲသို့ရောက်သည်နှင့် သူ အပိုးမကျိုးသည့် ရွာသားများ စွာအား ဆော်ပလော်တီးဆုံးမခဲ့သည်မှာ မရေတွက်နိုင်တော့၊ အခု လည်းဆော်ပလော်တီးရဦးမည့်သူတစ်ယောက်တော့ လာနေချေပြန်ပြီ။ မုဆိုးမနှိင် ပဝါမနှိင်ဖြင့် ဖြစ်ချင်ကိုင်းဖြစ် အော်ချင်တိုင်းအော်ကာ ရွာလယ်လမ်းအတိုင်း လျှောက်လာနေသည့် မင်းစိန်၏ ပုံကိုမြင်ယောင် မိလိုက်ကာ သူကြီး အံတစ်ချက်ကို ကြိတ်လိုက်မိသည်။ အဲဒီအချိန် မှာပဲ…

"ဟော့… မင်းစိန်တဲ့ကွနော်၊ သူကြီးတောင် ဂရုစိုက်တာ မဟုတ်ဘူး၊ သူ့သမီးမျက်နှာကြောင့်သာ သည်းခံနေတာကွ"

ကြားလိုက်ရသောအော်သံက သူကြီးဒေါသကို တလှပ်လှပ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ် မြှန်းခနဲ ဒိုင်းခနဲ အလုံးအရင်းနဲ့ ထွက်သွားသောက်အောင်ကို နှိုးဆွသလို ဖြစ်သွားသည်။ သူကြီး ဦးဘိုးထွန်း နှာခေါင်းက ရှူးခနဲ အသံကြီးထွက်ပေါ်သွားလေ၏။ ကြည့်စမ်း…ပြောလိုက်ပုံက သူကြီး ဖြစ်သူအနေနဲ့ ဘယ်လောက်တောင် ဒေါသဖြစ်စရာကောင်းလိုက်ပါ သလဲ တော်သေးသည်၊ အိမ်၌ သူကြီးကတော် ဒေါ်ဆုံနှင့် သမီးလေး နွယ်တို့ ရှိမနေကြ၍ သူတို့သာ ဒင်းအသံကိုကြားက ချက်ချင်း ထဘီကို စွန်တောင်ဆွဲ၍ ဆံပင်ဆွဲ ပါးချရိုက်မှုမက အစိမ်းလိုက်ဝါးစား ကြမလားမဆိုသာ သူကြီးဒေါသကို မထိမ်းနိုင်တော့ဘဲ အိမ်ပေါ်မှ ထားဝယ်ကြိမ်လုံးကြီးကို ဆွဲကာ ဝုန်းခနဲ ပြေးဆင်းသွားလေသည်။ ဒေါသကြောင့် ဒူးနာနေသည့်ကိုပင် အမှတ်မရတော့၊ ဒီလောက်တောင် စော်ကားတဲ့ အကောင်မျိုး အသားကုန်ဆော်ပလော်တီးပြီး တစ်ပတ် လောက် ထိပ်တုံးထဲပါ ထည့်ထားလိုက်ဦးမည်ဟုလည်း သူကြီးစိတ် ထဲမှ ကြုံးဝါးသွားလိုက်သည်။

သို့သော် သူကြီးအိမ်ရှေ့လမ်းပေါ်ရောက်တော့ မြင်လိုက်ရသော မင်းစိန်ပုံစံကြောင့် ပါးစပ်ဟောင်းလောင်းဖြစ်သွားရလေသည်။

ကြည့်ပါဦး… မင်းစိန်ပုံစံက သူထင်မှတ်ထားသကဲ့သို့ ထန်း





ရေမူးနေသည့် ဖရိုဖရဲပုံစံမျိုး မဟုတ်ဘဲ အပေါ်အောက်ပုဆိုးအင်္ကျီ အဖြူရောင်နှင့် အိန္ဒြေရစွာ မျက်လွှာကလေးချလို့ လမ်းလျှောက်လာ နေလေရဲ့၊ တပည့်ကပ္ပိယကြီး ဖိုးသာညိုကလည်း ကွမ်းဲလေးတမြုံ့မြုံ့ နဲ့ လိုက်ပါလာနေသည်။ သူကြီး အူကြောင်ကြောင်ဖြင့် ဘာတွေဖြစ် ကုန်ပြီလဲလို့ တွေးနေဆဲ… မင်းစိန်ဆီက အသံနေအသံထားနှင့်…

"မနက်ဖြန်မနက် သံဃာတော်များ ဆွမ်းဆန်စိမ်း အလှူခံ ကြွပါလိမ့်မယ်ဗျို့"

သူကြီးမျက်လုံးကလေး ပေကလပ် ပေကလပ်ဖြင့် မင်းစိန်နှင့် ကပ္ပိယကြီးတို့ကို အံ့ဩစွာ ကြည့်နေမိလေသည်။ အဲဒီအချိန်မှာပဲ မင်းစိန်တို့က သူ့အိမ်ရှေ့သို့ ရောက်လာကြလျက်…

"ဟဲဟဲ… သူကြီး စားပြီးပြီလား၊ ဟဲဟဲ… မနက်ဖြန် ဆွမ်းဆန်စိမ်း အလှူခံရက်လေ အဲဒါ ကုသိုလ်ရအောင် ကျုပ်တော် ဖိုးသာညိုနဲ့အတူ လိုက်အော်ပေးနေတာ ဟဲဟဲ"

စပ်ဖြဲဖြဲမျက်နှာဖြင့် မင်းစိန်က သူကြီးကို လှမ်းနှုတ်ဆက်လိုက် သည်။ ထိုအချိန် ကပ္ပိယကြီး ဖိုးသာညိုကလည်း မျက်လုံးလေး ကြောင်တောင်တောင်ဖြင့် ရှိနေသော သူကြီးကို မြင်တွေ့သွားပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နှယ့်လူကြီးမင်း နေလို့ထိုင်လို့ကောင်းရဲ့လား၊ ဟိုတစ်နေ့က ဆရာတော်ကတောင် ခင်ဗျားအကြောင်း ပြောနေသေးတယ်။ ကျောင်းအလာကျဲနေလို့တဲ့။ အေးလေ... ရပ်ရေးရွာရေးကိစ္စတွေနဲ့ ဆိုတော့လည်း အမြဲတမ်းတော့ ဘယ်အားနေပါ့မလဲ"

ကပ္ပိယကြီးဖိုးသာညိုကပါ နှုတ်ဆက်လာတော့ သူကြီး မနေသာတော့ လက်ထဲတွင် ကိုင်လာခဲ့သော ကြိမ်လုံးလေးကို နောက်သို့ အမြန်ဝှက်လိုက်ရကာ သွားဖြဲလေးဖြင့် ဘာပြန်ပြောရမည် မသိဖြစ်လျက် တဟဲဟဲလုပ်လိုက်ရလေ၏။ ဒါကိုပင် ကပ္ပိယကြီးက...

"ဪ... သူကြီးကတော် နေမကောင်းဘူး ဟုတ်လား၊ ဒါဆိုလည်း ကျောင်းကို တစ်ယောက်ယောက် လွှတ်ပြီး ဆေးယူခိုင်းလိုက်ရောပေါ့ သူကြီးမင်းရယ်"

ကပ္ပိယကြီး ဘာပြန်ပြောလိုက်သည်ကိုပင် သူကြီး မသိလိုက်တော့ သူ့စိတ်ထဲတွင် အစောပိုင်းက သူကြားလိုက်ရသော မင်းစိန်၏ အသံကိုသာ မိမိများ နားကြားလွဲ၍ ကြားလိုက်လေရော့သလားဟု တွေးကာ ကပ္ပိယကြီးကို တအင်းအင်းဖြင့် ခေါင်းညိတ်ပြလိုက်မိသည်။

"အင်း... ဒါဆိုလည်း ကျောင်းမှာ ကျုပ်ရှိနေတာပဲ၊ တစ်





ယောက်ယောက် လွှတ်လိုက်ပေါ့ဗျာ၊ ကဲ... ကျုပ်တို့ သွားလိုက်ဦးမယ်၊ အသက်ကြီးတော့ အရင်ကလို မအော်နိုင်တော့ဘူး၊ မောမောလာလို့ ဟောဒီက မောင်မင်းစိန်ကို ခေါ်လာခဲ့ရတာ"

"ဟဲဟဲ... ခွင့်ပြုပါဦး သူကြီး အချိန်ရှိတုန်း ကုသိုလ်ရအောင် လိုက်အော်လိုက်ဦးမယ်"

မင်းစိန်ကပါ စပ်ဖြဲဖြဲနှင့် နှုတ်ဆက်၍ သူ့ရှေ့မှ ထွက်ခွာသွားကြသည်အထိ သူကြီးခမျာ ကြောင်တောင်တောင် သွားဖြဲလေးဖြင့် ကျန်ရစ်နေဆဲ...

တကယ်က စောစောပိုင်းက သူကြီးကြားလိုက်ရသော မင်းစိန်၏ အသံမှာ အမှန်ပင်။ သကောင့်သားမင်းစိန်က နားလေးလှသော ကပ္ပိယကြီး ဖိုးသာညိုရှေ့မှ ခပ်တည်တည်ဖြင့် အခွင့်ရေးရတုန်း (သူကြီးအိမ်ရှေ့လည်း နီးလာမှ) တမင် သူကြီးဦးဘိုးထွန်းအား ဒေါသဖြစ်အောင် အော်သွားခြင်းပင် ဖြစ်၏။

ဒါကိုပင် မင်းစိန်၏ နှစ်ပေါက်တစ်ပေါက်ရိုက်သွားမှုကို သူကြီးခမျာ နဝေတိမ်တောင်ဖြစ်လျက် အူကြောင်ကြောင်ဖြင့် ခံလိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကဲ… မင်းစိန်ဆိုတဲ့ကောင်က အစကတည်းက အဲဒီလိုကောင်မျိုး…။

❑





တစ်နေ့…

ရွာမြောက်ဖျားက ကိုရင်ကြက်တောတို့ ထန်းရည်ဆိုင်မှာ မင်းစိန် သူ့အပေါင်းအဖော်တွေဖြစ်တဲ့ နောင်ပိန်၊ ချက်ဖူး၊ လုံထော်တို့နဲ့အတူ ဆိုင်ထဲမှာ ထန်းရည်သောက်နေကြသည်။ ဒီကောင်လေးကောင်က လူတွေကသာ ဘာမှမဟုတ်တာယ် 'ဖ' ကလေးတွေတော့ ကိုယ်စီရှိကြ၏။

အရင်ဆုံး သူတို့ထဲက ခေါင်းဆောင်လိုလိုဖြစ်နေတဲ့ မင်းစိန်ကို ကြည့်၊ လူပုံကသာ သူ့အမေ ဒေါ်ပုံကြီး လမစေ့ဘဲ (၇) လနဲ့ မွေးလာခဲ့လို့ လူစဉ်မမှီ အကောင်သေးညှပ်ညှပ်နဲ့ တစ်ကိုယ်လုံးပေါင်းမှ ခွေးပစ်တဲ့တုတ်လောက်ရှိတာ ရုပ်ရည်ကျတော့လည်း အင်း…



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးချောချောတယ်။ မျောက်ခန့် ခန့်တယ်လို့ပဲ ဆိုရမယ်။ မျက်လုံးက ပြူးပြူး၊ ပါးစပ်ကပြဲပြဲ ဒီကြားထဲ အသားအရည်တော်ကလည်း ရွာဦးကျောင်းက ဆရာတော် သပိတ်လို မဲသဲနေတာဆိုတော့ လူကောင်သေးသေး၊ ခေါင်းကြီးကြီးနဲ့ မျက်လုံးပြူးပြူး၊ ပါးစပ်ပြဲပြဲ၊ အသားမည်းမည်း မင်းစိန်ရဲ့ ရုပ်ကို စိတ်နဲ့မှန်းသာကြည့်ပေတော့။

ဒါနဲ့တောင် အဲ့ဒီသကောင့်သား မင်းစိန်က သူ့ကိုယ်သူ ရွာထဲက ဘယ်လိုမိန်းကလေးတွေနဲ့မှ တူတယ်တန်တယ်လို့ မထင်ဘူး၊ သူနဲ့ ထိုက်တန်တာ တစ်ယောက်ပဲ ရှိတယ်တဲ့။ အဲ့ဒီမိန်းကလေးကလည်း ဘယ်သူထင်တုန်း။

ရွာရဲ့ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင် အလှပဂေး သူကြီးသမီးလေးနှယ်၊ ရှေးတုန်းက စာဆိုတော်တွေ အလှဖွဲ့ခဲ့ကြတဲ့ မိန်းမချောတွေတော့ ဘယ်လောက်လှတယ် မသိဘူး၊ သူကြီးသမီးလေးနှယ်ကတော့ ဇော်တော့ကို လှတာ၊ ပြစ်မျိုးမဲ့မထင်ဆိုတာ တကယ့်ကို လေးနှယ်ရဲ့အလှပဲ ဖြစ်လေသည်။

ဒီလိုလှတဲ့ လေးနှယ်နဲ့ ပတ်သက်လို့ကတော့ မင်းစိန်ဆိုတဲ့ကောင်က တကယ့်ကို အရိုးကြေကြေ အရေခွမ်းခမ်းပဲ၊ လေးနှယ်နဲ့





ပတ်သက်ပြီး ဖြစ်လိုက်တဲ့ ပြဿနာဆိုတာလည်း ခဏခဏ၊ ကြာတော့ လေးနှယ်ရဲ့အလှကို ရွှန်းစပ်ချုပ်က ဘယ်ကာလသားမှ လေသံဟာဖို့မပြောနဲ့ မျက်စိလေးနဲ့တောင် ဝေ့မကြည့်ရဲကြတော့ဘူး၊ မင်းစိန်နဲ့ ပြဿနာဖြစ်ရမှာ စိုးကြလို့။

လေးနှယ်ကလည်း မင်းစိန်ဆို ကြည့်လို့ကို မရအောင် အော့ကြောလန်နေတာ ဒီတစ်ချက်လည်းပါမည် ထင်သည်။ နောက်ပြီး ဒီကောင့်အကျင့်က ဟိုနေရာ စပ်စပ်စုစု ဒီနေရာ စပ်စပ်စုစု သိပ်လုပ်ချင်တဲ့အကောင်၊ ဒါကြောင့်လည်း ရွာထဲမှာ စီခနဲ ပြဿနာတစ်ခုခု မဖြစ်လိုက်နဲ့ မင်းစိန်နဲ့ ဘယ်သူလဲသာမေး၊ သူကတော့ ဘိုင်သေပါပြီးသားပဲ။

အဲဒီကောင်ကို မီးခွက်မထွန်းဘဲနဲ့ကို ရွာမှာလှည့်ပတ်ပြီး ပြဿနာရှာ၊ ခဏခဏ သူကြီးထိပ်တုံးထဲ ရောက်နေရတဲ့ကောင်။

သူ့အမေ မုဆိုးမ ဒေါ်ပုံကြီးတို့သားအမိက မုဆိုးမသားအမိဆိုလို့ ဆင်းတောင်ဆင်းရဲ ချို့ချို့ငဲ့ငဲ့ မထင်လိုက်နဲ့ဦး ရွာမြောက်ပိုင်းမှာ သူတို့သားအမိနေတဲ့ ပျဉ်ထောင် သွပ်မိုးအိမ်ကြီးဆိုတာ သူကြီးအိမ်ပြီးရင် အကြီးဆုံးပဲ။ အဲဒီမှာ သူကြီးအိမ်ထက်ပိုတာ အိမ်အောက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်မှာ ဖွင့်ထားတဲ့ ကုန်စုံဆိုင်ကြီးပဲ။ တစ်ရွာလုံးက လူတွေဆိုတာလည်း မင်းစိန်အမေ ဒေါ်မိုကြီးရဲ့ ကုန်စုံဆိုင်က အကြွေးနဲ့ လွတ်တဲ့ လူဆိုတာ ဘယ်သူမှမရှိဘူး။ ဒါကြောင့်လည်း မင်းစိန်နဲ့ ပြဿနာဖြစ်တိုင်း ဆယ်ခါတစ်ခါမှ သူကြီးထံရောက်ကြရတာ နို့မို့များတော့ မင်းစိန်တို့ သူကြီးထိပ်တုံးကကို ထွက်ရမှာမဟုတ်တော့ဘူး။ ဒါက မင်းစိန်ရဲ့ 'ဇ'။

အဲဒီမှာ သူ့အပေါင်းအသင်း နောင်ပိန်တို့ ချက်ဖူးတို့ လုံထော်တို့ဆိုတဲ့ကောင်တွေဆိုလည်း ကြည့်ဦး။ ပြဿနာဖြစ်တတ်ကြတာတော့ မင်းစိန်နဲ့ သူမသာ ငါအလောင်းတွေချည်းပဲ။

ဒါပေမဲ့ သူတို့သုံးယောက်စလုံးက မင်းစိန်လို ပဇ္ဈည်းရှိ တောင့်တင်းကြတဲ့လူတွေ မဟုတ်ကြဘူး၊ သို့သော်လည်း 'ဇ' တစ်ယောက် တစ်မျိုးစီနဲ့ ဆိုးကြတဲ့ လူတွေချည်းပဲ။

နောင်ပိန်ဆိုတဲ့ကောင်က ရွာထဲမှာ ဘယ်အသုဘအိမ်ရှိသလဲလို့ အမြဲရှာနေတဲ့ တကယ့်ဖဲသမား၊ ဖဲရှုံးလို့ လက်ထဲ တစ်ပြားမှ မရှိတော့ဘူးဆိုပြန်တော့လည်း တွေ့ကရာ အလစ်သုတ် ကလိန်ကကျစ်ကျ လိမ်စားနေတဲ့ကောင်၊ ရုပ်ရည်ကလည်း မင်းစိန်နဲ့





နင်လားငါလားပဲ။ သူကတောင် မင်းစိန်ထက် ပိန်တာပိုသေး။ ဒါကြောင့်လည်း အရိုးနဲ့ ဂျောက်ဂျက်ဖြစ်နေတဲ့ သူ့ပုံနဲ့ လိုက်အောင် 'နောင်ပိန်' လို့ နာမည်ပေးထားသလားမှမသိ။

သူတို့ထဲမှ ချက်ဖူးနဲ့ လုံထော်တို့ နှစ်ယောက်ကျပြန်တော့ တစ်မျိုး၊ လူပုံတွေကသာ ကျားကိုးစီးစားလို့မကုန်တဲ့ ခန္ဓာကိုယ်ကြီးတွေ ထောင်ထောင်မောင်းမောင်းနဲ့ ဘာတစ်ခုမှ လက်ကြောတင်းအောင် လုပ်ချင်ကြတဲ့ အကောင်တွေမဟုတ်ဘူး။ အချိန်ရှိသရွေ့ ရွာမြောက်ပိုင်းက ကိုရင်ကြက်တော ထန်းရည်ဆိုင်မှာပဲ မိုးမလင်းတမ်းမူးရူးနေကြတဲ့ကောင်တွေ၊ ကိုင်း... ထားတော့....

အခုလည်း မင်းစိန်နဲ့အတူ ဒီသုံးကောင် ကိုရင်ကြက်တော ထန်းရည်ဆိုင်မှာ ထန်းရည်အိုးတွေ တစ်မြုပြီးတစ်မြု နွှားငတ်ရေကျ သောက်နေကြလေ၏။ တကားတော်ကတော့ ထုံးစံအတိုင်း မင်းစိန်ပဲ ဖြစ်၍ ထန်းရည်ဆိုင်ပိုင်ရှင် ကိုရင်ကြက်တောကလည်း သူတို့ထန်းရည်ဖိုးအဖြစ် သူ့အမေ ကုန်စုံဆိုင်က ခိုးယူလာခဲ့သော ငါးရံ့ခြောက်ပြားကြီးနှစ်ပြားကို ကိုကြက်တောကတော် ဒေါ်ဘုမဆီ ထားပြီးပြီ မဟုတ်ပါလား။ ဒါမှ မလောက်သေးလျှင်လည်း မင်းစိန်နာမည်

www.burmeseclassic.com



အကြွေးစာရင်းနဲ့ သူ့အမေအေါ်ပုံကြီးဆီ သွားတောင်း နည်းနည်းပါးပါး အဆူအပြောခံရတာလွဲလို့ မရမရှိ။ သူ့ ကုန်စုံဆိုင်က အကြွေးစာရင်းနဲ့ ညီမျှသည့် ဆန်ဆီဆား ငရုတ်ကြက်သွန်တွေ ထည့်ပေးလိုက်မြဲ။ ဒီလိုဆိုတော့ ကိုရင်ကြက်တောနဲ့ မင်းစိန်တို့အဖွဲ့က အပေးအယူညီမျှလို့ အေးအတူ သူနဲ့ကျွန်မဆိုသလိုကို ဖြစ်လို့။

ဒီလိုနဲ့ မင်းစိန်တို့ လေးကောင် ထန်းရည်သောက်နေကြတုန်း ကိုကြက်တော ထန်းရည်ဆိုင်ထဲကို သပြေတန်းရွာက စောကလဲနဲ့ သူ့ လူနှစ်ယောက် ပေါက်ချလာတော့သည်။

စောကလဲဆိုတဲ့လူက သူတို့ရွာနယ်တစ်ကြောမှာ ကရင်ကြီးဆိုတဲ့ နာမည်နဲ့ သောင်းကျန်းနေတဲ့ တကယ့်ထောင်ထွက် လူဆိုးလူမိုက်တစ်ဦး၊ ထောင်မကျခင်ကလည်း နာမည်ကျော် လက်ဝှေ့သမားတစ်ဦးဖြစ်၍ ဗလကြီးဆိုတာ ဟီးထနေ၏။ သာမန်လူနှစ်ယောက် သုံးယောက်နဲ့တော့ ကရင်ကြီးကို ဖြိုဖို့မလွယ်၊ ဒီကြားထဲ လက်စလက်နရှိတဲ့ ထောင်ထွက်လူမိုက်တစ်ယောက်ဖြစ်ပြန်တော့ သူတို့နယ်တစ်ကြောမှာ ကရင်ကြီးဟေ့ဆိုတာနဲ့ အားလုံးပွဲပြီး မီးသေလို့ဆိုရပေမည်။





ကရင်သင်တိုင်း အင်္ကျီနီနီရဲရဲကြီးနဲ့ လုံချည်လူးကြီးတစ်ကောင် အလား ထွားကျိုင်း ကြောက်မက်ဖွယ်ကောင်းလှတဲ့ ကရင်ကြီးစောကလဲက ဆိုင်ထဲသို့ တစ်ချက်ဝေ့ကြည့်လိုက်ပြီး သူ့လူနှစ်ယောက်နှင့်အတူ ဝိုင်းတစ်ဝိုင်းတွင် ဝင်ထိုင်လိုက်တယ်ဆိုရင်ပဲ မင်းစိန်တို့ဝိုင်းက လွဲပြီး ကျန်တဲ့ဝိုင်းက လူတွေဟာ အလျှိုအလျှိုနဲ့ ဆိုင်ထဲကနေပြီး အသာလစ်သွားကြတော့သည်။ သူတို့အနေနှင့်က ကရင်ကြီးဇကို သိရှိနေကြသည်ကိုး။ အဲဒီအချိန် ထန်းရည်ဆိုင်ပိုင်ရှင် ကိုရင်ကြက်တောကိုယ်တိုင်ပင် မျက်နှာမလှချင်တော့။

"ထိုင်...ထိုင်ကြပါ ဆရာတို့၊ ဘာသုံးဆောင်ကြပါမလဲ ခင်ဗျာ"

ကရင်ကြီး၏ ကြောက်မက်ဖွယ် မျက်စိမွေးမွေးကြီးက ကိုရင်ကြက်တောထံ ဒိုင်းခနဲ ရောက်လာသည်။

"မင်းက ဆိုင်ရှင်လား"

လေသံက မာမာ အနိုင်ထက်စီးနိုင်လှသည်။

"ဟုတ်... ဟုတ်ပါတယ်"

"အေး... ဒါဆိုရင် ငါတို့သောက်ဖို့ လောလောလတ်လတ်



www.burmeseclassic.com

www.burmeseclassic.com



ပင်ကျရည် သုံးမြို့ အရင်ယူလာခဲ့၊ ထန်းရည်ကောင်းပစေနော်၊ အွင်း… ခဏာနေဦး မင်းတို့ဆိုင်က ဘာအမြည်းတွေရှိလဲ''

''ဟို…ဟို… ပဲကြီးလှော်နဲ့ ငါးကြော်ပဲ ရှိတယ်ခင်ဗျ''

''ထွီ… တော်တော်ညံ့တဲ့ ထန်းရည်ဆိုင်ပဲ၊ ကြက်ကြော်လေး ဘာလေးတောင် မရှိဘူးကွ၊ ငါတို့က ဒီလိုအမြည်းတွေနဲ့ မမြည်းတတ်ဘူး၊ အခုချက်ချင်း ကြက်တစ်ကောင်ကြော်ပြီး ယူလာခဲ့။ ငါ ဘယ်သူလဲဆိုတာ မင်းသိလား''

တစ်ဖက်ပိုင်းမှ ကြားနေရသောအသံကြောင့် မင်းစိန်ခေါင်းထောင်ထသွားသည်။ သိတဲ့အတိုင်း မင်းစိန်ဆိုတဲ့အကောင်က လူကသာ ဖလံလေးရယ် စိတ်က အင်မတန်ကြီးတဲ့ကောင်။

မင်းစိန်အကြောင်းသိနေတဲ့ နောင်ပိန်ကလည်း သူ့ပုံစံကြောင့် ပြုံးပြုံးပျာပျာဖြစ်သွားသည်။ ပြီးတော့ လေသံတိုးတိုးဖြင့်…

''ဟိတ်ကောင် မင်းစိန် ဒီကောင်ကြီးက ကရင်ကြီးဆိုတဲ့ ထောင်ထွက် လူမိုက်ကြီးနော်''

နောင်ပိန် သတိပေးသံကြောင့် မင်းစိန် ပို၍ ခံပြင်းသလို ဖြစ်သွားမိသည်။





''ထောင်ထွက် လူမိုက်တိုင်း ကြောက်နေရမှာလားကွ၊ ဒါ သက်သက် တို့ရွာလာပြီး မိုက်ကြေးခွဲဗိုလ်လာကျတာကွ''

''ကိုယ်နဲ့ ဘာမှမဆိုင်ဘဲနဲ့ ကြားက ပြဿနာမဖြစ်ချင်စမ်းပါနဲ့ မင်းစိန်ရာ''

ချက်ဖူးကလည်း ကရင်ကြီး၏ ခန္ဓာကိုယ်ကြီးကို မသိမသာ အကဲခတ်ပြီး လေသံတိုးတိုးဖြင့် ဝင်ပြောသည်။

''ဘာကွ… ကိုယ်နဲ့ ဘာမှမဆိုင်ဘူး ဟုတ်လား၊ ကိုရင်ကြက်တောဟာ တို့ရွာသား မဟုတ်ဘူးလားကွ၊ ဘာလဲ… မင်းတို့ကောင်တွေ ဒီကောင်ကြီးကို ကြောက်နေကြလို့လား''

မင်းစိန်စကားကြောင့် နောင်ပိန်နှင့် ချက်ဖူးတို့ ငြိမ်ကျသွားသည့် လုံထော်ကတော့ ဘာမှဝင်မပြောဘဲ ငြိမ်နေ၏။ ဒါပေမဲ့ သူ့မျက်လုံးများကလည်း ဟိုနှစ်ကောင်လို လူမိုက်ကရင်ကြီးအပေါ် ရွံ့ပိန်နေမှန်း သိသာနေလေ၏။

မင်းစိန် သူ့ လူသုံးယောက်ပုံစံကို တစ်ချက်ကြည့်ကာ မခိုးခနဲ့ပြုံးလိုက်သည်။

ထိုအချိန် သူ့အသံကြောင့် လူမိုက်ကရင်ကြီးကလည်း သူတို့



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဆီသို့ အကြည့်ရောက်လာသည်။ ပြီးတော့ အမွေးတစ်မျှင်မျှမရှိ တော့သော ပြောင်ချောချောမျက်ခုံးကြီးကို ကွန့်၍…

"ယောကောင်တွေ ဒီဆိုင်[illegible]ကို့အမွေလင်ဆိုင်မို့ ဆူညံဆူညံ လုပ်နေကြတာလား၊ ဟိုကောင် လူ[illegible]တော့ ချွေးပစ်တဲ့တုတ်လောက် နဲ့ မင်း ဘယ်သူလဲ"

ကရင်ကြီး၏ ရင့်သီးသောစကားများကြောင့် မင်းစိန်၏ သွေး များ ဆူပွက်သွားလေသည်။ ပြီးတော့ သူ ကရင်ကြီးအား မလေးမခန့် ဖြင့် ပြန်ကြည့်၍…

"ကျုပ်နာမည် မင်းစိန်၊ ဒီရွာမှာတော့ မသိတဲ့လူ မရှိဘူး၊ နေစမ်းပါဦး ခင်များကရော ပြီတွာခန္ဓာကိုယ်ကြီးနဲ့ ကရင်ကြီးဆိုတဲ့ ငနဲကြီးလား"

မင်းစိန် သိသိရက်ကြီးနှင့် တမင်မေးလိုက်ခြင်းဖြစ်၏။ အမေး ခံရသော ကရင်ကြီးတော့မသိ၊ နောင်ပိန်တို့သုံးယောက်ကတော့ မင်းစိန် လုပ်ပုံကြောင့် ဆံပင်မွေးများပင် ထောင်ထသွားကြသည်။ ဒါကိုပဲ သကောင့်သားမင်းစိန်က သူတို့သုံးယောက်ဘက်သို့ လှည့်၍ မပူ စမ်းပါနဲ့ကွာ ဟူသော အကြည့်မျိုးဖြင့် တစ်ချက်ကြည့်ကာ ပြုံးပြလိုက်





သေး၏။ ထိုအချိန် လူမိုက်ကရင်ကြီးကတော့ ဤမျှ မလောက်လေး မလောက်စားကောင်လေးတစ်ယောက်မှ မခိုးမခန့် ပြန်မေးခြင်းခံလိုက် ရသဖြင့် ပထမ အံ့အားသင့်သွားရာမှ ဒေါသထွက်သွားကာ နေရာ မှ ဝုန်းခနဲ ထရပ်လာလေသည်။

"ဘာကွ… မင်းလို မလောက်လေးမလောက်စားကောင် လေးကများ ငါ့ကို ပြန်မေးနေတယ် ဟုတ်လား"

အဲဒီအချိန်ထိ အာဂမင်းစိန်ကတော့ အိနြေပင်မပျက်သေး၊ တကယ်ဆို သူ့ခန္ဓာကိုယ်လေးက လူမိုက်ကရင်ကြီး၏ လက်မောင်း ကြီးတစ်ဖက်စာပင်မရှိ။ နောင်ပိန်တို့သုံးဦးကတော့ ဒီတစ်ခါဖြင့် မင်းစိန် အသုဘတွင် သူတို့ ဖဲရိုက်ရပေတော့မည်ဟု ထိတ်လန့်စွာ တွေးလိုက် မိကြသည်။ အဲဒီအချိန်မှာပဲ မင်းစိန်က သူ့ခန္ဓာကိုယ်သေးညှပ်ညှပ်လေး ဖြင့် ဝါးစားပွဲခုံပေါ်သို့ ဖတ်ခနဲ ခုန်တက်လိုက်ပြီး အံ့ဩစရာကောင်း လွန်းလှသော သတ္တိမျိုးဖြင့်…

"ဒီမှာ ကရင်ကြီး ခင်ဗျားလည်း ခင်ဗျားနယ်မှာ ဗိုလ်လုပ်ပြီး သောင်းကျန်းနေတဲ့ လူမိုက်တစ်ယောက်ဆိုပေမဲ့ ခင်ဗျားအနေနဲ့ စကား ပုံတစ်ခုကိုတော့ သိထားဖို့ကောင်းတယ်။ ဟင်းဟင်း… ကိုယ့်နယ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ကြက်ဖ သူများနယ်မှာ ကြက်မတဲ့ဗျ။ ကျုပ်ကတော့ ဒီရွာမှာ ကြက်ဖပဲ၊ ခင်ဗျားသတ္တိရှိရင် ကျုပ်နောက်သာ လိုက်ခဲ့ပေတော့"

ပြောပြီး သုတ်ခနဲ မင်းစိန် ထန်းရည်ဆိုင်ထဲက ပြေးထွက်သွားတော့သည်။ လူမိုက်ကရင်ကြီးကလည်း မင်းစိန့်၏ စိန်ခေါ်မှုကြောင့် ရှူးခနဲ နှာမှုတ်သံကြီးပေးကာ မင်းစိန်ပြေးထွက်သွားရာနောက်သို့ နွားသိုးကြီးတစ်ကောင်အလား ဝေါခနဲ ပြေးလိုက်သွားလေတော့၏။

ထန်းရည်ဆိုင်ပိုင်ရှင် ကိုရင်ကြက်တောရော နောင်ပိန်တို့အားလုံးပါ တားမြစ်ချိန်၊ ဖြန်ဖြေချိန်မရလိုက်တော့...။

□





ရွာသားအားလုံး သူကြီးအိမ်မှာ စုရုံးပြီး ပျာယာခတ်နေကြရပြီ။ အဲဒီအထဲမှာ မင်းစိန့်အမေ ဒေါ်ဖုံကြီးဆိုတာ တောင်ပြေးမြောက်ပြေးနဲ့။

'အောင်မလေး ကျုပ်သားလေးကို မကယ်နိုင်ကြတော့ဘူးလား အရပ်ကတို့ရဲ့' ဆိုပြီး ငိုငိုပြီး တက်တက်သွားနေလို့ ပြုစုကြရတာ တစ်မျိုး။

အဲဒီအချိန် ချွေးသံရွှဲရွှဲ ဖုံမှုန့်အလိမ်းလိမ်းနဲ့ ကိုရင်ကြက်တောအပါအဝင် နောင်ပိန်တို့ လူစုကတော့ သူကြီးရှေ့မှာ ငုတ်တုတ်ကလေးတွေ ထိုင်လို့၊ သူတို့ခမျာလည်း ထန်းတောကနေ သူကြီးအိမ်အထိ



www.burmeseclassic.com

www.burmeseclassic.com



ပြေးလာကြရလို့ လျှာအလျားလိုက် ထွက်ပြီး စကားတောင် ကောင်းကောင်းမပြောနိုင်ကြသေးဘူး။

သူကြီးကိုယ်တိုင်ပင် သူ့နှလုံးပြူးသေနတ်ကြီး တကားကားဖြင့် ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေ၏။ ခဏအကြာမှ နောင်ပိန့်တို့ လေးဦးဘက်သို့ လှည့်၍…

"မင်းတို့ပြောတဲ့အတိုင်း သေချာတယ်နော် ဟဲ့ကောင်တွေ"

"သေ…သေချာပါတယ် သူ…သူကြီး"

ကို…ကိုကြက်တောနှင့် နောင်ပိန့်တို့သုံးဦး မောနေရာမှ ပြိုင်တူပြောလိုက်သည်။

"အေး… ဒါဆိုရင်တော့…"

သူကြီးစကားကို လေရှည်ဆွဲရင်းမှ စဉ်းစားဟန်ပြုသည်။ ခဏအကြာမှ…

"ကျောက်ခဲ… ဟေ့ကျောက်ခဲ လာစမ်း၊ မင်းအိမ်ပြန်ပြီး လှည်းကောက် မြန်မြန်လုပ်"

သူကြီးအမိန့်ကြောင့် ကိုကျောက်ခဲမျက်လုံးလေး ကလယ်ကလယ်နဲ့ သူ့အိမ်ဘက်သို့ ပြန်ပြေးသွားသည်။ ဒီလောက်အရေး





ကြီးနေတဲ့ကြားက လှည်းကောက်နိုင်းလိုက်တဲ့ သူကြီးကိုလည်း ကိုကျောက်ခဲ နားမလည်နိုင် ဖြစ်နေ၏။ ဘယ်နှယ့် ဒီလောက်သေရေးရှင်ရေး အရေးကြီးနေတဲ့ အချိန်မှာမှ လှည်းကောက်နိုင်းနေရတယ်လို့ နားလည်းက ဘာလုပ်ဖို့တုန်း၊ သူကြီးစီးဖို့လား၊ ဒါမှမဟုတ် ခဏခဏ တက်တက်နေတဲ့ ဒေါ်ဗုံကြီးကို တင်သွားဖို့လား… ကိုကျောက်ခဲ နားမလည်နိုင်တော့ သူကြီးမို့လို့ မမေးရဲလို့သာရယ်။

အဲဒီအချိန် ကိုကျောက်ခဲမှ မဟုတ်ဘူး၊ လှည်းကောက်နိုင်းလိုက်တဲ့ သူကြီးအပေါ် လူတိုင်းလည်း မျက်လုံးလေးတွေ ကလယ်ကလယ်နဲ့ နားမလည်ဖြစ်နေကြ၏။ ဒါပေမဲ့ သူတို့အားလုံးထက် ဦးနှောက်ကြီးလို့ သူကြီးလုပ်နေတဲ့ သူကြီးဦးဘိုးထွန်း လှည်းကောက်နိုင်းလိုက်တာက သူစီးဖို့လည်း မဟုတ်ဘူး၊ ဒေါ်ဗုံကြီးကို တင်သွားဖို့လည်း မဟုတ်ဘူး၊ သူ့မဟာဦးနှောက်နဲ့ တွေးလိုက်တာက ဟိုဘက် သပြေတန်းရွာက လူမိုက်ကရင်ကြီးဆိုတာက တကယ့်ထောင်ထွက်လူမိုက် လက်စလက်နလည်း အင်မတန်ရှိ အင်မတန်ယဉ်တဲ့ကောင်၊ သူ့အတွက် လူသတ်ရတယ်ဆိုတာ ကြက်တစ်ကောင် လည်လိမ်ချိုးသလောက်ရှိတာ၊ သူ့ရွာသားမင်းစိန်ဆိုတဲ့ကောင်က ဆိုးပေ

www.burmeseclassic.com



တေနေတာကလွဲပြီး ဘာမှအဖြစ်မရှိတဲ့ကောင်၊ ပြီးတော့ လူပုံစံကလည်း လေတိုက်ရုံနဲ့ လဲမယ့်ပုံစံ၊ ဒီတော့ အခုလောက်ရှိ မင်းစိန်ဆိုတဲ့ကောင် လူမိုက်ကရင်ကြီး လက်ချက်နဲ့ အလောင်းပင် လူရုပ် ပီပြင်ရင် ကံကောင်း၊ ခုချိန်မှ သူတို့အနေနဲ့ လိုက်သွားလည်း အလောင်းပြန်ကောက်လာရုံမှအပ ဘာမှ မတတ်နိုင်တော့ ပြီးမှ မြို့က ဂါတ်ထဲသွားပြီး သတင်းပို့ အလောင်းကို တစ်ခါတည်း မြို့ဆေးရုံပို့ဆိုလည်းပို့၊ ဒီအတွက် အခုကတည်းက လှည်းကောက်ခိုင်းလိုက်တ လူအများအပေါ် အုပ်ချုပ်နေရတဲ့လူဆိုတော့လည်း ဘယ်အရာလုပ်လုပ် တစ်ခါတည်း ဦးနှောက်ပါသုံးပြီး အလုပ်လုပ်ရပေမပေါ့။

မကြာပါဘူး၊ လှည်းကောက်ခိုင်းလိုက်တဲ့ ကိုကျောက်ခဲ မလာမီမှာပဲ သူကြီးက…

"ကိုင်းဟေ့… တို့အားလုံး အခုချက်ချင်း လိုက်ကြမယ်၊ ဟိုကောင်လုဖေ ကျောက်ခဲလှည်းကို စောင့်ပြီးမှ တစ်ခါတည်းလိုက်လာခဲ့တော့"

သူကြီးအမိန့်သံကို ဒီလိုကြားလိုက်ကြရမှ မင်းစိန်အတွက် စိတ်ပူစိတ်လောနေကြတဲ့လူတွေအားလုံး ဟင်းခနဲ သက်ပြင်းတွေ ကိုယ်





စီချလိုက်ကြပြီး ကိုရင်ကြက်ဖောတို့ပြောတဲ့ ဦးဖိုးငွေကွင်းရှိတဲ့နေရာကို သူ့ထက်ငါ ပြေးလိုက်ကြတာဆိုတာ ရွာလယ်လမ်းမကြီးတစ်လျှောက် ဖုန်လုံးကြီးတွေကို မွှန်ထူသွားပါလေရော။

အဲဒီအချိန် နှစ်လုံးပြူးသေနတ်ကြီးတကားကားနဲ့ သူကြီးကတော့ ရှေ့ဆုံးကပေါ့။

❑



www.burmeseclassic.com

www.burmeseclassic.com



သူကြီးတို့ လူအုပ်ကြီး ကိုရင်ကြက်တော ထန်းတောနံဘေးက ဦးဖိုးငွေကွင်းအနီးရောက်သွားကြတော့ သရက်ပင်တွေ ဝိုင်းရံထားတဲ့ မြက်ကွင်းကြီးတစ်ခုလုံးဟာ ကြောက်မက်ဖွယ် တိတ်ဆိတ်ငြိမ်သက်လို့နေသည်။

သူကြီးကတော့ သူတွေးထားတဲ့အတိုင်း မှန်ပေပြီဆိုပြီး ရင်တထိတ်ထိတ်နဲ့ ရှေ့ဆုံးကနေပြီး စပ်မြင့်မြင့်ဖြစ်နေတဲ့ မြက်ကွင်းကြီးဆီ ပြေးတက်သွားသည်။ သူ့နောက်က ရွာသားတွေဆိုတာလည်း မင်းစိန်အတွက် ရင်တမမနဲ့ သူကြီးနောက်က တအုံတနဲ့ကြီး လိုက်သွားကြလေရဲ့။





ဒါပေမဲ့ သူတို့အားလုံး မြက်ကွင်းကြီးအစပ်ထိ ရောက်သည်အထိ ကွင်းထဲမှာကျောင်းထားတဲ့ ဦးဖိုးငွေသမက် ကိုပေတိုးရဲ့ ကျွဲတွေကလွဲပြီး ဘာမှ မမြင်ကြရသေးဘူး။

ဒါနဲ့ တောင်မြောက်လေးပါးကို သူတို့ ရှာဖွေကြည့်နေတုန်း ဗြုန်းဆို ဟိုဘက်ထိပ်ကွင်းစပ်ကနေပြီး တလိမ့်လိမ့်နဲ့ ပြေးလာကြတဲ့ လူနှစ်ယောက်ကို သူတို့အားလုံး စမြင်လိုက်ကြရလေတော့၏။

"ဟာ... ဟေ့... ဟိုဘက်ကွင်းစပ်က ပြေးလာတာ လူနှစ်ယောက်မဟုတ်လားဟေ့၊ ဘယ်သူတွေတုန်း"

ဆိုတဲ့ သူကြီးသံအဆုံး လူအုပ်ကြီးကလည်း ဝေါခနဲ အဲဒီပြေးလာတဲ့ လူနှစ်ယောက်ဆီ ဦးတည်ပြီး ပြေးသွားကြတော့သည်။

ဟိုဘက်ကွင်းစပ်ကနေ ပြေးလာကြတဲ့ လူအုပ်ကြီးကြောင့် နောက်ပြန်လှည့်ပြီးပဲ ပြေးရတော့မလိုလို ရှေ့ဆက်ပြီးပဲ ပြေးရတော့မလိုလို ဖြစ်ပြီး နေရာတွင် ကြောင်၍ ရပ်နေမိကြလေတော့၏။

အဲဒီအချိန်မှာပဲ ဝိုင်းဝန်းပြီး ပြေးသွားကြတဲ့ လူအုပ်ကြီးက သူတို့နှစ်ဦးကို ဝိုင်းမိသွားကြတော့သည်။

ရွာသားတွေ သူတို့ဝိုင်းမိထားတဲ့ လူနှစ်ယောက်ကို ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မျက်မှောင်ကုတ်သွားကြရလေ၏။

ထင်ထားသလို သူတို့ရွာထဲက ရွာသားများမဟုတ်ဘဲ မျက်နှာစိမ်းလူနှစ်ယောက်ဖြစ်နေမှုကို…

"ဟော့လူတွေ ခင်ဗျားတို့နှစ်ယောက် ဘယ်ကလူတွေလဲ"

ရှေ့ဆုံးက ရောက်သွားတဲ့ ရွာသားတစ်ယောက် လှမ်းမေးသံအဆုံး အတူပါလာကြတဲ့ ကိုရင်ကြက်တောနဲ့ နောင်ပိန်တို့သုံးဦးက ဒီလူနှစ်ယောက်ကို ချက်ချင်း မှတ်မိသွားကြသည်။ လူမိုက်ကရင်ကြီးနဲ့အတူပါလာကြသည့် လူနှစ်ယောက်ဖြစ်နေမှုကို။

အဲဒီအချိန် နှစ်လုံးပြူးသေနတ်ကြီးတကားကားနဲ့ သူကြီးကလည်း အနားရောက်လာပြီး မကိုင်ရတာကြာပြီဖြစ်တဲ့ သူ့နှစ်လုံးပြူးသေနတ်ကြီးနဲ့ အကျအန ချိန်ရွယ်လိုက်ပြီး…

"ပြောကြစမ်း မင်းတို့ ဘယ်သူတွေတုန်း၊ ဒီနေရာကို ဘယ်လိုလုပ်ရောက်လာကြတာတုန်း"

လူစိမ်းနှစ်ယောက်ပုံစံလည်း အကြောက်လွန်ပြီး တစ်ကိုယ်လုံးတဆတ်ဆတ်တုန်ယင်နေပြီး မျက်လုံးအကြောင်သားလေးတွေနဲ့ တော်တော်နဲ့ မဖြေနိုင်ကြဘူး၊ အဲဒီမှာမှ နောင်ပိန်က…





"သူကြီး အဲဒါလူမိုက်ကရင်ကြီးနဲ့ပါလာကြတဲ့ လူနှစ်ယောက်ဗျ၊ ဖမ်းထား… ဖမ်းထား" ဆိုပြီး အော်လိုက်တာနဲ့ သူကြီးတောင် အမိန့်မပေးလိုက်ရသေးဘူး၊ ရွာသားတွေဆိုတာ ဝုန်းခနဲ ကြောင်နေတဲ့ လူနှစ်ယောက်အပေါ် ခုန်အုပ်ပြီး ဖမ်းလိုက်ကြတော့သည်။ ထိုအခါမှ လူစိမ်းနှစ်ယောက်ဆီက အသံတွေ ထွက်လာကြတော့၏။

"အား… အောင်မလေး ကြောက်ပါပြီဗျ၊ နောက်မလာတော့ပါဘူးဗျ"

ရွာသားတွေ လက်သံပြောင်ပြောင်နဲ့ လက်လှန်ချိုးထားတဲ့သူကချိုး၊ လည်ကုတ်ကိုင်ညှစ်ထားတဲ့လူက ကိုင်ညှစ်နဲ့ လူစိမ်းနှစ်ယောက်ခမျာ ဖားရိုက်သူလက်ထဲ ရောက်သွားကြတဲ့ ဖားပေါင်စင်းနှစ်ကောင်လို ဖြစ်နေတုန်း သူကြီးကလည်း သူ့နှစ်လုံးပြူးသေနတ်နဲ့ လူစိမ်းတစ်ယောက်ရဲ့ နဖူးကို ထပ်ချိန်ပြီး …

"ဟိတ်ကောင်တွေ လူသတ်ပြီး ထွက်ပြေးသွားတဲ့ မင်းတို့လူကရင်ကြီး ဘယ်ရောက်သွားလဲ၊ ငါ့ကိုလိမ်ဖို့တော့ မကြိုးစားကြနဲ့နော်၊ ဘိုးတွန်းတဲ့ တစ်တွန်းတည်း ရှိတယ်။ မင်းတို့ထက်မိုက်လို့အဲ… မင်းတို့ထက် ဦးနှောက်ရှိလို့ သူကြီးလုပ်နေတာကွ၊ မှန်မှန်ပြော



www.burmeseclassic.com

www.burmeseclassic.com



ကြစမ်း၊ ငါ့ရွာသား မင်းစိန်အလောင်းရော ဘယ်မှာလဲ''

သူကြီးစကားကြားမှ ဟိုနှစ်ယောက် ဖားရိုက်သူလက်ထဲက နေ ဟင်းချက်မယ့် သူ့မိန်းမလက်ထဲ ရောက်သွားရတဲ့ ဖားနှစ်ကောင် လို မျက်လုံးလေးတွေ အပြူးသားဖြစ်ကုန်သည်။

''ကျွန်...ကျွန်တော်တို့ဆရာ ကရင်ကြီး ဟို...ဟို''

သကောင့်သားစကားတောင် ဆုံးအောင် မပြောလိုက်ရဘူး...

''ပြောစမ်း ဘယ်ဘက်ကို ထွက်ပြေးသွားသလဲ၊ ရာဇဝတ်ဘေး ဆိုတာ ပြေးလို့လွတ်မယ် ထင်သလားကွဟေ''

''မ...မဟုတ်ဘူး ခင်ဗျ၊ ဟို...ဟို....''

''ဘာမဟုတ်တာလဲ၊ တယ်... ငါပစ်ထည့်လိုက်ရ ခေါင်း တော့ ရှစ်စိတ်ကွဲတော့မှာပဲ ဘယ်မလဲ ပြောစမ်း မင်းတို့ မင်းစိန်ကို ဘယ်နား သတ်ပစ်ခဲ့ကြသလဲ''

''ဟို...ဟို...မ...မဟုတ်ဘူးခင်ဗျ''

ဟိုနှစ်ကောင်ကလည်း သူကြီးစိတ်မရှည်စရာ၊ မဟုတ်ဘူးချည့် ဘူးခံနေပြန်ရာ...

''ကိုင်း... ဒါလောက်ဖြစ်လှတာ''





''ဖြောင်း''

''အောင်မလေးဗျ... မ...မဟုတ်ဘူး''

သိတဲ့အတိုင်းပဲ သူကြီးကလည်း စိတ်မြန်ကိုယ်မြန်သမားဆို တော့ တီးထည့်လိုက်တာ ဖက်ပိုးကို ဖြောင်းခနဲပဲ၊ ဒါတောင် ဒီကောင် တွေ ပါးစပ်က မဟုတ်ဘူး၊ ထွက်လာသေးပြန်တော့ သူကြီး ဒေါသ ဖြစ်ဖြစ်နဲ့ ဆက်ပြီး သမလိုက်သမှ ဆိုတာ...

''ဖြောင်း''

''ဖွက်''

''ဒုတ်''

''ဘုန်း''

''အောင်မလေးဗျ ကြောက်ပါပြီဗျ၊ သေပါပြီဗျ''

သူကြီးက လက်သံပြောင်ပြောင်ဆိုတော့ ဟိုနှစ်ကောင်လိမ့် နေတော့တာပဲ၊ ဒါတောင်...

''ဗုန်း''

''အမယ်လေး မ...မဟုတ်ပါဘူးခင်ဗျ''

''ဘာမဟုတ်တာလဲ ကိုင်းကွာ''



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း"

"အား… သေပါပြီဗျ။ မဟုတ်ရပါဘူးဗျ"

ကြာတော့ သမရလွန်းလို့ သူကြီးလက်လည်းနာ မောလည်း မောဖြစ်လာသည်။

"ဟောဟဲ… ဟိုတ်ကောင်တွေ ဟောဟဲ မင်း… မင်းတို့ ခုထိမပြောသေးဘူးလားကွ ဟောဟဲ"

"အီး… ဟီးဟီး မဟုတ်ပါဘူးဆိုနေ ဟို…"

ဟိုနှစ်ကောင်ကလည်း နာလွန်းလို့ထင်၏။ နှစ်ယောက်သား အီးခနဲငိုချကာ တစ်စုံတစ်ခုကို ပြောမလို လုပ်နေတုန်း…

"ဟား…ဟား…ဟား…ဟား…"

သူတို့အားလုံး အသံဝါကြီးနဲ့ ရယ်မောလိုက်တဲ့ အသံကြီးကို ပထမဆုံး စပြီး ကြားလိုက်ကြရလေတော့သည်။

အားလုံး ရယ်သံကြီး ထွက်ပေါ်လာသည့် တစ်ဖက်ကွင်းစပ်ဆီသို့ ခေါင်းကလေးတွေ ပြိုင်တူပင် လှည့်သွားကြ၏။ တကယ်ကို ညီမှညီလို့ ဆိုရမယ်။ သူကြီးဆို ထိတ်ခနဲတောင် ဖြစ်သွားသည်။ ဟို လူသတ်ကောင် ကရင်ကြီး ထွက်မပြေးဘဲ သူတို့ကိုပါ ရန်ရှာ





တော့မလားဆိုတဲ့ အတွေးနဲ့ရယ်… ဒါပေမဲ့ နောက်ဆက်တွဲထွက်လာတဲ့အသံက…

"ဟား…ဟား… မင်းစိန်တဲ့ကွ တစ်စိန်တည်းရှိတယ်။ နောက်တစ်စိန်ရှိရင် စွတ်ပြုတ်သောက်ပစ်မယ်၊ ဘာမှတ်သလဲ ဟား… ဟား… အခု မင်းစိန်အကြောင်း ကောင်းကောင်းသိပြီ မဟုတ်လား၊ ကြက်ဖက ကြက်မကို ဘယ်လိုဥပေးအောင် လုပ်လိုက်တယ်ဆိုတာ တွေ့ပြီမဟုတ်လား…ဟား…ဟား…ဟား…ဟား…"

ဒါ…ဒါ…မင်းစိန်…မင်းစိန်ရဲ့အသံမှ မင်းစိန်ရဲ့အသံအစစ် သူတို့အားလုံး အအံ့သြကြီး အံ့သြပြီး ကြက်သေသေမောသွားကြတုန်း…

"အီးဟီး… အဲဒါပြောတာပေါ့ မဟုတ်ပါဘူးလို့ ဆိုနေ"

သူကြီးအပါအဝင် ရွာသားတွေ ခေါင်းတွေအားလုံး သူတို့လက်က လူနှစ်ယောက်ဆီ ရိပ်ခနဲ ပြန်ရောက်သွားကြသည်။

အဲဒီ့အချိန်မှ ငိုနေတဲ့ လူတစ်ယောက်က…

"အဟီး…အီး… မဟုတ်ပါဘူးဆို ရမ်းပြီး သမနေတယ်။ ကျွန်…ကျွန်တော်တို့ဆရာကရင်ကြီးက ခင်ဗျားတို့ရွာသား ဟိုဆရာ



www.burmeseclassic.com

www.burmeseclassic.com



လေးကို သမနိုင်ဖို့နေနေသာသာ သူ…သူ…သူ့ပညာနဲ့ ဆရာကရင်ကြီးကို တီးထည့်လိုက်လို့ ကျွန်တော်တို့ဆရာ လူစင်စစ်က ကြက်ဥတွေ ဥ…

"ဘာ…"

သူကြီးထိတ်လန့်တကြား ရေရွတ်လိုက်တဲ့ ဘာသံကြီးကြောင့် ပြောနေတဲ့လူ တွန့်သွားသည်။

အဲဒီအချိန်မှာပဲ တစ်ဖက်ကွင်းစပ်နေရာကနေ မင်းစိန်ပေါ်လာသည်။ မင်းစိန်ကိုလည်း မြင်လိုက်ရရော ဟိုငိုနေတဲ့နှစ်ကောင် အခုနငိုသံတွေ ရပ်သွားပြီး မျက်လုံးတွေ ပြူးထွက်သွားသည်။ သူတို့ပုံစံက မင်းစိန်ကို တကယ်တစ္ဆေ သူရဲ ဘီလူးကြီးတစ်ကောင်အလား အထိတ်တလန့်ကြီးလန့် အကြောက်ကြီးကြောက်နေကြတဲ့ ပုံစံမျိုး။

မကြာပါဘူး၊ နှစ်ကောင်သား ဖြုန်းဆို သူကြီး ခြေသလုံးကို တစ်ယောက်တစ်ဖက်ဆီ ဝင်ဖက်လိုက်ပြီးတော့…

"လုပ်…လုပ်ပါဦး သူ…သူကြီး ဟို…ဟိုမှာ လာနေပြီ ကျွန်…ကျွန်တော်တို့ကို ကယ်ပါဦး။ ကျွန်တော်တို့ မပါတဲ့အကြောင်း ပြော…ပြောပေးပါဦး။ ကျွန်တော်တို့ မပါပါဘူးဗျ အီး…"

သူ့ရဲကောင်းစာပေ



မင်းစိန်ကို မြင်လိုက်ရရုံနဲ့ ဒီလောက်တုန်လှုပ်ကြောက်ရွံ့နေကြတဲ့ လူနှစ်ယောက်ကို ကြည့်ပြီး ရွာသားတွေ အံ့သြနေကြသည်။ သူကြီးကိုယ်တိုင်ပင် သူ့ခြေရင်းက လူနှစ်ယောက်ကိုကြည့်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဖြစ်နေ၏။ အဲဒီအချိန် ကိုရင်ကြက်တောတဲ့ နောင်ပိန်တို့ သုံးဦးကတော့ သူတို့လူ မင်းစိန်ထံကို ဝမ်းသာအားရနဲ့ ပြေးထွက်သွားကြတော့သည်။

"ဟာ… မင်း…မင်းစိန် မင်း…မင်း ဘာမှမဖြစ်ဘူးနော်"

"ဟို…ဟို…ကောင်ကြီးရော ဘယ်ရောက်သွားသလဲ"

တစ်ယောက်တစ်ပေါက် ဝမ်းသာအားရနဲ့ ဝိုင်းမေးနေကြတာကို မင်းစိန်က ပါးစပ်နှင့်မဖြေ၊ သူ့ကြက်ရင်သားသာ ရင်ဘတ်ကလေးကို ကော့ပြီး ဟန်ပါပါနဲ့ သူ့နောက်ဘက်ကို လက်မကလေးထောင်ပြီး ညွှန်ပြလိုက်သည်။ နောင်ပိန်တို့ လေးဦး မင်းစိန်ညွှန်ပြလိုက်တဲ့ နောက်ဘက်ဆီကို လှမ်းကြည့်လိုက်ကြတော့…

"ဟင်…"

"ဟာ…"

"အလို…"

သူ့ရဲကောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့အသကျယ်ကြီးတွေ သူတို့ပါးစပ်တွေက အံ့သြတကြီး ခုန်ထွက်သွားရလေတော့သည်။ ကြည့်ပါဦး သူတို့လေးယောက်စလုံး မြင်လိုက်ရတာက မြက်ပင်ရှည်တွေကြားတစ်နေရာမှာ ခြေထောက်ကြီးနှစ်ချောင်း မိုးပေါ်ထောင်ပြီး သတိလစ် မေ့မျောနေတဲ့ လူမိုက်ကရင်ကြီး။

ဝတ်ထားတဲ့ ကရင်သင်တိုင်အင်္ကျီကြီးဆိုတာလည်း ရစရာမရှိအောင် ဖွာလံစုတ်ပြတ်လိုက်နေ၏။ ပြီးတော့ ကရင်ကြီးမျက်နှာတစ်ခုလုံးမှာလည်း ညိုမည်းဖူးယောင်ပေါက်ပြဲနေတဲ့ ဒဏ်ရာ ဒဏ်ချက်တွေနဲ့။

အဲဒီထက် ထူးဆန်းတာကတော့ မရှိသေးစကားနဲ့ ပြောရရင် ကရင်ကြီးရဲ့ဖင်မှာ ဝါဝါအရောင် ပျစ်ချွဲချွဲအရည်တွေ စိုရွှဲနေပြီး အဲဒီအောက်မှာတော့ လောလောလတ်လတ် ထွက်ကျထားဟန်ရှိတဲ့ ကြက်ဥနှစ်လုံး နောင်ပိန်တို့မျက်လုံးတွေ ပြူးသွားကြတာများ အဲဒီကြက်ဥနှစ်လုံးနဲ့အပြိုင် မကြာပါဘူး၊ သူတို့အနီးရောက်လာကြတဲ့ သူကြီးနဲ့ရွာသားတွေဆိုတာလည်း သူတို့တစ်သက် ဒီလောက်အံ့သြဖွယ်ကောင်းတဲ့ လူမိုက်ကရင်ကြီးရဲ့ အဖြစ်ကို ကြည့်ပြီး အံ့သြထိတ်လန့်သွားကြ





တာ မပြောပါနဲ့တော့ အဆိုးဆုံးကတော့ ကရင်ကြီးရဲ့ ခါး သွင်သွင်ကျိုးနေတဲ့အဖြစ်ပဲ။ စဉ်းစားလို့ကို မရကြတော့ဘူး၊ သူပြောတဲ့အတိုင်း မင်းစိန်ဆိုတဲ့အကောင် ကရင်ကြီးကို ခါးကျိုးပြီး ဖင်ထဲက ကြက်ဥတွေ ထွက်ကျလာအောင် ဘယ်လိုတွေများ လုပ်လိုက်သလဲဆိုတာကို သူကြီးပင် မင်းစိန်ကို တော်တော်လန့်သွား၏။ ဒီလိုကောင်က သူ့သမီးကို ချိန်နေတဲ့အကြောင်းလည်း တွေးလိုက်မိရော တစ်ခါတည်း သူကြီးခမျာ ချွေးဖောတောင် ပြန်ထွက်သွားရတော့သည်။

နောက်ဆုံးတော့ မင်းစိန်အတွက်ဆိုပြီး ကောက်နိုင်းခဲ့တဲ့ ကိုကျောက်ခဲ နွားလှည်းက လူမိုက်ကရင်ကြီးအတွက် ဖြစ်သွားတော့သည်။ လူမိုက်ကရင်ကြီးနဲ့ အတူပါလာခဲ့ကြတဲ့ ဟိုနှစ်ယောက်မပြောနဲ့ သူကြီးနဲ့ ရွာသားတွေအားလုံး အဲဒီအဖြစ်အပျက်ကစပြီး မင်းစိန်ကို တော်တော်လန့်သွားကြလေတော့သည်။

အဲဒီကစပြီး အရင်တုန်းက မင်းစိန်ကို မခန့်လေးစား ဆက်ဆံခဲ့ကြတဲ့ ရွာသားတွေလည်း မင်းစိန်ကို အရင်လို မဆက်ဆံဝံ့တော့ သူကြီးကိုယ်တိုင်တောင် အဲဒီအချိန်ကစပြီး မင်းစိန်ကို မျက်နှာချိုသေးနဲ့ ဆက်ဆံတော့တာဆိုတော့ စဉ်းစားသာကြည့်ပေတော့ ဒီကြားထဲ



www.burmeseclassic.com

www.burmeseclassic.com



မင်းစိန်ပြောပုံကလည်း ကြည့်…

"ဟင်းဟင်း… ကျုပ်က ကိုယ့်ရွာသားအချင်းချင်းမို့ ဒီလို မလုပ်ချင်လို့ သည်းခံနေခဲ့တာ သူစိမ်းကောင်ဆိုလို့များတော့ တွေ့ကြတယ်မဟုတ်လား၊ တစ်နယ်လုံး ကြောက်လှပါတယ်ဆိုတဲ့ ထောင်ထွက် လူမိုက်ကရင်ကြီးကို တစ်သက်လုံး ခါးကျိုးပြီး လူစဉ်မမီအောင်လုပ်လိုက်တာ၊ ဒါတောင် ကျုပ်နည်းနည်းလျှော့လိုက်လို့ မဟုတ်ရင် နေရာမှာတင် လျှာတစ်လစ်နဲ့ အသက်တောင်ထွက်သွားဦးမယ်"တဲ့..ကဲ။

ဒါပေမဲ့ပေါ့လေ… မင်းစိန်ဆိုတဲ့ကောင်က သိတဲ့အတိုင်း နေရာတကာမှာ လျှို့ဝှက်ချက်အတော်များတဲ့ အကောင်ဆိုတော့ ဒီအဆင်နဲ့ ဒီအဆင် လူမိုက်ကရင်ကြီးကို ဒီအတိုင်း ပလိန်းကြီးတော့ ဘယ်နိုင်ပါ့မလဲ။

ဒါကို မြွေမြွေချင်းခြေမြင်နေတဲ့ အတူနေ သူငယ်ချင်း အပေါင်းအဖော်တွေဖြစ်တဲ့ နောင်ပိန်တို့၊ ချက်ဖူးတို့၊ လုံထော်တို့က…

"မင်းစိန် မင်း လူမိုက်ကရင်ကြီးကို ဘယ်လိုလုပ်လိုက်တာတုံး၊ တို့အချင်းချင်းတော့ ပြောပြဦးလေကွာ၊ ငါတို့ ဘယ်သူ့ကိုမှ





ပြောမပြပါဘူးကွ" ဆိုပြီး ပိုင်းမေးကြပါလေရော၊ ဒါ[illegible]ည်း ဒီကောင်က သူ့လျှို့ဝှက်ချက်ကို နောင်ပိန်တို့ ဘယ်လိုချော့မေးမေးမပြောဘူး။ အင်မတန်နှုတ်လုံတဲ့အကောင်။

"ဟား…ဟား… လျှို့ဝှက်ချက်ဆိုတာ ကိုယ်ကလွဲပြီး မယားတောင် မပြောရဘူးတဲ့ကွ၊ ဘယ်တော့မှ မပြောဘူး"

တကယ်လည်း သူ့လျှို့ဝှက်ချက်ကို မင်းစိန် သူသေတဲ့အထိ ဘယ်သူ့ကိုမှ ဖွင့်ပြောမသွားဘူး၊ ဒီတော့ တစ်ရွာလုံးလည်း ဘယ်သူမှ မသိတော့ဘူးပေါ့။ ဒါပေသိ မင်းစိန် ဒီလိုနှုတ်လုံလို့လည်း အခုဆို တစ်ရွာလုံးသာမက အခြားရွာကကောင်တွေပါ လူမိုက်ကရင်ကြီးကိုတောင် ခါးကျိုးပြီး ဖင်ထဲက ကြက်ဥတွေ ထွက်ကျလာအောင် လုပ်တဲ့ကောင်ဆိုပြီး ကြောက်လိုက်ကြတာ အမြီးတောင် မလှုပ်ဝံ့ကြဘူးလေ။ ဒါကြောင့်လည်း အဲဒီအချိန်ကစပြီး ခုချိန်ထိ ရွာထဲမှာ မင်းစိန်အသံကြားရုံနဲ့ အကုန်လုံး ငြိမ်ကျသွားတတ်ကြတာပဲ ဖြစ်သည်။

အဲဒီမှာ လက်သိပ်ထိုး ခပ်တိုးတိုးနဲ့ မင်းစိန်ရဲ့ လျှို့ဝှက်ချက်ကို မိတ်ဆွေတို့သိအောင် ဒီကောင်မသိခင် ဖွင့်ရေးပြရမယ်ဆိုရင်တော့ အခြားဟုတ်ရိုးလား။

www.burmeseclassic.com



မင်းစိန် လူမိုက်ကရင်ကြီးကို စိန်ခေါ်ပြီး ကောင်းကောင်းသမလိုက်နိုင်တဲ့ အဓိကအချက်က ကရင်ကြီးဝတ်ထားတဲ့ အကျီအနီကြီးကြောင့်ပဲ။

သိတဲ့အတိုင်းပဲ မင်းစိန်ဆိုတဲ့ကောင်က လူကသာ ဖလံလေးရယ် ဦးနှောက်က ဆင်ခေါင်းလောက်ရှိတဲ့ကောင်ဆိုတော့ သူက ဒီအချက်ကို ကောင်းကောင်းသတိပြုမိလိုက်တယ်။

ဒီကောင် ကရင်ကြီးကို စိန်ခေါ်ပြီး ဦးဖိုးငွေကွင်းဘက် ပြေးသွား တာလည်း အကြောင်းကသိပ်ရှိတာပေါ့။ အဲဒီနေရာမှ ကရင်သင်တိုင်အကျီအနီရဲရဲကြီးဝတ်ထားတဲ့ကရင်ကြီးကို သူနိုင်မှာလေ။

ဘာကြောင့်လဲ သိလား၊ ဦးဖိုးငွေကွင်း မြက်ခင်းကြီးထဲမှာက အချိန်ပြည့် ကိုပေတိုးရဲ့ ကျွဲတွေ လွှတ်ကျောင်းထားတဲ့ စားကျက်ကြီးဖြစ်နေမှကိုး၊ သိတဲ့အတိုင်း ကျွဲဆိုတဲ့အကောင်မျိုးတွေဆိုတာ အနီရဲရဲအရောင်မျိုးဆို သိပ်မုန်းသိပ်သမချင်တာကလား။

မင်းစိန်နောက် ဒေါသတကြီးနဲ့ လိုက်ရင်း အကျီအနီရဲရဲကြီး တဖားဖားနဲ့ ရှိနေမယ့် ကရင်ကြီးရဲ့အဖြစ်ကို စဉ်းစားသာကြည့်ပေတော့ တရှူးရှူးနှာတွေ မှုတ်ပြီး သမလိုက်ကြတာဆိုတာ





ဘာပြောကောင်းတော့မလဲ၊ ကရင်ကြီးခါးကျိုးသွားတာ အဲဒါပဲ။ တခြားဘာအကြောင်းမှ မဟုတ်ဘူး။ ပြီးမှ မင်းစိန်ဆိုတဲ့ ဉာဏ်ကြီးရှင်က ခါးကျိုးပြီး မလှုပ်နိုင်ဖြစ်နေတဲ့ကရင်ကြီးကို ထပ်ပြီး သမ၊ သူ့အိတ်ထဲက ကြက်ဥတွေထုတ် ကရင်ကြီးဘောင်းဘီထဲထည့်။ နှစ်လုံးကို အပြင်ထွက်ကျလာသလို လုပ်တော့တာပေါ့။ ကြက်ဥတွေဆိုတာလည်း အဲဒီနေ့က သူ့အမေကုန်စုံဆိုင်က ထန်းရည်ဖိုးအဖြစ် ငါးရံ့ခြောက်ပြားကြီးနှစ်ချပ်အပြင် မလောက်သေးရင် ထပ်ပေးရအောင် ကြက်ဥ (၅) လုံးရှိနေမှကိုး။ ဒီလိုဆိုတော့ ...

သူ ကရင်ကြီးကို စိန်ခေါ်သွားတဲ့ စကားကလည်း အရမ်းမဟုတ်ဘူးဆိုတာ သဘောပေါက်လောက်ရောပေါ့။

❑



www.burmeseclassic.com

www.burmeseclassic.com



လူမိုက်ကရင်ကြီးအဖြစ် တစ်ခုတည်းနဲ့တင် တစ်ရွာလုံး ဖိန့်ဖိန့်တုန်အောင် ကြောက်သွားခဲ့ရတဲ့ မင်းစိန်အိမ်မှာ

ရှမ်းဆရာကြီးတစ်ယောက် ရောက်နေတယ်ဆိုတဲ့သတင်းက တစ်ရွာလုံးကို အံ့သြသွားစေသည်။

မအံ့သြရှ်လည်းမဖြစ်၊ ကြည့်ပါလား မင်းစိန်လုပ်ပုံက ရှမ်းဆရာကြီးကို သူ အိမ်ခေါ်လာပြီးကတည်းက အိမ်ထဲက အိမ်ပြင်မထွက်တော့ဘူး။ ယုတ်စွအဆုံး သူ အင်မတန်နှစ်မြို့က်တဲ့ ကိုရင်ကြက်တောရဲ့ ထန်းရည်ဆိုင်ဘက်ကိုတောင် မထွက်တော့ဘူးဆိုမှဖြင့် ကန်းကုန်ရော။ ဒီလိုဆို အိမ်ထဲက မထွက်ဘဲ မင်းစိန် ဘာလုပ်နေသလဲဆို





တော့ သူတို့အိမ်ခေါင်းရင်း ကွက်လပ်ကြီးထဲမှာ သဲဖြူတွေခင်း ရာဇမတ်တွေကာပြီး ဘာမှန်းမသိရတဲ့ အုန်းငှက်ပျောပွဲတွေ အများကြီးထိုးထားသတဲ့။ ပြီးတော့ သူ ဘယ်လိုကနေ ဘယ်လိုခေါ်လာမှန်း မသိတဲ့ ရှမ်းဆရာကြီးကလည်း အမွေးတိုင်ဖွေ ရွှေခေါင်းလောင်း ငွေခေါင်းလောင်းတွေနဲ့ စီရင်ထားတဲ့ ပွဲတွေနဲ့ နေ့တိုင်း အလုပ်ရှုပ်နေသတဲ့။

အဲဒီအချိန် မင်းစိန်ကိုယ်တိုင်ကလည်း အပေါ်အောက် အဖြူရောင်ဝတ်လုံဝတ် အဖြူရောင်ပဝါစထည်ကို စလွယ်ပတ်။ ပြီး ပုတီးကြီးတစ်ကုံးလည်ပင်းဆွဲပြီး အမိဋ္ဌာန်ဝင်နေသတဲ့။

အဲဒီသတင်းတွေကြားပြီး မနေနိုင်လို့ သွားပြီး လေ့လာစုံစမ်းကြည့်ကြတဲ့အခါမှ . . .

လား . . . လား . . . မင်းစိန်ခေါ်လာခဲ့တဲ့ ရှမ်းဆရာကြီးဆိုတာ အထက်မြန်မာပြည်တစ်လွှားမှာ နာမည်ကြီးနေတဲ့ အဋ္ဌာဝီ ဆရာမှူးဆိုတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်နေပြီး မင်းစိန်အတွက် ဇာတ်ပွဲတွေ ဆင်ပေးပြီး အစွမ်းထက်လှတဲ့ ဆေးတွေထိုးနှံပေးဖို့ဆိုတာ သိလိုက်ကြရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ မနေနိုင်တဲ့လူတစ်ယောက်က ဆရာကြီးထံ ကပ်ပြီး ဘာဆေးတွေများ ထိုးနှံပေးမှာတုန်းလို့ မေးလိုက်တော့…

စုန်း၊ ကဝေ၊ မြေဖုတ်၊ တစ္ဆေ၊ သူရဲ၊ ပြိတ္တာ၊ ဘီလူးအထိ အဆင့်ဆင့်နိုင်တဲ့ သိဒ္ဓိဝင်ဆေးတွေ ထိုးပေးမှာလို့ ဆရာကြီးက ဖြေသည်။ ဒီပြင်လည်း ဒီဆေးတွေထိုးနှံနိုင်ဖို့အတွက် မင်းစိန်ကို ဂရုဓမ္မတရား ၅ ပါးနဲ့ အခြေခံထားတဲ့ သီလကို စင်ကြယ်စေရန် ဗြဟ္မစရိယ အာဇီဝဋ္ဌမက သီလတော်နဲ့ ရှစ်ပါးကိုးပါးသီလတွေကို အဓိဋ္ဌာန်နဲ့ (၉) ရက်တိတိ စောင့်ခိုင်းထားကြောင်း ဆေးတော်တွေ ထိုးနှံရမည့် ရက်မှာလည်း လာမည့် တန်ဆောင်မုန်းလပြည့်နေ့ညအချိန် ဂြိုဟ်နက္ခတ်များ စုံညီရာ ညဦး (၁၂) နာရီတိတိအချိန်ဖြစ်ကြောင်းများကို အံ့သြစွာ သိရှိခဲ့ကြရလေ၏။

ထိုအခါ ဆရာကြီးက…

“မောင်မင်းစိန် အဓိဋ္ဌာန်ပြည့်မယ့်ရက်ဟာ လပြည့်နေ့နဲ့ အံကိုက်ပဲ။ ဆေးအောင်ပြီဆိုတာနဲ့ ကျုပ်တို့လုပ်ငန်းစဉ်ပြီးပြီ။ ကျုပ်ကလည်း အထက်က ဝိဇ္ဇာဓိုရ် ဆရာကြီးတွေရဲ့ အမိန့်နဲ့ လာခဲ့ရတာပဲ။ မောင်မင်းစိန် သူ့ကံနဲ့ ထိုက်ပြီး ဒီဆေးအောင်သွားရင်တော့ သူဟာ





မုဆိုးတစ်ယောက်ဖြစ်သွားပြီ” လို့ ဆိုလိုက်တော့ နားထောင်နေတဲ့ ရွာသားတွေ မျက်လုံးလေးတွေ ကလယ်ကလယ်ဖြစ်သွားကြသည်။ ဘယ့်နှယ့် ဆေးအောင်တာနဲ့ မုဆိုးဖြစ်တာနဲ့ ဘာဆိုင်လို့တုံးပေါ့။ အဲဒီမှာ ဆရာကြီးက မျက်လုံးတွေကို သဘောပေါက်လိုက်တယ်။ သူက သူ့နှုတ်ခမ်းမွေးကျင်စွယ်ကြီးကို ဟန်ပါပါနဲ့ တစ်ချက်ပွတ်လိုက်ပြီ။

“အိမ်း… မုဆိုးဆိုလို့ သာမန် ဆင်ဖမ်းကျားဖမ်း တောကောင်ပစ် မုဆိုးမထင်လိုက်ကြနဲ့ဦး၊ ကျုပ်ပြောတဲ့မုဆိုးက လူတွေ သာမန်မျက်စိနဲ့ မမြင်ရ မမြင်အပ်တဲ့ ပရလောကထဲက အမှောင့်အမျက် စုန်းကဝေ တစ္ဆေ သူရဲလိုဟာမျိုးတွေကို နှိမ်နင်း အမိဖမ်းတဲ့ တစ္ဆေဖမ်း မုဆိုးမျိုးကို ဆိုလိုတာ နားလည်ကြရဲ့လား”

ဆရာကြီးပြောလိုက်တဲ့ တစ္ဆေဖမ်းမုဆိုးဆိုတဲ့ စကားက ချက်ချင်းပဲ ရွာထဲမှာ နာမည်ကြီးသွားတော့သည်။ အဲဒီထက် နာမည်ကြီးတာက မင်းစိန် တစ္ဆေဖမ်းမုဆိုးလုပ်တော့မယ်ဆိုတဲ့ သတင်းပေါ့ ဘာကြာလိုက်လို့လဲ။

တန်ဆောင်မုန်းလပြည့်ညလည်း ရောက်ရော ကောင်းကင်ပြာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ခုလုံး ဝိုင်းစက်ပြည့်ဖြိုးနေတဲ့ လမင်းကြီးရဲ့အရောင်နဲ့ သာယာလှပနေလေရဲ့လို့ဆိုရမယ့်အစား မကြုံစဖူး တက်လာတဲ့ မိုးရိပ်တွေနဲ့ တစ်ခါတည်း မှောင်မဲပြီး လမင်းကြီးတောင် ဘယ်ချောင်ပျောက်နေမှန်း မသိတော့ဘူး။ ဒီတော့ အစုံအညီထွက်ရပါတယ်ဆိုတဲ့ ကြယ်စုံ၊ ဂြိုဟ်နက္ခတ်တွေဆိုတာလည်း လမင်းကြီးတောင် ပျောက်နေတယ်ဆိုမှဖြင့် သူတို့ကလည်း ဘာတွေမို့လို့တုန်း အားလုံးကို မည်းမှောင်နေတော့တာပေါ့။ အဲဒီအချိန်မှာ အကြောက်ခမန်းလိလိ တိုက်ခတ်နေတဲ့ လေတွေကလည်း တဝုန်းဝုန်း တဝှီးဝှီး။

အဲဒီညမှ မင်းစိန်ရဲ့ ဆေးစီရင်ပွဲကို ကြည့်ကြမလို့ အားခဲထားကြတဲ့ ရွာသားတွေခမျာလည်း ကိုယ့်အိမ်ကိုယ်ပြန် ခေါင်းမိုးတွေ မလန်အောင် လုပ်နေကြရတာနဲ့တင် ဘာကိုမှ ဂရုမစိုက်နိုင်ကြတော့ဘူး။ သိတဲ့အတိုင်း သူတို့ရွာတစ်ရွာလုံးက ရွာဦးဘုန်းကြီးကျောင်းရယ်၊ သူကြီးအိမ်နဲ့ မင်းစိန်တို့အိမ် နှစ်လုံးကလွဲရင် ကျန်တဲ့အိမ်တွေဆိုတာ သက်ကယ်မိုး ဝါးကပ်မိုးလေးတွေချည်း မဟုတ်လား။

ဒါပေမဲ့ မင်းစိန်နဲ့ ဆေးစီရင်ပွဲက ပျက်သွားသလားဆိုတော့ လုံးဝကို မပျက်ဘူး။





မှောင်နဲ့မည်းမည်းလေတွေ တဟူးဟူးနဲ့ ဆရာကြီးဆိုတဲ့ အာဇာဝီ ဆရာမှုံကလည်း ဒီလောက်မည်းမှောင်နေတဲ့ကြားက ဘယ်ကြယ်၊ ဘယ်ဂြိုဟ်နက္ခတ်တွေကို ဘယ်လိုကြည့်ပြီး ဆေးစီရင်တယ် မသိဘူး၊ ရွာသားတွေ သတိထားလိုက်မိတဲ့ အချိန်ကြတော့ လေသံတွေကြားကနေပြီး မင်းစိန်တို့အိမ်ဘက်က ထွက်ပေါ်လာနေတဲ့ ဆရာမှုံရဲ့ တဉ်ဉ်ဉ် အသံတွေနဲ့အတူ ခေါင်းလောင်းသံတွေပါ ညံစီနေပြီ။

နောက်မကြာပါဘူး၊ မင်းစိန်ရဲ့ ကြောက်မက်ဖွယ်အော်လိုက်တဲ့ အသံနက်ကြီးတွေပါ ဆက်တိုက် ထွက်ပေါ်လာပြီး အုံ့ဩဖွယ်ကောင်းလောက်အောင် တဝှီးဝှီး တိုက်ခတ်နေတဲ့အသံတွေလည်း ရုတ်ချည်းပျောက်ကွယ်သွားပါတော့တယ်။

ဒါနဲ့ အဲဒီညက မင်းစိန်တစ်ယောက် ဆေးအောင်တယ် မအောင်ဘူးဆိုတာ ဘယ်သူမှ သေသေချာချာ မသိလိုက်ကြရပေမဲ့ သေချာတာတစ်ခုကတော့ ရွာသားတွေ ဆရာမှုံရဲ့ ဉုံခံသံ၊ ခေါင်းလောင်းသံတွေနဲ့ မင်းစိန်ရဲ့ အော်ဟစ်သံတွေကြောင့် အကုန်လုံး အိပ်ရေးပျက်ကုန်ပြီး နောက်တစ်နေ့ လယ်ထဲပင် မဆင်းနိုင်ကြတော့တာပါပဲ။

❑



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ ညက… မင်းစိန်ရဲ့ ဆေးစီရင်ပွဲကြောင့် ရွာသားတွေက လယ်ထဲမဆင်းနိုင်ရုံလောက်ပဲ ရှိကြတာ။

ကာယကံရှင် မင်းစိန်ခမျာတော့ သူ့အိမ်ပေါ်ကနေ အောက်ကို မဆင်းနိုင်တော့တာ။

အကြောင်းအရင်းသိချင်လို့ သွားမေးစုံစမ်းကြသူတွေ ပြောတာတော့ မင်းစိန်ဝါစ်ယောက် ဘယ်သူ့ကိုမှ အတွေ့မခံဘဲ သူ့အိမ်ခန်းလေးထဲမှာ စောင်တွေ တစ်ကိုယ်လုံးခြုံပြီး ကွေးနေသတဲ့။ ဒါတောင် သူတို့တွေ့ခဲ့ကြရတာကတော့ မဟုတ်ဘူး၊ မင်းစိန်ကမှ အတွေ့မခံတာကို ဒက်ချီးဆိုတဲ့ (၁၃) နှစ်လောက် ကောင်လေးက မင်းစိန်တို့





အိမ်ပေါ်ခိုးတက် ချောင်းကြည့်ပြီး ပြန်ပြောပြလို့သာ သူတို့သိကြရတာ။

အာဋ္ဌဝီဆရာမှူးဆိုတဲ့ ဆရာကြီးကတော့ နောက်တစ်နေ့ မိုးလင်းတဲ့အချိန်ကစပြီး အမြီးတောင် မတွေ့လိုက်ကြရဘူး။

မှတ်မှတ်ရရ ဒီလိုနဲ့ မင်းစိန် အိမ်ပေါ်ကအောက်မဆင်းဘဲ အိမ်ခန်းထဲမှာ စောင်ခြုံလေးနဲ့ ကွေးနေရတာ တစ်ပတ်တိတိလားပဲ။ ပြောလို့ပြောတာမဟုတ်ဘူး။ အဲဒီအတောအတွင်း သူတို့ရွာကလေးဆိုတာ မင်းစိန်အမိဋ္ဌာန်ဝင်ခဲ့တဲ့ (၉) ရက်နဲ့ အိမ်ထဲအောင်းနေတဲ့ (၇) ရက် ပေါင်းပြီး လဝက်လောက်ကို တိတ်ဆိတ်ငြိမ်သက် အေးချမ်းနေတော့တာကလား။ သူကြီးဆို အဲဒီရက်တွေမှာမှ မရောက်တာကြာပြီဖြစ်တဲ့ ရွာဦးကျောင်း ဆရာတော်ရဲ့ကျောင်းသွားပြီး ဥပုသ်တွေဘာတွေများပါ စောင့်လို့။

ဟော… သိပ်မကြာပါဘူး၊ မင်းစိန်ရွာထဲကို ပြန်ထွက်ပြီဆိုတဲ့သတင်းနဲ့အတူ သူတို့ရွာတစ်ရွာလုံး ချောက်ချောက်ချားချားဖြစ်သွားစေမယ့် အဖြစ်အပျက်တစ်ခုက တစ်ပြိုင်နက်တည်းလိုလို စတင်ခဲ့ရတော့တာပါပဲ။

သူကြီးကိုယ်တိုင်တောင် ဘုန်းကြီးကျောင်းမသွားနိုင်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူကြီးဆီ မင်းစိန်အကြောင်းလာသတင်းပေးတဲ့ လူတွေကလည်း အခြားလူတွေမဟုတ်ဘဲ ထူးထူးဆန်းဆန်း မင်းစိန်နဲ့အတူ တတွဲတွဲနဲ့ လင်မယားလိုပေါင်းနေကြတဲ့ နောင်ပိန်၊ ချက်ဖူး နဲ့ လုံထော်တို့ (၃) ကောင်ပင်ဖြစ်နေတော့ သူကြီးပင် ပြာသွားသည်။ တော်ရုံကိစ္စဆို မင်းစိန်နဲ့အတူ ဒီ(၃)ကောင် ပါမြဲမဟုတ်လား။ အခုလို လာသတင်းပေးဖို့ဆိုတာ ဝေလာဝေး။ အခုကိစ္စက တော်တော်လေးစိုးရိမ်စရာရှိလို့သာ ဒီကောင်(၃)ကောင် ထူးထူးဆန်းဆန်း သူ့ဆီလာသတင်းပေးတာပဲလို့ သူကြီးတွေးလိုက်မိသည်။ ဒါနဲ့ နောင်ပိန်တို့ ပြောလာတဲ့သတင်းကို သေသေချာချာနားထောင်ကြည့်လိုက်တော့…

"ကျွန်တော်တို့လည်း တော်ရုံတန်ရုံကိစ္စဆိုရင် သူကြီးဆီလာမပြောပါဘူး။ အ‥အခုကိစ္စက ဒီကောင့်အတွက် စိုးရိမ်လွန်းလို့ပါ။ သူကြီးပဲ စဉ်းစားကြည့် ဒီကောင် ဟိုတစ်လောက သူ့အိမ်မှာ ဆရာတစ်ယောက်နဲ့ ဆေးတွေထိုးထားတာ တစ်ကိုယ်လုံးလိုလိုပဲ ဘာဆေးတွေမှန်းတော့ မသိဘူး။ ပြောတာတော့ သူ့ဆေးတွေအောင်ရင် တစ္ဆေဖမ်းမှုဆိုးဆိုလား၊ ဘာဆိုလားဖြစ်မှာတဲ့။ ဒါပေမဲ့ သူ့ဆေးအောင်လား၊ မအောင်လားဆိုတာတော့ ကျွန်တော်တို့လည်း မသိဘူး။





ဒါပေမဲ့ ထိုးထားတဲ့ဆေးအရှိန်တွေနဲ့ ဒီကောင် တစ်ပတ်လောက် အိပ်ယာထဲက မထနိုင်ဘူး။ နောင်ပိန်စကားကြားမှ ဟိုတလောက သိုးသိုးသန့်သန့်ကြားခဲ့ရသော မင်းစိန်၏သတင်းကို သူကြီးအတိအကျသိလိုက်ရသည်။ တကယ်လို့သာ သူတို့ပြောသလိုများ မင်းစိန်ဆေးအောင်သွားလို့များကတော့ မြင်းကို ချီတတ်ပေးလိုက်သလို ဖြစ်ပေရော့မည်ဟုတွေးကာ သူကြီး သက်ပြင်းမောကြီး တစ်ခုကို ချလိုက်မိသည်။ အဲဒီမှာ ချက်ဖူးကလည်း…

"ဟုတ်တယ် သူကြီး၊ အခုကိစ္စက သူ့ဆေးအောင်သွားရင်တော့ အဟုတ် မအောင်လို့များတော့ ဒီကောင် ကျွမ်းသတန်လန်မယ့်အပြင် ကျွန်တော်တို့ တစ်ရွာလုံးပါ သံဃာအပါး တစ်ရာလောက် မှောက်မယ့်ကိစ္စဗျ။ ဒေါ်ဓာကြီးအကြောင်းလည်း သူကြီးလည်း အသိသားနဲ့။ ဒီလိုသွားစော်ကားဖို့မပြောနဲ့ သူ့ကို စေ့စေ့ကြည့်မိတဲ့လူတောင် ရောဂါတစ်ခုခုဖြစ်ပြီး မျက်ဖြူစိုက်သွားကြတာ မဟုတ်လား"

သူကြီးချက်ဖူးစကားကို ခေါင်းညိတ်ကာ ထောက်ခံမိလိုက်သည်၊ ဟုတ်သည် ရွာတောင်ဖျားက ဒေါ်ဓာကြီးအကြောင်းကို သူလည်း အသိပင်။ ဒီမိန်းမကြီးက သူ‥‥သူကြီးမဖြစ်ခင် လူပျို



www.burmeseclassic.com

www.burmeseclassic.com



ပေါက်အရွယ်ကတည်းက အလွန်နာမည်ကြီးတဲ့ မိန်းမကြီး။ တစ်ရွာလုံးကလည်း ဒီမိန်းမကြီးကို လန့်ကြသည်။ လန့်စရာအကြောင်းလည်း ရှိနေ၏။ အခြားဟုတ်ရိုးလား၊ ဒေါ်စာကြီးဆိုတာ ဆယ့်နှစ်ကြိုးလား၊ ကြိုးနှစ်ဆယ်လား တတ်နေတဲ့ စုန်းမကြီး၊ ထဘီခေါင်းမြီးခြုံလိုက်လိုက်တာနဲ့ ဂဠုန်ဖြစ်တယ်ဆိုလား၊ လင်းတဖြစ်တယ်ဆိုလားပဲ ဟုတ်မဟုတ်တော့မသိ။ ဒေါ်စာကြီး ထဘီခြုံတာကို အဲဒီတုန်းက ကာလသားတွေဖြစ်တဲ့ သူတို့ အတော့်ကိုမြင်ချင်ခဲ့ကြတာ စဉ်းစားကြည့်လေ။ ထဘီခေါင်းမြီးခြုံလိုက်တယ်ဆိုမှဖြင့်…

တကယ်ပြောတာ အဲဒီအချိန်တုန်းကတည်းက ဒေါ်စာကြီးက နာမည်ကြီးတာ တစ်ယောက်ယောက်များ ဒေါ်စာကြီးနဲ့ ပြဿနာမဖြစ်လိုက်နဲ့ အဲဒီလူ ဝမ်းလျှောသလိုလို၊ ကာလနာတိုက်သလိုလိုနဲ့ ဘာမှမကြာဘူး ချောတော့တာပဲ။ တခြားမပြောနဲ့ ဒေါ်စာကြီးနဲ့ မျက်လုံးချင်းဆုံမိတဲ့သူတောင် အနည်းဆုံး တစ်ပတ်လောက်တော့ တစ်ခုခုဖြစ်ကုန်တာ၊ ဘယ်သူမှ ဒေါ်စာကြီးကို မလေးမခန့်မလုပ်ဝံ့ကြဘူး။ မယုံမကြည်နဲ့သွားစမ်းလို့ ဒုက္ခရောက်သွားတဲ့လူတွေဆိုတာလည်း သာဓကတွေ အများကြီး။ ဒါလောက်နာမည်ကြီးတဲ့ ဒေါ်စာကြီးကို





အခု မင်းစိန်က သွားစမ်းဦးမယ်ဆိုတော့…

သူကြီး ဟိုကောင် မင်းစိန်အတွက် ကြားကနေ ကြက်သီးများပင် တဖြန်းဖြန်းထသွားသလို ဖြစ်သွားရလေသည်။

“ဒင်း လူမိုက်ကရင်ကြီးလို သာမန်လူကို နိုင်ပေမဲ့ ဒေါ်စာကြီးလို စုန်းကဝေမကြီးကိုတော့ဖြင့် ဘယ်လိုလုပ်နိုင်မှာတုန်း၊ ဗလာအထည်နဲ့ ပညာသည် တူတာမှတ်လို့”

“အဲဒါပြောတာပေါ့ သူကြီးရဲ့၊ သူသွားစမ်းတာ အကြောင်းမဟုတ်ဘူး၊ တော်ကြာ ကျုပ်တို့တစ်ရွာလုံးကိုပါ ဒေါ်စာကြီး ငြိုးသွားရင် အားလုံးဒုက္ခဖြစ်ကုန်မယ်ဗျ”

“ဟုတ်တယ်၊ အဲဒါကြောင့်မို့ ကိုယ့်သူငယ်ချင်းအရင်းခေါက်ခေါက်လည်း ဒုက္ခမဖြစ်အောင် တစ်ရွာလုံးလည်းအန္တရာယ်ကင်းအောင် မင်းစိန်ကို သူကြီးအမိန့်နဲ့ တားဆီးပေးဖို့ ကျွန်တော်တို့ လာသတင်းပေးရတာပါ သူကြီး”

ဒါနဲ့ သူကြီးလည်း မနေသာတော့ဘူး၊ သူ့လက်စွဲတော် တပည့်ငတိုကို မင်းစိန်တို့အိမ် အမြန်လွှတ်ပြီး မင်းစိန်ကို ခေါ်ခိုင်းလိုက်ရတော့သည်။ မကြာပါဘူး၊ မင်းစိန်ကို အခေါ်လွှတ်လိုက်တဲ့ ငတို



www.burmeseclassic.com

www.burmeseclassic.com



အမောတကောနဲ့ ပြန်ပြေးလာ၏။

"သ…သူကြီး မင်းစိန် သူ့အိမ်မှာ မရှိတော့ဘူး၊ ရွာ…ရွာ တောင်ပိုင်းကို ထွက်သွားပြီတဲ့"

ဓတိုစကားကြောင့် သူကြီးတို့အဖွဲ့ မျက်လုံးပြူးသွားကြသည်။

"သ…သူကြီး… ကျွန်…ကျွန်တော်တို့ မြန်မြန်လိုက်သွားကြမှဖြစ်မယ်။ တော်တော်ကြာ အားလုံးဒုက္ခဖြစ်ကုန်တော့မယ်ဗျ"

မကြာပါဘူး၊ မင်းစိန်ကိစ္စက တစ်ယောက်စကား တစ်ယောက်နားနဲ့ ရွာထဲပြန့်နှံ့သွားပြီး အခြားရွာသားတွေပါ သူကြီးတို့အဖွဲ့နဲ့ ရွာတောင်ပိုင်းဆီသို့ ချီတက်သွားကြလေတော့သည်။

ဒီတစ်ခါတော့ မင်းစိန့်တစ်ကောင်အရေးထက် သူတို့တစ်ရွာလုံးအရေးပါ ပါနေမှကိုး။

ဒေါ်ဇာကြီးမျက်စောင်းက အကြောင်းသုံးပါးမရှားဘူးလေ။

□





ဒါပေမဲ့… သူကြီးတို့အဖွဲ့ ရွာတောင်ပိုင်းတောင် မရောက်လိုက်ကြပါဘူး။ လမ်းတစ်ဝက်မှာတင် သူတို့တစ်ရွာလုံး ရွံ့ကြောက်လှတဲ့ ဒေါ်ဇာကြီးနဲ့အတူ မင်းစိန်ကို တွေ့လိုက်ကြရပါတော့တယ်။

ကတုန်ကယင်ဖြစ်နေတဲ့ ဒေါ်ဇာကြီးကို မင်းစိန်ကတွဲလို့ သူတို့လည်း အနီးရောက်လာရော မင်းစိန်က ခပ်ဝံ့ဝံ့အမူအရာမျိုးနဲ့။

"သူကြီးတို့ပါလား၊ ကျုပ်… ဟောဒီက ဒေါ်ဇာကြီးကို ဆရာတော့်ကျောင်းလိုက်ပို့မလို့ဗျ"

ဒီလောက်ပဲပြောပြီး မင်းစိန်က ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ ပုံစံမျိုးနဲ့ ဘယ်တုန်းကမှ ဘုန်းကြီးကျောင်းမပြောနဲ့ ရွာထဲတောင် တစ်နှစ်နေလို့ တစ်ခါရောက်မလာဖူးတဲ့ ဒေါ်ဇာကြီးကို ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဘက်ကို အံ့သြဖွယ် ဆွဲခေါ်သွားပါတော့တယ်။

သူကြီးအပါအဝင် ရွာသားအားလုံးလည်း အံ့သြလွန်းလို့ ပါးစပ်ကလေးတွေ အဟောင်းသားနဲ့ ငေးကြည့်နေရတော့တယ်။ စဉ်းစားကြည့်လေ ဒီလောက်နာမည်ကြီးတဲ့ စုန်းကဝေမကြီးကို မင်းစိန် ဘုန်းတော်ကြီးကျောင်းအထိ ခေါ်သွားနိုင်တယ်ဆိုမှတော့ မင်းစိန် အပေါ် ပညာရှူးနိမ့်သွားပြီး သူ့ပညာတွေ ဘုရားဆီ လှူဖို့ကိစ္စအပြင် ဘာရှိတော့မှာတုန်း၊ သူကြီးနဲ့ ရွာသားအားလုံး မင်းစိန်ရဲ့ပညာကို မယုံလို့ကို မရတော့ဘူး။ ပထမ လူမိုက်ကရင်ကြီး၊ အခု စုန်းကဝေ မကြီး ဒေါ်ဓာကြီး နောက်ဆုံးတော့ သူတို့အားလုံး တညီတညွတ် တည်းနဲ့ မင်းစိန်ဆေးအောင်သွားပြီး တစ္ဆေဖမ်းမုဆိုးဖြစ်သွားပြီဆိုတာ ချွင်းချက်မရှိ ယုံကြည်လက်ခံသွားကြတော့သည်။

အဲဒီအဖြစ်အပျက်နှစ်ခုကစပြီး မင်းစိန်ကို တစ်ရွာလုံးက မုဆိုး မင်းစိန်ဆိုတဲ့ နာမည်နဲ့ ဖိန့်ဖိန့်တုန်အောင် လေးစားကြောက်ရွံ့သွား ခဲ့ကြရတော့တာပါပဲ။

နောက်တော့ နာမည်ရင်း မင်းစိန်ပင် မခေါ်ကြတော့ဘဲ မုဆိုး ...မုဆိုး...နဲ့ တွင်သွားခဲ့တာဟာ အခုချိန်ထိဆိုပါတော့၊ ဒီပြင်လည်း





မင်းစိန်ဆိုတဲ့ မုဆိုးက သူရထားတဲ့ နာမည်နဲ့လိုက်အောင် ရွာထဲမှာ ဟိုနေရာ ပယောဂဝင်ပြန်ပြီ၊ ဒီနေရာ တစ္ဆေလှန့်လို့တဲ့ ဟိုမိန်းမ သူ့ရဲပူးလို့တဲ့ ဆိုတဲ့ ကိစ္စတွေမှန်သမျှ အကုန်လိုက်ကုပေးတော့တာပဲ။

ထူးဆန်းတာကလည်း ဘယ်လောက်ကြမ်းတဲ့ အမှောင့်ပယောဂ ဖြစ်ဖြစ် မုဆိုးရောက်ပြီဟေ့ ဆိုတာနဲ့ အကုန်ပျောက် အကုန်ပြေးပဲ။

အသားမည်းမည်း၊ မျက်လုံးပြူးပြူး၊ ပါးစပ်ပြဲပြဲ လူဖလံလေး အဲဒီမုဆိုးဆိုတဲ့ သကောင့်သားလေးကို ရွာထဲကလူတွေ ထောင်ထွက် လူဆိုး လူမိုက်တစ်ဦးထက် ကြောက်ကြတာ ထူးဆန်းတော့ဦးမလား၊ ဒီကောင်က မထင်ရင် မထင်သလိုလုပ်တတ်တဲ့ တစ္ဆတ်ထိုးညာဉ် ကလည်း ရှိတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



'အစွဲ' များစွာနှင့် 'ကန်း'နေသော လူတို့၏တိုက်ထဲ၌ တံစံခါတစ်ရ 'အသိ' အလင်းရောင်တစ်ချက်ကလေး လက်ရုံမျှနှင့် အလုံးစုံ လင်းရှင်း၍ သွားတတ်သော်လည်း…

'မြင်'တတ်လွန်းသော လူတစ်ယောက်၏ 'အသိ'ထဲ၌မူ တစ်ခါတစ်ရံ မည်းမှောင်နေသော အမှောင်တိုက်တစ်ခုသည် သူသေဆုံးသည်အထိ တစ်သက်တာ ခိုဝင်၍ သွားတတ်ပေ၏။

○ ○ ○





## ဒုတိယမြောက်အပိုင်း (၁)



www.burmeseclassic.com

www.burmeseclassic.com



အခု ကိုရင်မောင် မထွေးတင်တို့နတ်ပွဲက စပြီး သတင်းပြန့်ခဲ့တဲ့ မှဆိုးရဲ့ သူရဲအစွယ်ကြီးကိစ္စက သူကြီးမှားသို့ပင် ပေါက်လာပြန်ချေပြီ။ သူကြီးလည်း သူ့ရွာမှာ မှဆိုးလို လူတစ်ယောက်ရှိနေတာကိုပဲ တော်တော်လေး စိတ်ညစ်နေပုံရသည်။ ဟုတ်လည်းဟုတ်တာပဲ။ မှဆိုးတို့ လုပ်လိုက်သမှဆိုရင် တစ်ရွာလုံးကို မွှတ်ထော်ရိုက်ရိုက်သွားတာကိုး။

ဒါကြောင့်လည်း သူကြီးကတော်ဒေါ်ဆုံနဲ့ သူ့သမီး လေးနွယ်ကဆို မှဆိုးဆို ကြည့်လို့ကိုမရအောင် အော့ကြောလန်နေကြတာ။ ဒါပေမဲ့ သူတို့လည်း မှဆိုးကို အော့ကြောလန်တာ အရင်တုန်းကလို





တော့ ပစ်စလက်ခတ် မကာလော်ရဲ မတုတ်ရဲကြတော့ဘူး၊ အရင်တုန်းကဆိုရင်တော့ ဘာပြောကောင်းမတုန်း။

အခုတော့ဖြင့် လူမိုက်ကရင်ကြီးကိစ္စကတည်းက လေးနွယ်မပြောနဲ့ ဒေါ်ဆုံကိုယ်တိုင် မှဆိုးကို မြင်လိုက်တိုင်း ကြက်သီးထချင်သလိုတောင် ဖြစ်ဖြစ်သွားခဲ့ရတာ။

အဲဒီတုန်းက မှဆိုးသတင်းကြားပြီး မလန့်တဲ့လူဆိုလို့ ရွာလယ်က ယောက်ျားကိုးယောက်နဲ့ ကွဲပြီး ကိုးခုလပ် အပျိုကြီးဖြစ်နေတဲ့ မာရုတ်မကြီးတစ်ယောက်ပဲ ရှိတယ်။ အဲဒါထားတော့ အခုမှဆိုးရဲ့ သူရဲအစွယ်ကြီးကိစ္စနဲ့ တစ်ရွာလုံး အုံးအုံးကျွက်ကျွက်ဖြစ်နေပြန်တော့ သူကြီး ရင်အအေးနိုင်တော့ဘူး။ ပြီးတော့လည်း မှဆိုးဆီမှာ ရှိနေတဲ့ သူရဲအစွယ်ကြီးဆိုတာဟာလည်းပဲ သူတို့ရွာထိပ်က ညောင်ပင်ကြီးအောက်က သူရဲကြီးရဲ့ အစွယ်ဆိုပြန်တော့ သူကြီး ယုံရမလို မယုံရလိုဖြစ်နေရပြန်ရော။

အဲဒီမှာ သူတို့ ရွာထိပ်မှာရှိတဲ့ ညောင်ကြပ်ပင်ကြီးဆိုတာ ယိနယ်ရရအပင်ကြီးမဟုတ်ဘူး။ သူကြီးဦးဘိုးထွန်းတို့ မမွေးခင်ကတည်းကရှိနေတဲ့ တကယ့် အထင်ကရအပင်ကြီး၊ ဘယ်လောက်

www.burmeseclassic.com



တောင်ကြီးသလဲဆိုရင်လည်း ပင်စည်ကြီးတင် လူကြီးငါးယောက်ဝင်ပုန်းလို့ရတဲ့ ပမာဏလောက်ရှိတယ်ဆိုတော့ တကယ့်သက်ရင့်အထင်ကရ သစ်ပင်အိုကြီးပဲဆိုပါတော့။ အဲဒီလို **အပင်ကြီးက**ကြီးမားသလောက် ဒီညောင်ကြပ်ပင်ကြီးနဲ့ **ပတ်သက်တဲ့ ဇာတ်**အဆက်ဆက် ရာဇဝင်တွေဆိုတာလည်း **အမျိုးမျိုးရှိနေလေရဲ့။** သူတို့ရွာထဲက ရှေ့မှီနောက်မှီ အသက်ကြီးတဲ့လူကြီးတွေဖြစ်တဲ့ ဖိုးသာညို့တို့၊ ဒွေးလေးဘစိန်တို့၊ အဘသာဖဲတို့၊ အရီးထွန်းမယ်တို့၊ ဒွေးသန်းတင်တို့ဆို အကြောင်းတစ်ခုခုနဲ့ ဒီညောင်ကြပ်ပင်ကြီးအောက်ကဖြတ်သွားတိုင်း ဖိနပ်တွေချွတ်ပြီးမှ သွားလေ့ရှိကြတယ်။ သူတို့ကတော့ အင်မတန်နတ်ကြီးတယ်လို့ပဲဆိုတယ်။ နောက်ပြီး အဲဒီညောင်ကြပ်ပင်ကြီးက သူတို့ရွာလေးနဲ့ အရှေ့ဘက်ကရွာတွေ သွားတဲ့လမ်းပေါ်မှာ တည်ရှိတာဆိုတော့ တစ်ခြားရွာဘက်တွေကို ခရီးသွားမယ့်လူတိုင်း ဒီညောင်ကြပ်ပင်ကြီးအောက်က မဖြတ်မဖြစ်ကိုဖြတ်ကြရတာကိုး။ ဟိုအရင် သူကြီးဦးဘိုးထွန်းတို့ ခပ်ငယ်ငယ်တုန်းကတော့ ညောင်ကြပ်ပင်ကြီးနဲ့ ပတ်သက်ပြီး ဘာမှ ထူးထူးခြားခြားရာဇဝင်တွေ မကြားခဲ့ရပါဘူး။ သူတို့ဆို အဲဒီအပင်ကြီးအောက်မှာ





ဘယ်သူ့မှားပြသတ်လို့ သေတာတို့၊ ဘယ်သူဆွဲချပြီး သေသွားခဲ့တာတို့၊ ဘယ်မှားပြဗိုလ်ကို ဒီအပင်ကြီးအောက်မှာ ဘယ်လိုသတ်ခဲ့ကြတာတို့ အစရှိတဲ့ ထိတ်စရာလန့်စရာ သတင်းတွေ ကြားခဲ့ရတော့တာ။ ဒါပေသိလည်း အဲ့ဒီတုန်းကထိ ဒီညောင်ကြပ်ပင်ကြီးကအေးအေးဆေးဆေးပါ။ နောက် ဦးဘိုးထွန်းလူကြီးဖြစ်ပြီး သူကြီးပေါက်စဖြစ်တဲ့အချိန် ဒီအပင်ကြီးအောက်မှာ သူတို့ရွာထဲက လှည်းသမားတာတေကြီး သေပြီးတဲ့နောက်မှ ညောင်ကြပ်ပင်ကြီး နာမည်ကြီးလာတော့တာ အဲဒီတုန်းက တာတေကြီးက ထင်းလှည်းမှောက်ပြီး ထင်းတုံးတွေပိလို့သေသွားခဲ့တာလေ။ ဒီလိုဆိုတော့ ရွာထဲကလူတွေအားလုံးက တာတေကြီးမကျွတ်ဘဲ အဲဒီအောက်မှာ သူရဲကြီးဖြစ်နေတယ်လို့ ပြောဆိုလာကြတာကစပြီး သူရဲကြီးနဲ့ ညောင်ကြပ်ပင်ကြီးက ပါးစပ်ရာဇဝင်နဲ့ ခုချိန်ထိ လူတိုင်းကြောက်နေကြတော့တာပဲ။

တကယ်တမ်း ပြောကြစတမ်းဆိုရင်လည်း သူကြီးဦးဘိုးထွန်းကိုယ်တိုင် တာတေကြီးသေပြီး တကယ်သူရဲဖြစ်မဖြစ်ဆိုတာ အတိအကျသိတာ မဟုတ်ဘူး။ ဒါပေသိ သူ့ရွာထဲမှာတော့ ညောင်ကြပ်



www.burmeseclassic.com

www.burmeseclassic.com



ပင်ကြီးအောက်က သူရဲကြီးအခြောက်ခံလိုက်ရတယ်ဆိုတဲ့ လူတွေက တော့ တစ်အိမ်တစ်ယောက်နှုန်းလောက်ကို ရှိမလားပဲ။ သူကိုယ်တိုင် တော့ တစ်ခါမှအခြောက်မခံခဲ့ရဘူး၊ သူရဲကြီးကလည်း သူ့ကိုကျ သူကြီးမှန်းသိ၍ မခြောက်ခဲ့သလားပဲ။ ဘာပဲပြောပြော သူ့ရွာထဲက လူတွေကတော့ ဒီညောင်ကြပ်ပင်ကြီးနဲ့ သူရဲကြီးဆို လန့်မှလန့် အကြောင်းကြီးငယ်ရှိလို့ အခြားရွာတွေ သွားကြရတယ်ဆိုတောင် မနက်အစောကြီးအချိန်နဲ့ နေ့ဝင်ရီတရောအချိန်တွေကို ရှောင်ရှားပြီးမှ သွားကြတယ်။ အဲဒီအချိန်တွေဟာ သူရဲတစ္ဆေတွေ ခြောက်တတ် တယ်လို့ ဆိုတာကိုး။

ခက်တာက သူကြီးဆိုတဲ့ သူ့တာဝန်ကလည်း သူ့အရပ်သူ့ရွာ ထဲမှာ ဒီလိုလူထု ထိတ်ထိတ်လန့်လန့်ဖြစ်စေမယ့် သတင်းမျိုး အဖြစ် အပျက်မျိုးတွေကိုသည်အတိုင်း လက်ပိုက်ပြီး ကြည့်နေလို့ မဖြစ်တဲ့ ဟာဆိုတော့ သူကြီး တော်တော် အခက်တွေ့နေရပြီ။

ဒါနဲ့ နောက်ဆုံး ဗွတိုကို လွှတ်ပြီး ကိုရင်ကြက်တော ထန်း ရှည်ဆိုင်ရောက်နေတဲ့ မုဆိုးကို သူကြီးအမိန့်နဲ့ ခေါ်ခိုင်းလိုက်ရတော့ တယ်။





ဒီတစ်ခါတော့ ဗွတိုနဲ့အတူ မုဆိုးရှောရှောရှူရှူပဲ ပါလာသည်။ ထန်းရည်ဆိုင်က ပါလာခဲ့တာဆိုတော့ ဒီကောင်နည်းနည်းတော့ ယစ် နေပြီ။ ဒါပေမဲ့ တစ်ရွာလုံးက လေးစားကြောက်ရတဲ့ သူကြီးရှေ့ရောက် လာတယ်ဆိုတော့ အိန္ဒြေက အားကြီးမပျက်အောင် မုဆိုးသတိထားပြီး ရောက်လာတယ်။

သူကြီးမျက်နှာတည်တည်နဲ့ မုဆိုးကို တစ်ချက်ကြည့်သည်။ သူလည်း သူကြီးသိကွာနဲ့ကိုး။

"မုဆိုး"

"ဗျာ… သူကြီး"

အဲဒီအချိန်အထိ မုဆိုးမျက်နှာ ဘာမှမဖြစ်သေးဘူး။ အဲဒီအချိန် သူကြီး မုဆိုးကို အခေါ်ခိုင်းလိုက်တယ်ဆိုလို့၊ စပ်စပ်စုစုရောက်လာ ကြတဲ့ ရွာသူရွာသားတွေ ဆိုတာလည်း ဘေးမှာရှိနေကြလေရဲ့ သူကြီး ကတော် ဒေါ်ဆုံနဲ့လေးနှယ်တို့ကတော့ မုဆိုးခြံဝိုင်းထဲ ဝင်လာတာ ခြင်ကတည်းက အိမ်ပေါ်ရောက်သွားကြပြီ။ ဒါပေမဲ့ သားအမိ နှစ် ယောက်စလုံး မိန်းမသားတွေပီပီ စပ်စုချင်တဲ့ စိတ်ကလေးတွေကလည်း ရှိတော့ အောက်က အသံဗလံတွေကို နားစွင့်နေကြတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန် သူကြီးဆီက…

"မင်းဆီမှာ ဟို… သူ့ရဲ့အစွယ်ဆိုတာကြီး ရှိနေတယ်ဆိုကွ"

"ဟုတ်တယ်"

"အဲဒါကြီးက သောင်ကြပ်ပင်ကြီးအောက်က သူ့ရဲ့ကြီးအစွယ် ဆိုတာရော"

"ဟုတ်တယ်"

"ဒါဖြင့် မင်း ပခမ်းကိုကြီးကျော် မလုပ်နိုင်တဲ့ဟာကို လုပ်ပြမယ်လို့ ကြိမ်းဝါးခဲ့တာလည်း တကယ်ပဲပေါ့"

"ဟုတ်တယ်"

မှဆိုး တဟုတ်တည်း ဟုတ်နေပြီး မသိမသာ မျက်နှာကြီးတင်း မာလာနေတယ်။ သူကြီးကလည်း အတော်ပါးရည်နပ်ရည်ရှိတဲ့ သူကြီး ဆိုတော့ အဲဒါကို သတိမထားမိသေးဘူး။

"ဒီလိုဆို မင်းလက်ထဲ အဲဒီဟာကြီး ဘယ်လိုလုပ်ရောက်လာ တာတုန်း၊ မင်း ခွင့်မလွှတ်ဘူးဆိုတာရော ဘာကိစ္စတုံး၊ နောက်ပြီး မင်း ပခမ်းကိုကြီးကျော်တောင် မတတ်နိုင်တဲ့ကိစ္စကို လုပ်ပြမယ်ဆို တာ ဘာတွေလုပ်ပြမှာတုန်း"





သူကြီးကလည်း သူချင်တာတွေ စွတ်ပြီး မေးနေတော့တာပဲ။ အဲဒီအချိန် မှဆိုးမျက်နှာကြီးက သိသိသာသာကြီးကို ပြောင်းလဲလာပြီး သူ လက်သီးကိုဆုပ် အံကိုကြိတ်ထားတယ်။ ဆံပင်တွေကလည်း ထောင်ထလာသလို ထင်ရပြီး မျက်လုံးနှစ်လုံးကလည်း ကျွတ်ထွက် တော့မတတ် ပြူးကျယ်ဝိုင်းစက်လာတယ်။ ပြီးတော့မှ နာကျည်းခံပြင်း လွန်းနေသော အသံကြီးမျိုးနဲ့…

"ခွင့်မလွှတ်ဘူး၊ လုံးဝခွင့်မလွှတ်ဘူး"

"ဟဲ့…သောက်ပလုတ်တုတ်…တုတ်"

ရုတ်တရက် ကုန်းအော်လိုက်တဲ့ မှဆိုးရဲ့အသံကြီးကြောင့် သူကြီးနှင့် ရွာသားအချို့ပင် လန့်ဖြန့်သွားကြသည်။ အဲဒါနဲ့ မပြီးသေး ဘူး၊ မှဆိုးဆီက 'ဟော့ဒီမှာကြည့်ကြ' ဆိုတဲ့ အသံပါ နောက်ဆက်တွဲ ထွက်ပေါ်ကာ သူ့ခြေထောက်တစ်ဖက်က သူကြီးမျက်နှာရှေ့တည့် တည့်ကို ရိပ်ခနဲ မြောက်တက်လာတယ်။ သိတဲ့အတိုင်း သူကြီးက လည်း သိုင်းသမားဆိုတော့ လျှင်သလားမမေးနဲ့ ခေါင်းကလေးကို ယို့ခနဲ ငုံ့ရှောင်ပြီး နောက်ကို ခြေနှစ်လှမ်းစာလောက် ခုန်ဆုတ်သွား တယ်။ ပြီးတော့ ပွဲကျောင်းထွက်ပီပီ ရန်သူကို အသင့်ပြန်ပြီးတိုက်ခိုက်

www.burmeseclassic.com



နိုင်အောင် သုကဩနယ သုဒ္ဓိဆိုတဲ့ လက်သိုင်း အသက်အပုတ်ပညာ အကွက်နဲ့ လက်ဝါးနှစ်ဖက်ကို ရှေ့ထုတ်ခြေလေးတစ်ဖက် ခင်းပြီး အသင့်အနေအထား ချက်ချင်းဖြစ်သွားတယ်။ ဒါပေမဲ့…

မုဆိုးက သူထင်လိုက်သလို တိုက်ခိုက်လာတာမဟုတ်ဘူး၊ သူ့ခြေထောက်တစ်ဖက်ကို အားလုံးမြင်သာအောင် မြှောက်ပြီးပြလိုက်တာရယ်ပါ။

သူကြီးအပါအဝင် လန့်သွားကြတဲ့ ရွာသားအားလုံးကတော့ တရုတ်သိုင်းကားတွေထဲကလို ခြေထောက်တစ်ဖက်နဲ့ ပင့်ကိုင်ပြီး (၉၀) နီးပါးလောက် မြှောက်ထားတဲ့ မုဆိုးပုံစံကို အံ့သြတကြီး နားမလည်နိုင်တဲ့ မျက်လုံးတွေနဲ့ ကြည့်နေမိကြတယ်။ အဲဒီမှာမှ မုဆိုးက…

"ကြည့်ကြစမ်းပါ ကျုပ်ခြေထောက်ကို သေသေချာချာကြည့်လိုက်ကြစမ်း ဘာ…"

မုဆိုးစကားကြောင့် အားလုံးမြှောက်ထားတဲ့ သူ့ခြေထောက်ဆီ အကြည့်ရောက်သွားကြသည်။ ဘာတွေ့ရမှာလဲ၊ ခြေထောက်ဟာ ခြေထောက်ပေါ့။





"တွေ့ကြသလား၊ မြင်ကြသလား"

သူတို့အားလုံး သေသေချာချာ ထပ်ပြီးကြည့်လိုက်ကြရပြန်သည်။ ဒါလည်း ဘာမှမတွေ့ဘူး၊ ဘာမှမမြင်ဘူး။ အဲဒီမှာ နည်းနည်းမျက်စိမှုန်တဲ့ ကိုပေါက်ဆိန်ကြီးဆို မုဆိုးရဲ့ ထောင်ထားတဲ့ ခြေထောက်ကြီးနားအထိ လှည့်ပတ်ပြီး ကြည့်နေတော့တာ ဒါပေသိ သူလည်း ဘာမှမတွေ့၊ ဘာမှမမြင်သေးဘူး။

အဲဒီအချိန်မှာမှ မုဆိုးက စိတ်မရှည်တော့တဲ့ လေသံမျိုးနဲ့…

"ဘာတွေကြည့်နေကြတာတုန်း၊ ကျုပ်ခြေဖမိုးက ဒဏ်ရာကို ပြနေတာဗျ"

ဩော်… ဒီတော့မှ သူတို့အားလုံး တစ်ပြိုင်နက်တည်း အော်သံကြီးထွက်ပေါ်သွားပြီး မုဆိုးရဲ့ မြှောက်ထားတဲ့ ခြေထောက်က ခြေဖမိုးဆီ အကြည့်ရောက်သွားကြရပါတော့တယ်။

အဲဒီအခါကျမှ မုဆိုး ခြေဖမိုးပေါ်က အကင်းမသေသေးတဲ့ နှစ်လက်မနီးပါးလောက် ဟာပြဲကြီးဖြစ်နေတဲ့ ဒဏ်ရာကြီးကို သူတို့တွေ မြင်တွေ့လိုက်ကြရလေတော့သည်။

ဒါပေမဲ့လို့လည်းပဲ သူ့ခြေဖမိုးက ဒဏ်ရာကြီးနဲ့ သူ့ပြောသနှာ



www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်လိုမှ ဆက်စပ်စဉ်းစားလို့ မရကြသေးဘူး။ မျက်လုံးလေးတွေ ပေကလပ်ပေကလပ်နဲ့ ရှိနေကြဆဲပဲ။

အဲဒီအချိန်မှာမှ မုဆိုးက ထောင်ထားရလို့ ညောင်းနေတဲ့ သူ့ ခြေထောက်ကို မျက်နှာကြီး မဲ့ရှုံ့ကာ ပြန်ချရင်း…

"အား… ကျွတ်…ကျွတ်… ဒီ…ဒီမှာ ခင်ဗျားတို့အားလုံး ကျုပ်ခြေထောက်က ဒဏ်ရာကြီးကို မြင်ကြရပြီ မဟုတ်လား။ မုဆိုးတဲ့ ကရင်ကြီးလိုကောင်၊ ဒေါ်ဓာကြီးလို စုန်းကဝေမကြီးတွေနဲ့တောင် ဘာဒဏ်ရာ တစ်ချက်မှ မရခဲ့ဘဲ ပွဲပြီး မီးသေလုပ်ပြလာခဲ့တဲ့ကောင် နော်၊ တောက်…"

မုဆိုးက တောက်တစ်ချက်ကို ကျယ်လောင်စွာ ခေါက်လိုက်ပြီး သူ့စကားကို ဆတ်တငံ့ငံ့ ရပ်ထားလိုက်ပြန်သည်။ ပြီး ခဏကြာမှ ဆက်ပြီး…

"အခုတော့ဗျာ မုဆိုးရာဇဝင်ရိုင်းအောင် ခြေထောက်မှာ ဒဏ်ရာရခဲ့တယ်လို့၊ ဒါ ခွင့်လွှတ်ဖို့ကောင်းတဲ့အရာလား၊ ခွင့်မလွှတ်ဘူး၊ လုံးဝခွင့်မလွှတ်ဘူး၊ ခင်ဗျားတို့ ငြီးစားကြည့်ကြစမ်း ကျုပ်ဆိုတဲ့ကောင်က အညမညကောင် အလေ့ပမွှေးမဟုတ်ဘူး။ မုဆိုးဗျ၊





မုဆိုး၊ မုဆိုးတောင် ခပ်ညံ့ညံ့ ဆင်ဖမ်းကျားဖမ်းတဲ့ မုဆိုးမျိုး မဟုတ်ဘူး။ တစ္ဆေဖမ်းတဲ့ မုဆိုးဗျ"

ဒီကောင်ပြောလိုက်မှ အာဂဆင်ဖမ်းကျားဖမ်းတဲ့ မုဆိုးကြီးတွေတောင် ခပ်ညံ့ညံ့မုဆိုးတွေ ဖြစ်ကုန်ကြတော့သည်။ ဒါလည်းပဲ သူကြီး အပါအဝင် ရွာသားတွေ အကုန်လုံး သူပြောနေတဲ့စကားတွေကို သည်းခံပြီး နားထောင်နေကြဆဲပင်။ အဓိက သူ့ရဲ့အဖွယ်ကြီးအကြောင်းကို သိချင်နေကြတာကိုး၊ မုဆိုးကတော့ သူ့စကားတွေကို စိတ်ဝင်တစား နဲ့ နားထောင်နေကြတဲ့ လူတွေကြားထဲမှာ ဂိုက်ပေးကြွမ်းနေဆဲ။

"ကြည့်စမ်း အခုတော့ ဘယ်လောက်များ ရင်နာစရာကောင်းလိုက်သလဲလို့ဗျာ။ မုဆိုးခြေထောက်မှာ အခုလို သေရာပါဒဏ်ရာ တစ်ခုရလာခဲ့တယ်လို့ တစိမ့်စိမ့်တွေးလေ အသည်းနာလေပါပဲဗျာ"

နားထောင်နေတဲ့ သူကြီး နည်းနည်းနာကစ်ချင်လာပြီ။ ရွာသားတွေရဲ့ အကြည့်ကလည်း ရောက်ရောက်နိုင်တော့ဘူးဆိုတဲ့ အကြည့်တွေဖြစ်လာကြပြီ။

"အဟမ်း…အဟမ်း"

အံမယ် ဒါတောင် မုဆိုးက စကားစကို ဖြတ်ပြီး လည်ချောင်း

www.burmeseclassic.com



ရှင်းလိုက်ရသေးတယ်။ သူ့ ဘာဆက်ပြောဦးမလဲပေါ့။

"ဒီတော့ဗျာ ကျုပ်အနေနဲ့ ဒီကိစ္စကို ဘယ်လိုလုပ်ပြီး ခွင့်လွှတ်ပေးနိုင်တော့မှာတုံး။ ခွင့်မလွှတ်ဘူး။ လုံး…ဝ…လုံးဝကို ခွင့်မလွှတ်နိုင်ဘူးနဲ့တင် မုန့်လုံး စက္ကူကပ် လည်လိုက်လာတော့ သူကြီးလည်း လုံးဝကို စိတ်မရှည်နိုင်တော့ဘူး။ သူကလည်း စနေသား စိတ်က ခပ်ကြီးကြီးကိုး"

"ဟိတ်ကောင်… တော်တန်တိတ်"

ရုတ်တရက် ဒေါသနဲ့ ကုန်းအော်လိုက်တဲ့ သူကြီးအသံကြီးကြောင့် ခင်မောင်ရင်ပုံစံနဲ့ ပြောနေတဲ့ မုဆိုး တွန့်ဝင်သွားတော့သည်။ မထူးတော့ဘူး၊ သူကြီးလည်း ထွက်လက်စ ဒေါသနဲ့…

ဟိတ်ကောင် မုဆိုး မင်းဟာမင်း တစ္ဆေရော၊ သူရဲရော၊ ဘီလူးရော ဖမ်းတဲ့ မုဆိုးဖြစ်ဖြစ်၊ လိုရင်းစကားကို တိုတိုနဲ့ ရှင်းရှင်းပြောမလား၊ မပြောဘူးလား၊ မပြောရင် မင်းကို ငါကိုယ်တိုင် ထိပ်တုံးထဲ ဆွဲထည့်ရလိမ့်မယ်။ ဘိုးထွန်းတဲ့ကွ ဒီရွာမှာ မင်းတို့မမွေးခင်ကတည်းက သူကြီးလုပ်လာခဲ့တာကွနော်"

သူကြီး ပွဲကြမ်းလိုက်မှ မုဆိုး အမြီးကုတ်ပြီး မျက်နှာပေးပါ





ပြောင်းသွားတော့တယ်။ ဟုတ်တယ်လေ သူ့အဖို့ ဒီရွာမှာကြောက်ရတာ ရွာဦးကျောင်းဆရာတော်ရယ်၊ ဒီသူကြီးရယ်ပဲ ရှိတာ မဟုတ်လား။

ဒီတော့မှ မုဆိုးက မျက်နှာလေးကို လျှော့ချလိုက်ပြီး…

"ဒီ…ဒီလိုပါသူကြီး အခု ကျုပ်ခြေဖမိုးက ဒဏ်ရာက ညောင်ကြပ်ပင်ကြီးအောက်မှာ သူရဲကြီးနဲ့ နပမ်းလုံးရင်း ရလာခဲ့တာပါ"

မုဆိုးဆီက ဒီစကားကြားရော နားထောင်နေတဲ့ သူကြီးတောင် မျက်လုံးပြူးသွားတယ်။ ကျန်တဲ့လူတွေဆိုတာလည်း အကုန်လုံး ဟာခနဲ ဟင်ခနဲ ဖြစ်သွားကြရတော့တာပဲ။ အဲဒီအပြင် တစ်ယောက်တစ်ပေါက်နဲ့ ဆူညံသွားကြလို့ သူကြီးက သူ့လူတွေဘက် လှည့်ပြီး တားလိုက်ရသေးတယ်။

"ဟိတ်ကောင်တွေ အားလုံးငြိမ်ကြစမ်းပါဦးဟ‥တယ်…"

သူကြီးငေါက်လို့ အားလုံး ပြန်ငြိမ်သွားကြမှ…

"ကဲ… ဆက်ပြောစမ်းပါဦး မုဆိုး၊ မင်းအဖြစ်အပျက်ကို မင်းလက်ထဲရောက်နေတဲ့ အစွယ်ကြီးဆိုတာ အဲဒီကောင်ကြီးနဲ့ နပမ်းလုံးရင်း ရခဲ့တာလား"



www.burmeseclassic.com

www.burmeseclassic.com



"အစစ်ပေါ့ သူကြီးရယ်၊ ကျုပ်နည်းနည်းပေါ့သွားခဲ့လို့ အဲဒီကောင်ကြီးထွက်သွားရတာပေါ့။ နို့မို့များကတော့ အခုလောက်ရှိ အဲဒီသူရဲကောင်ကြီးကို ကြိုးတုပ်ပြီး သူကြီးဆီ ဖမ်းခေါ်လာပြီးပြီ"

"ဘာ… ဟောကောင်"

ဟုတ်တာ မဟုတ်တာထက် မုဆိုးကိုယ်တိုင်က ဒီလိုပြောလာတယ်ဆိုတော့ သူကြီးလည်း နည်းနည်းတော့ လန့်သွားတာပေါ့။ ဒါနဲ့ နောက်ဆုံးတော့…

မုဆိုးက သူ့နဲ့ ညောင်ကြပ်ပင်ကြီးအောက်က သူရဲကြီးနဲ့ သူနိုင်ကိုယ်နိုင် နပမ်းသတ်ခဲ့ရတဲ့ အကြောင်းကို ပြောပြပါတော့တယ်။

သူ့အဖြစ်အပျက်က တကယ့်ကို ထိတ်လန့်စရာကောင်းတဲ့ အဖြစ်အပျက်တစ်ခုပါပဲ။

□





နေဝင်ရီတရောအချိန်လို့ ဆိုရမယ်။

မုဆိုးခြေလှမ်းတွေကို အသားကုန်သုတ်လာခဲ့ပေမဲ့ ကြံပြင်ရွာအထွက်တင် နေလုံးကြီးက ပေါ်ယာကျွန်းဆီ ငုတ်လျှိုးသွားပြီ။

ဒီကနေ့မှ မကြုံစဖူး မုဆိုးတစ်ယောက် သူ့အမေ ဒေါ်မုံကြီးနိုင်းတဲ့ ဖောင်းတောရွာကို သဘောကောင်းကောင်းနဲ့ အကြွေးသွားတောင်းပေးပြီး ပြန်လာခဲ့တာပဲဖြစ်၏။ ဒီလို မုဆိုးသဘောကောင်းပြီး သူ့အမေအလုပ်တွေကို ကူလုပ်ပေးတတ်တာလည်း တစ်နှစ်နေလို့ တစ်ခါလောက်ပဲ ရှိမယ်ထင်တယ်။ သူ့အမေအလုပ်တွေကို ဒီကောင်ကိုရင်ကြက်တော ထန်းရည်ဆိုင်လောက်မှ မမက်တာကိုး။ဒါတောင်…

www.burmeseclassic.com



သိတဲ့အတိုင်း ဒေါ်ဖုံကြီးကလည်း သူ့သား အလီမှာတုံးလေးကို ဘာလုပ်လုပ် အပြစ်မမြင်တဲ့သူဆိုတော့ တစ်ခါတလေ ဒီလိုလုပ်ပေးတာကိုပဲ သူ့ဆိုင် လူကြပ်ကြပ်ရှပ်တဲ့ အချိန်ဆို ကြွားလို့မဆုံးတော့ဘူး။ သူ့သားကို ချီးမွမ်းခန်းဖွင့်တာပြောပါတယ်။ ကဲ… မိဘဆိုတော့လည်း ဒီလိုပဲလေဆိုတာနဲ့ပဲ ထားလိုက်ပါတော့။ အခု…မုဆိုးကြံ့ပြင်ရွာအထွက်တင် နေဝင်သွားတော့ ရှေ့တော်တော်လှမ်းသေးတဲ့ သူတို့ရွာရောက်ဖို့ဟာ မိုးစုန်းစုန်းချုပ်မှပဲ ရောက်တော့မယ်။ ဖြစ်ချင်တော့ ဒီနေ့မှ နောင်ပိန်တို့၊ ချက်ဖူးတို့၊ လုံထော်တို့ဆိုတဲ့ သူ့အပေါင်းပါ သူငယ်ချင်းရောင်းရင်း(၃)ကောင်ထဲက တစ်ကောင်ကောင်ကိုမှလည်း သူ့အဖော်မခေါ်ခဲ့မိဘူး။ အရင်တုန်းကဆိုရင်တော့ ဒီကောင်(၃) ကောင်ထဲက တစ်ကောင်ကောင် ဒါမှမဟုတ် သုံးကောင်စလုံးပါတတ်မြဲ။ ဒီနေ့မှ…

မုဆိုး ခြေလှမ်းတွေကို မပြေးရုံတမယ် တင်လိုက်တယ်။ ဒါလည်းပဲ အချိန်ကမမှီတော့ဘူး။ ဟိုးရှေ့က သူတို့ရွာကလေးကို မှုန်ပျပျလေး လှမ်းမြင်လိုက်ရတဲ့အချိန်မှာပဲ မိုးက စုန်းစုန်းချုပ်သွားတော့တယ်။ သိတဲ့အတိုင်း သူတို့ရွာနီးဝန်းကျင် ခင်တန်းတောတွေက မိုးချုပ်ပြီဆိုတာနဲ့ ပုရစ်အော်သံ၊ ပိုးကောင်မွှားကောင်အော်သံနဲ့ ညံစီလာပြီး ဒီကြားထဲဖြစ်ချင်တော့ အဲဒီအချိန်မှာမှ တစ်နေ့ခင်းလုံး ကြည်လင်နေခဲ့တဲ့ ရာသီဥတုကလည်း ရုတ်ချည်း ထဖောက်လာတယ်။ ဘာရှိရမလဲ။ အနောက်တောင်ဘက်ဆီက မိုးမှောင်တွေတက်လာပြီး မိုးနံ့နဲ့အတူ လေပြင်းတွေ တဝှီဝှီတိုက်လာတာပေါ့။

မုဆိုးခြေကုန်သုတ်နေရင်းက စိုးရိမ်သွားရတော့တယ်။ သူ့ရွာကို မရောက်မီ မိုးချလိုက်မှာကိုလေ။ ဘာပြောကောင်းမလဲ မိုးမှောင်ကကျ လေတွေက တဝေါဝေါ တဝှီးဝှီးတိုက်ခတ်နေတဲ့ကြားထဲက ရွာဆီကို ဒုန်းစိုင်းရတော့တာပေါ့။ သိပ်မကြာပါဘူး။ မုဆိုးဒုန်းစိုင်းလိုက် သုတ်ခြေတင်လိုက်နဲ့ပဲ သူ့တို့ရွာထိပ်က ညောင်ပင်ကြီးကိုတောင် ခပ်ဝါးဝါးမြင်လာရပြီ။ အဲဒီအချိန် အမှောင်ထဲမှာ ဘယ်ညာယိမ်းခဲ့လှုပ်ရှားနေတဲ့ ညောင်ကြပ်ပင်ကြီးဆိုတာ သစ်ရွက်သံတွေ တဟောဟော တဟဲဟဲနဲ့ တကယ့်တစ္ဆေကောင်ကြီးတစ်ကောင် ကခုန်နေသလိုပါ။ နေ့ခင်းလို အချိန်မျိုးတွေတောင် ရွာထဲက လူတွေကြောက်ကြတဲ့ ဒီညောင်ကြပ်ပင်ကြီးနားရောက်ပြီဆိုတဲ့အသိနဲ့ မုဆိုးနည်းနည်းတော့ စိတ်ထဲမှာ ထိတ်ခနဲဖြစ်သွားတယ်။ ဒါပေမဲ့ သိတယ်မဟုတ်လား







www.burmeseclassic.com

www.burmeseclassic.com



သူက မုဆိုးလေ မုဆိုးရာဇဝင်မှာ ဒါမျိုးတွေကြောက်နေရင် ရာဇဝင် ရှိုင်းသွားမှာပေါ့။

ဒီလိုနဲ့ မုဆိုး ညောင်ကြပ်ပင်ကြီးနားကို ရောက်လာတော့တယ်။ လေတွေကလည်း ဒီနားရောက်မှ ပိုကြမ်းလာသလား၊ အောက်မေ့ရတယ်။ ညောင်ကြပ်ကင်ကြီးဆီက သစ်ရွက်သံတွေ၊ အကိုင်းချင်းပွတ်ပြီး တကျွိကျွိမြည်နေတဲ့အသံတွေ တစ်ချက်တစ်ချက် ကိုင်းခြောက်တွေ ဖြောင်းခနဲ…ဝုန်းခနဲ ကျိုးကျသံတွေဟာ အသည်းငယ်တတ်သူတစ်ယောက်အဖို့ဆိုရင်တော့ တကယ့်ချောက်ချားစရာကြီးပဲ။ ပြီးတော့ ဒီကြားထဲ မိုးမှောင်ကျပြီး တဝေါဝေါတိုက်ခတ်နေတဲ့ လေသံတွေအကြား အသံမျိုးစုံနဲ့ လှုပ်ရှားနေတဲ့ ညောင်ကြပ်ပင်ကြီးရဲ့ သဏ္ဌာန်ကြီးကလည်း ဆိုခဲ့သလို မကောင်းဆိုးဝါးကြီးတစ်ကောင် မြူးနေသလိုဆိုတော့ မုဆိုးတောင် ဒီအပင်ကြီးအောက်က ဖြတ်သွားရဖို့ကို ခြေလှမ်းတွေတောင် တွန့်သလိုဖြစ်လာတော့တယ်။ မဖြတ်လို့ကလည်း မဖြစ်ဘူး၊ ရွာဆီသွားတဲ့လမ်းဟာ ဒီတစ်လမ်းပဲရှိတာလေ၊ ဒါနဲ့ သူလည်း တွန့်ချင်နေတဲ့စိတ်ကို မောင်းထုတ်ပြီး ညောင်ကြပ်ပင်ကြီးအောက်ကို ပင်လိုက်ရတော့တယ်။ အဲဒီမှာ ညောင်ကြပ်ပင်ကြီးအောက်





က ပိုပြီးတော့မည်းမှောင်နေတယ်။ အပင်ကြီးကလည်းကြီး အရွက်တွေကလည်း စေ့စေ့သိပ်နေမှကိုး။ အပင်ကြီးအောက်ရောက်လိုက်တာနဲ့ တစ်ပြိုင်နက် တဖြောဖြော တဝုန်းဝုန်း ဆူညံနေတဲ့အသံတွေဆိုတာလည်း ပြောမနေနဲ့တော့။ သစ်ကိုင်းခြောက်တွေ ခေါင်းပေါ် တည့်တည့်ပြုတ်ကျလိုက်လို့များကတော့ မလွယ်ဘူးဆိုတဲ့ အတွေးနဲ့ မုဆိုး ခပ်သုတ်သုတ်လှမ်းနေတဲ့ ခြေလှမ်းတွေကို တင်မလိုပြင်လိုက်တုန်း…

"ဟဲ့…သောက်ခွေး ဘာကြီးတုံးဟ"

မုဆိုး သူ့ရှေ့တည့်တည့်က မြင်လိုက်ရတဲ့ အရာကြီးကြောင့် ဆံပင်မွေးတွေတောင် ထောင်ထသွားရတယ်။ ကြက်သီးတွေကလည်း တစ်ကိုယ်လုံး ဖျင်းခနဲပဲ။

မှောင်နဲ့မည်းမည်းကြီးထဲ သူမြင်လိုက်ရတာက ရဲရဲနီနေတဲ့ အလုံးကြီးနှစ်လုံးနဲ့ ခပ်မည်းမည်းသဏ္ဌာန်ကြီး။

မုဆိုးခြေလှမ်းတွေ ဒန့်စတော့နဲ့ ရပ်သွားတယ်။ နောက်ပြီး ချက်ချင်းဆိုသလို သူ့အတွေးထဲမှာလည်း ဒီညောင်ကြပ်ပင်ကြီးအောက်မှာ ရှိနေတယ်ဆိုတဲ့ သူရဲကောင်းကြီးကို အမှတ်ရလိုက်မိတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူမြင်နေရတဲ့ ရဲရဲနီနေတဲ့ အလုံးကြီးနှစ်လုံးဟာလည်း သူ့ရဲကြီးရဲ့ မျက်လုံးကြီးတွေပဲ ဖြစ်မယ်လို့လည်း တွေးမိလိုက်ရော မုဆိုးတစ်ကိုယ်လုံး အေးစက်သွားသလို ခံစားလိုက်ရတော့တယ်။ ဒါပေမဲ့ သိတယ်မဟုတ်လား။ သူက မုဆိုးလေ ဒီလိုကောင်မျိုးတွေကို စွပ်ပြုတ်လုပ်သောက်ပစ်မယ်လို့ ကြုံးဝါးခဲ့တဲ့ကောင်။ ကြောက်မွေးပါရင် ဇာဂနာ ဆွဲနုတ်ပစ်လိုက်မယ်။ အဲဒီအချိန် သူမြင်နေရတဲ့ သူ့ရဲကောင်ကြီးရဲ့ မျက်လုံးနီနီကြီးတွေဆီက ဘွားခနဲ မီးတွေလွင့်ထွက်လာသလို သူ မြင်လိုက်ရပြန်တော့…

'ဘာလဲဟ… ဒီကောင်ကြီးက မီးသူ့ရဲကြီးလား' လို့ သူတွေး လိုက်မိပြီး 'ဘာကောင်ကြီးပဲ ဖြစ်ဖြစ် လာလိမ့်' ဆိုပြီး တစ်ခါဟည်း အဲဒီအကောင်ကြီးဆီ ပြေးဝင်သွားတော့တယ်၊ ကောင်းလိုက်တဲ့သတ္တိ မကြာပါဘူး၊ ညောင်ပင်ကြီးအောက်မှာ မုဆိုးနဲ့ သူ့ရဲကြီးတို့ သတ် လိုက်ကြတာဆိုတာ တဖုန်းဖုန်း တခွပ်ခွပ်နဲ့ ရွာက ဘုရားပွဲ၊ လက် ဝှေ့ပွဲလား အောက်မေ့ရတယ်။ အောင်မယ် ညောင်ကြပ်ပင်သူ့ရဲကြီး ကလည်း မခေဘူးခင်ဗျ၊ သူ့ကို တဖုန်းဖုန်းဝင်တီးတဲ့ မုဆိုးကို လက်ရည်ညီပြန် သတ်နိုင်တယ်။ သိတဲ့အတိုင်း မုဆိုးဆိုတဲ့ကောင်





ကလည်း လူကသာငယ်တယ်။ သွက်လိုက်တဲ့ လက်သီး၊ တံတောင် ခြေဖျား၊ ဒူးပျံတွေဆိုတာ ဝီခေါ်နေတာပဲ။ မုဆိုးက ဝီခေါ်နေသလို ဟိုအကောင်ကြီးကလည်း လက်သံပြောင်သလား မမေးနဲ့။ နှစ်ကောင် သားဆိုတာ 'ဖုန်း' ခနဲ 'အု' ခနဲ၊ ခွပ်ခနဲ 'အိ' ခနဲပဲ။ ဒါပေမဲ့ သူတို့ နှစ်ကောင်သတ်သာ သတ်နေကြရတယ်၊ တစ်ယောက်နဲ့တစ်ယောက် မြင်ကြရတာ မဟုတ်ဘူး၊ ဒီလောက်မှောင်နဲ့မည်းမည်းကြီးမှာ ဘယ် မြင်ကြရပါ့မတုံး၊ ရမ်းသန်းပြီး တီးနေကြရတာ၊ ကြာတော့ နှစ်ကောင် သား မောကလည်းမော၊ နာကလည်းနာနဲ့၊ လက်ပန်းကျလာကြပြီ။ ဒါပေသိ ဘယ်သူ့ဘယ်သူမှ အရှုံးမပေးကြသေးဘူး၊ နောက်ဆုံး လက်တွေခြေတွေ မသယ်နိုင်လောက်အောင်ကို အမောဆိုက်လာကြ တော့မှ မုဆိုး ရှိသမျှအားတွေ ဖျစ်ညှစ်ပြီး 'ကိုင်းဟာ' ဆိုပြီး သူ့ရဲကြီး ကို နပန်းလုံးတော့တယ်။ ပြောသာပြောရတယ်၊ သူ့ရဲဆိုတဲ့ အကောင် ကြီးကလည်း သူ့လောက်မှ ထွိန်နင် ရှိပုံမရဘူး၊ ဖုန်းခနဲ ပစ်လဲကျ သွားပြီး နှစ်ကောင်သား လိမ့်သွားတော့တယ်။ အဲဒီမှာ တစ်ခုက မုဆိုးကလည်း မုဆိုးဆိုတဲ့ မာန်ရှိသလို သူ့ရဲကောင်ကြီးကလည်း တစ်သက်လုံး ညောင်ကြပ်ပင်ကြီးအောက်မှာ မင်းမူလာခဲ့လို့ သူ့



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာအကျမခံဘူးလို့ပဲ ပြောရမလား။ တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်ထိထိ 'အား' တို့ 'အောင်မလေးဗျ'တို့ မအော်ဘူး 'အီး'၊ 'အု' ဆိုတာလောက်ပဲ ပါးစပ်က လေထွက်သံနဲ့ ကြိတ်ခံနေကြတာ ခု နှစ်ကောင်သား နပန်းဖက်လုံးပြန်တော့လည်း ဒီလိုပဲ။ အသံကို မထွက်ဘူး၊ အော်လိုက်ရင် သိက္ခာကျမယ်လို့ ထင်ထားကြမှကိုး၊ ဒါပေမဲ့ မုဆိုးခမျာတော့ ခုနက အဝေးသတ် သတ်နေတုန်းကတော့ ဘာမှမသိသာပေမဲ့ အခုလို အနီးကပ် ဖက်နပမ်းလုံးကြတော့မှ သူ့ဘက်က အရေးနိမ့်လာသလို ဖြစ်လာတယ်။ သူက အကောင်သေးတာကိုး၊ ဟိုကောင်ကြီးက သူ့ခန္ဓာကိုယ်နဲ့ စာလိုက်ရင် နည်းတာကြီး မဟုတ်ဘူး၊ နပန်းလုံးနေရင်းနဲ့မှ စမ်းမိလိုက်တဲ့ သူ့ခန္ဓာကိုယ်ကြီးပေါ်က အမွေးကြမ်းကြီးတွေဆိုတာလည်း တကယ်ကို ကြက်သီးတချင်စရာ။

နောက်ဆုံးတော့ 'မဖြစ်ချေတော့ဘူး' ဆိုပြီး မုဆိုး ဘုန်းကြီးကျောင်းနေတုန်းက သူ့ဆရာကိုရင်ကြီး ဦးစန္ဒိမ သင်ပေးထားခဲ့တဲ့ အကွက်တွေထဲက မပါခဲ့တဲ့ အကွက်တစ်ကွက်ကို ထုတ်သုံးလိုက်ရတော့တယ်။ ဘာအကွက်တုန်း သိလား၊ ခြေသိုင်း (၃၆) ကွက်





လက်သိုင်း (၁၈) ကွက်မှာ တစ်ကွက်မှမပါတဲ့ ပါးစပ်ကွက်၊ မတတ်နိုင်တော့ဘူးလေ၊ တစ်ခါတည်း တွေ့တဲ့နေရာဖမ်းပြီး အသားကုန်ကိုက်ထည့်ပစ်လိုက်တော့တာ ကုတ်ပိုးနေရာလို့တော့ ထင်တာပဲ။ အမွေးကြမ်းကြီးတွေဆိုတာ သူ့ပါးစပ်ထဲမှာ အပြည့်လိုက်၊ အဲဒီတော့မှ မောင်မင်းကြီးသား သူရဲအသံနက်ကြီးနဲ့ အော်ပြီး လူချင်းခွာသွားတော့တယ်။ ဒါတောင် ရိုးရိုးခွာသွားတာတော့မဟုတ်ဘူး၊ သူ့ကို အသားကုန် ကုန်းကိုက်လိုက်တဲ့ မုဆိုးမျက်နှာတည့်တည့်ကို သူ့လက်ကြမ်းကြီးနဲ့ ဖြောင်းခနဲတီးထည့်ပြီးမှ ခွာသွားတာ။ မုဆိုးခမျာလည်း မှောင်နဲ့မည်းမည်းကြီးထဲမှာ တစ်ခါတည်း ကြယ်တွေလတွေ ချက်ချင်းမြင်သွားရတော့တယ်။ ဒါပေမဲ့ သူ့ပါးစပ်ကွက်ကတော့ တော်တော်သိရောက်သွားပုံပေါက်တယ်။ လူချင်းကွာသွားတာနဲ့ ဟိုကောင်ကြီး ဒူးဝူးဝါးဝါးအော်ပြီး ချာလပတ်ရမ်းနေတယ်။ ဒီတော့မှ မုဆိုးလည်း ရတဲ့အခွင့်အရေးကို လက်မလွှတ်တော့ဘဲ မြေကြီးပေါ်မှာ ချာလပတ်ရမ်းနေတဲ့ သူရဲကောင်းကြီးကို ခြေထောက်နဲ့ အသားကုန်ကြုံးသမလိုက်တော့တယ်။ အဲဒီမှာ 'ဂုတ်' ဆိုတဲ့အသံကြီးနဲ့အတူ မုဆိုးပါးစပ်ကလည်း အုခနဲ အသံထွက်သွားရတော့တယ်။ ဒါတောင် အော်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မိမလိုဖြစ်ပြီးမှ မနည်းသတိထားလိုက်ရလို့ မှာလိုက်တဲ့ဖြစ်ခြင်း ကျောက်တုံးကြီးကို ကန်လိုက်ရသလား အောက်မေ့ရတယ်။ သူ့ညာ ခြေဖမိုးခုံတစ်ခုလုံးလည်း ထုံကျင်သွားရတော့တာကိုး၊ ကျိုးပြီးလား တောင် မှတ်လိုက်ရတာ။ ခံလိုက်ရတဲ့ သူ့ရဲ့ကောင်ကြီးဆိုတာတော့ ပြောမနေတော့နဲ့။ တစ်ခါတည်း နွားကြီးတစ်ကောင်ကို ငယ်ထိပ် ပုဆိန်နဲ့နှက်လိုက်လို့ အော်လိုက်တဲ့အသံကြီးမျိုးနဲ့ တစ်ချက်အော်ပြီး နေရာကနေ ဝေါခနဲ ပြေးထွက်သွားတော့တယ်။ တစ်ဒင်္ဂတော့ မုဆိုး တစ်ယောက်တည်း နေရာမှာ မတ်တတ်ရပ်ကြီး ကျန်ရစ်နေသေး တယ်။ နောက်မှ သူလည်း သတိဝင်လာပြီး ထုံကျင်နေတဲ့ ခြေထောက် တစ်ဖက်နဲ့ ခြေတစ်ပေါင်ကျိုး ညောင်ကြပ်ပင်ကြီးအောက်က ပြေး ထွက်ခဲ့ရတော့တယ်။ အဲဒီနောက်မှာတော့ မုဆိုးခမျာလည်း ခြေတစ် ပေါင်ကျိုးပြေးလိုက်၊ ထော့နဲ့ထော့နဲ့ပြေးလိုက်နဲ့ ရွာထဲကို အသား ကုန် ဒုန်းသုတ်လာရတော့တာပါပဲ။

မုဆိုး အိမ်ပြန်ရောက်တော့ သူ့အမေ ဒေါ်ဖုံကြီးပင် ကုန်စုံဆိုင် သိမ်းပြီး အိမ်အပေါ်ထပ်မှာ ဘုရားရှိခိုးနေပြီ။

သူ့ခမျာ ချွေးအရွှဲသားနဲ့ အမောကလည်း စို့လာတာမို့ အသံ





တောင် မထွက်နိုင်သေးဘူး၊ ဒါပေမဲ့ သူ့အိမ်အောက်ထပ်ရောက်တာ နဲ့ ထွန်းထားတဲ့ မှန်အိမ်အလင်းရောင်နဲ့ ပထမဆုံးကြည့်လိုက်မိတာ ခုထိ ထုံကျင်နေပြီး ထိလို့ထိမှန်းတောင် မသိသေးတဲ့ သူ့ခြေထောက် ရယ်လေ၊ သွေးတွေနဲ့ ချက်ချင်းကြီး ရောင်ခုံးလာတာဆိုတာ မြင်ဖို့ တောင် မကောင်းဘူး။ ဒါနဲ့ သူ ဒဏ်ရာကို သေသေချာချာ ဆက် ပြီး ကြည့်ရှုမိလိုက်ပြန်တော့...

လား...လား... ခြေဖမိုးခုံပေါ်မှာ ကွဲသွားတဲ့ ဒဏ်ရာဟက် ပက်ကြီး နှစ်လက်မလောက်ရှိတယ်။ နောက်ပြီး အဲဒီဒဏ်ရာကြီးထဲ မှာ တစ်စုံတစ်ခုကလည်း စိုက်ဝင်နေတယ်။ မုဆိုးမျက်လုံးကြီးတွေ ပြူးသထက် ပြူးလာပြီး တအံ့တသြနဲ့ သူ့ခြေထောက်ဒဏ်ရာထဲက အရာကြီးကို အံကြိတ်ပြီး ဆွဲနှုတ်လိုက်ရတယ်။

"အိ"

အသည်းခိုက်လောက်အောင် နာကျင်သွားတာမို့ မုဆိုးမျက်နှာ ကြီး ရှုံ့မဲ့သွားတယ်။ ဒါတောင် သွေးပူနေပြီး ထုံကျင်နေတုန်းမို့ သွေးအေးသွားမှဆို မလွယ်ဘူး၊ ပြီးမှ မုဆိုး သူ့လက်ထဲပါလာခဲ့တဲ့ သွေးစအလူးလူးနဲ့ အရာကြီးကို မှန်အိမ်မီးရောင်နဲ့ သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တယ်။ သူ…သူ့ရဲ့ကြီးကို ခြေထောက်နဲ့ ကန်လိုက်တာမှာ ဘယ်လိုဖြစ်ပြီး ဒီငှက်က စူးလာရသလဲပေါ့။ ဒါပေမဲ့ မီးရောင်နဲ့ သူ့လက်ထဲမှ မြင်တွေ့လိုက်ရတဲ့ အရာကြီးက သူထင်သလို သစ်သားငှက်စတစ်ခု မဟုတ်ဘူး။

အရောင်ဖွေးဖွေးနဲ့ သွားအစွယ်ကြီးတစ်ချောင်းဖြစ်နေတယ်။ မှဆိုး သွားစွယ်ကြီးကို အံ့သြထိတ်လန့်စွာနဲ့ ကြောင်ကြည့်နေမိတယ်။

"ဒါ…ဒါ… ဟိုကောင်ကြီးရဲ့ သူ…သူ့ရဲ့အစွယ်ကြီး"

သူ့ခေါင်းထဲက ချက်ချင်းသိလိုက်တော့တယ်။ ပြီးတော့လည်း သူ 'ဂုတ်' ခနဲကန်မိခဲ့တာ သူ့ရဲ့ကြီးရဲ့ပါးစပ်နေရာပဲ ဖြစ်မယ်လို့လည်း တွေးမိလိုက်ရော တဆတ်ဆတ်တုန်ရင်နေတဲ့ သူ့လက်ထဲက သူ့ရဲ့ အစွယ်ကြီးဟာ အောက်ကို ဒေါက်ခနဲ ပြုတ်ကျသွားရပါတော့တယ်။

❑





မုဆိုးစကားကို အစအဆုံး နားထောင်နေကြတဲ့ သူကြီးနဲ့ ရွာသားတွေ မုဆိုးစကားလည်း ဆုံးရော တစ်ယောက်မှ စကားမပြောနိုင်ကြတော့ဘူး၊ အဲဒီအချိန် တိတ်ဆိတ်သွားလိုက်တာများဆိုတာ ပုရွက်ဆိတ်လေလည်ရင်တောင် ကြားနိုင်လောက်တယ်။

ခဏအကြာမှာမှ သူကြီးဆီက တုန်တုန်ယင်ယင်နဲ့ အသံတစ်ခု စထွက်လာတယ်။

"မုဆိုး… မင်း… မင်း… အခုပြောနေတာတွေ တ… တကယ်ကွနော်"

"ရော်… ခက်တော့နေပြီ၊ ဒီသူကြီးနှယ်" ဆိုတဲ့ အကြည့်



www.burmeseclassic.com

www.burmeseclassic.com



မျိုးနဲ့ မှဆိုး သူကြီးမျက်နှာကို တစ်ချက်ပြန်ကြည့်တယ်။ ပြီးမှ မှဆိုးက မခိုးမခန့် ပြုံးပြီး သူ့ရင်ဘတ်ကြားက အတွင်းအိတ်ထဲကို လက်တစ်ဖက်ရောက်သွားတယ်။ ခဏကြာတော့ သူ့လက်ကို ဖျတ်ခနဲ ဆွဲထုတ်လိုက်ပြီး ပါလာတဲ့ သူရဲအစွယ်ကြီးကို ဒင်္ဂါးပြားတစ်ပြား မြှောက်သလို အပေါ်ကို လက်မနဲ့တောက်ကာ မြှောက်လိုက်ပြီးမှ ဖျတ်ခနဲ ပြန်ဖမ်းလိုက်တယ်။ ပြီးမှ လက်ထဲမှာ ဟန်ပါပါဆုပ်ထားရင်းက…

"ဘယ်အလုပ်ပဲလုပ်လုပ် မှဆိုးတို့က သက်သေသက္ခာယ အခိုင်အလုံနဲ့မှ လုပ်တတ်တယ်။ ဟောဒီမှာကြည့်" ဆိုပြီး လက်ဝါးထဲက ဆုပ်ထားတဲ့ သူရဲအစွယ်ကြီးကို သူကြီးမျက်နှာနားကပ်ပြီး ဖြန့်ပြလိုက်တယ်။ ဒါပေမဲ့ ဖြစ်ချင်တော့ သူဖြန့်ပြလိုက်တာ သူရဲအစွယ်ကြီး ဖြစ်မနေဘဲ ဆေးပေါ့လိပ်ဖင်စီခံကြီးတစ်ခုဖြစ်နေတယ်။ ဒါကိုပဲ မှဆိုးက သူ့လက်ထဲက ဆေးပေါ့လိပ်ဖင်စီခံကြီးကို ယောင်လို့ တစ်ချက်မကြည့်သေးဘဲနဲ့ သူကြီးမျက်နှာကိုသာ အပိုင်ကြည့်ပြီး…

"သေချာကြည့်ထား သူကြီး။ ဒါမျိုးက ခင်ဗျား ဒီတစ်သက်မပြောနဲ့ နှောင်ဆယ်သက်ထက်တောင် မြင်ဖူးဖို့ မလွယ်တဲ့အရာတစ်ခု





ပဲ။ အခုကျုပ်ပြလို့ မြင်ရတာဟာ အင်မတန်ကံကောင်းတယ်မှတ်ပါ"

သူကြီးလည်း ပထမတော့ အဟုတ်လားလို့ မှဆိုးလက်ထဲက သူရဲအစွယ်ဆိုတာကြီးကို စိတ်အားထက်သန်စွာနဲ့ ကြည့်လိုက်မှကိုး။ ပြီးမှ သူရဲအစွယ်မပြောနဲ့ ခွေးအစွယ်လိုဟာမျိုးတောင် မမြင်လိုက်ရဘဲ ဆေးလိပ်ဖင်စီခံတစ်ခုသာဖြစ်နေတော့ မျက်ခုံးကြီးတစ်ခုလုံး ထမင်းအိုးဖင်ကြီးလို မည်းတုံးသွားတော့တယ်။ အဲဒီအချိန် သူကြီးနဲ့ ကွယ်နေလို့ နောက်မှာရှိနေကြတဲ့ ရွာသားတွေကတော့ မှဆိုးလက်ထဲက ဘာဆိုတာကို မတွေ့လိုက်ကြရဘူး။ မှဆိုးကလည်း သူကြီးကို ပြပြီးတာနဲ့ ဖတ်ခနဲ လက်ဝါးကိုပြန်ပိတ်ပြီး သူကြီးမျက်နှာ ဘယ်လိုဖြစ်သွားပါလိမ့်လို့ အကဲခတ်နေတုန်း သူကြီးမျက်လုံးကြီးနှစ်လုံးက ဒေါသအငွေ့တွေ တချောင်းချောင်းထွက်လာပြီ။

"ဟောကောင် မောင်ဦး"

"ခင်ဗျား သူကြီးမင်း"

သူ့နောက်က တပည့်ကျော် မောင်ဦး ချက်ချင်းခုန်ထွက်လာတယ်။ မောင်ဦးဆိုတာက သူကြီးတပည့်တွေထဲမှာ အထွားဆုံး၊ အသန်ဆုံးကောင်ကြီး လူကောင်ကြီးသလောက် ဦးနှောက်က ဖြုတ်ဦးနှောက်



www.burmeseclassic.com

www.burmeseclassic.com



လောက်သာ ရှိတာရယ်၊ ဒါပေမယ့်လို့ သူကြီးကိုယ်တိုင်က ကျေးရွာကာကွယ်ရေးခေါင်းဆောင်ခန့်ထားလေတော့ လမ်းလျှောက်တာတောင် သံပတ်ပေးထားတဲ့ စက်ရုပ်ကြီးလို ရင်ကော့ခေါင်းမော့ပြီး လက်နှစ်ဖက်ကို ဘယ်ညာအပြည့်လွှဲပြီး လျှောက်တတ်တာကလား၊ အခုသူကြီးက ဒီကောင်ကြီးကို ရုတ်တရက်ခေါ်လိုက်တော့ မုဆိုး နားမလည်နိုင်အောင်ကို ဖြစ်သွားရတယ်။ သူ ဘာများမှားလိုက်သလဲပေါ့။ တကယ်တမ်း ဖြစ်ပါကလည်း မုဆိုးကိုယ်တိုင် သူ့အိတ်ထဲမှာ ထည့်ထားခဲ့တဲ့ သူရဲအစွယ်ကြီးနဲ့ ဆေးလိပ်တိုဖင်စီခံကို မှားနှိုက်ပြီး ပြလိုက်မိတာ မသိသေးဘူး။ အဲဒီအချိန် သူကြီးကလည်း မုဆိုးဆိုတဲ့ကောင် မဟုတ်မဟုတ်တွေ လူအထင်ကြီးအောင် လုပ်ပြောပြီး သူ့ကိုတောင် မခန့်လေးစား နားလည်ပါးလည်နဲ့ ဆေးလိပ်ဖင်စီခံကို သူရဲအစွယ်လိုလို ဘာလိုလိုပြတာဟာ သူ့ကို ပိုသက်သက်မဲ့ ဂရုမစိုက်အရှုံးလုပ်တာလို့ ထင်မြင်သွားမှကိုး။

ဒီလိုနဲ့ မုဆိုးခမျာ ခုန်ထွက်လာတဲ့ မောင်ဦးကြီးကို ကြောင်တောင်တောင်ကြည့်နေတုန်း သူကြီးဆီက ခပ်ပြတ်ပြတ်အမိန့်ပေးသံထွက်လာတော့တယ်။





"ဒီကောင်ကို ထိပ်တုံးထဲ ခတ်ထားလိုက်စမ်း"

"ဟုတ်"

"ဟာ… သ…သူကြီး"

မုဆိုး သူကြီးကို အသည်းအသန်ရှင်းပြဖို့ ကြိုးစားချိန်မှာပဲ၊ သူကြီးက ချာခနဲလှည့်ပြီး သူ့အိမ်ပေါ်ကို ခြေသံပြင်းပြင်းနဲ့ နင်းတက်သွားလေပြီ။

❑



www.burmeseclassic.com

www.burmeseclassic.com



တောက်... ဒါ သူကြီး တမင်သက်သက် ငါ့ကို စော်ကား လိုက်တာ ဖြေရှင်းခွင့်လေးတောင် မပေးဘဲ ငါ လူကြီးပဲဆိုပြီး ထိပ်တုံးသရမ်းလိုက်တာ။

ဒေါသဖြစ်နေတဲ့ မုဆိုးရဲ့မျက်နှာကို နောင်ပိန်တို့ သုံးဦး ထိတ်လန့်တကြားနဲ့ ကြည့်လိုက်မိကြသည်။ မုဆိုးမျက်နှာက ဘယ်လောက်တောင် ခံစားနေရသည်မသိ။ ဒေါသဖြင့် မျက်နှာတစ်ခုလုံး မည်းချိတ်နေလေသည်။ (သူ့ခမျာ အသားကမည်းတော့ သူများလို မျက်နှာမနီနိုင်ဘူးပေါ့လေ)

"မသကာ ထိပ်တုံးခတ်ရုံလောက်အထိပဲ ဆိုရင်တောင် ငါ





ကျေနပ်နိုင်ပါသေးတယ်ကွာ၊ တောက်... အခုတော့..."

ဟုတ်တော့လည်း ဟုတ်သည်၊ အဲဒီနေ့က မုဆိုး သူ့အိတ်ထောင်ထဲမှာ အမြဲဆောင်ထားတဲ့ သူ့ရဲအစွယ်ကြီးနဲ့ ဆေးလိပ်ဖင်စီခံတို့မှားပြမိလို့ ထိပ်တုံး တစ်နေ့နဲ့တစ်ည အခတ်ခံလိုက်ရတဲ့အပြင် သူကြီးက မုဆိုးကို ထပ်ဆင့် အမိန့်ထုတ်လိုက်ပုံကလည်း ကြည့်ဦးလေ။

"နောက်ထပ် ညောင်ကြပ်ပင်ကြီးကိစ္စနဲ့ ပတ်သက်လို့ ရွာထဲက လူတွေကို ထင်ယောင်ထင်မှားဖြစ်အောင် ပြောဆိုခြင်း၊ လုပ်ကိုင်ခြင်း လုံးဝ မပြုရ။ အမိန့်မနာခံဘဲ ယင်းကိစ္စနှင့် ပတ်သက်၍ ပြောဆိုခြင်း၊ လုပ်ကိုင်ခဲ့ခြင်းရှိသော် ဒဏ်ငွေတစ်ဆယ်နှင့် ထိပ်တုံး (၇) ရက်တဲ့လေ။ မုဆိုးအသည်းနာတာ အဲဒီအမိန့်ကို။

"တောက်"

မုဆိုးထံမှ ဘယ်နှစ်ကြိမ်မြောက်မှန်း မသိသော တောက်ခတ်သံတစ်ချက် ထပ်မံထွက်ပေါ်လာပြန်သည်။

"မင်းတို့အားလုံး စဉ်းစားကြည့်ကြစမ်း ငါကိုယ်တိုင် မုဆိုးဘွဲ့ခံပြီးမှ ဒီအပင်ကြီးအောက်က ဟိုအကောင်ကြီးကို ဒီအတိုင်းမွှင့်



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးလိုက်ရတော့မှာလား၊ ပြီးတော့ အခုကိစ္စက ငါ့လော်မာပြီး ပြောခဲ့တာလည်း မဟုတ်၊ အမှန်တကယ် ဖြစ်ပျက်ခဲ့တာကွ၊ ဟောဒီမှာ ဒီကောင်ကြီးရဲ့ အစွယ်ကြီးကလည်း ငါ့ဆီမှာ အမှန်တကယ်ရှိနေတာ။ ဒါကိုပဲ ရွာကလူတွေ ထင်ယောင်ထင်မှားဖြစ်အောင် ဆိုတဲ့စကားက ငါ့သိက္ခာကို သက်သက်ချလိုက်တာ''

နောင်ပိန်၊ ချက်ဖူးနဲ့ လုံထော်တို့ သုံးဦးကတော့ မုဆိုးဝုန်းခန် ချပြလိုက်တဲ့…ထန်းရည်ဝိုင်းစားပွဲပေါ်က တစ်လက်မကျော်ကျော် ခန့်ရှိ သူ့ရဲ့အစွယ်ဖွေးဖွေးကြီးကို တုန်လှုပ်စွာ ကြည့်နေမိကြတယ်။ အရင်ဆို ဘယ်သူတွေဘာပြောပြော ထန်းရည်ကိုသာလျှင် မပြီးသောက်နေတတ်တဲ့ လုံထော်တော် ထန်းရည်ခွက်ကြီးကိုင်ပေ‌ပြီး ဒေါသဖြစ်နေတဲ့ မုဆိုးမျက်နှာကိုကြည့်လိုက် စားပွဲပေါ်က သူ့ရဲ့ အစွယ်ကြီးဆိုတာကို ကြည့်လိုက်လုပ်နေတော့တာ။

ခဏအကြာမှ နောင်ပိန်က အပြစ်တင်တဲ့ လေသံနဲ့…

''မင်းကလည်း တကယ့်အရေးထဲကျမှမှာပဲ မှားနိုင်လွန်းတယ်။ ငါသာ သူကြီးနေရာမှာဆိုလည်း ဒီအတိုင်းပဲလုပ်မိမှာ''

ချက်ဖူးကလည်း…





''ဟုတ်တယ်၊ မုဆိုး မင်းက တကယ့်အချိန်မှ ထမှားတော့ မင်းပြောတာကို ဘယ်သူက ယုံတော့မှာတုံး၊ နောက်ပြီး ငါတို့တွေမှာ အရင်တုန်းက သာခကတွေကလည်း အများကြီးရှိခဲ့ဖူးတော့ အရင်လိုပဲ ထင်ကြတော့မှာပေါ့''

ဒီတစ်ခါတော့ ချက်ဖူးစကားကြောင့် မုဆိုးငြိမ်သွားသည်။ ချက်ဖူးပြောတာ ဟုတ်တော့လည်း ဟုတ်နေတာကိုး။ အဲ့ဒီအချိန်မှာပဲ သူတို့နဲ့စာရင် အမြဲတမ်း စကားအေးတဲ့ လုံထော်ကလည်း…

''ဟုတ်တယ်ကွ၊ ဒါတော့ ငါလည်းထောက်ခံတယ်။ အခြားကြည့်နဲ့ ဟိုတစ်လောက ကိုသာအေးကြီးကိစ္စကိုပဲ ကြည့်။ အဲဒီ ကတည်းက သူကြီးထိပ်တုံးနဲ့ညှားဖို့ နည်းနည်းပဲလိုတော့တာ။ ဒီတော့ သူကြီးကလည်း မင်းစကား ဘယ်လိုလုပ်ယုံတော့မလဲ''

လုံထော်ပြောလိုက်မှ သူတို့အားလုံး ဟိုတစ်လောက ကိစ္စကို အမှတ်ရသွားကြပြန်တယ်။ ဟုတ်တယ် အဲဒီတုန်းကလည်း တရားခံ ဒီကောင် မုဆိုးပဲ သူလုပ်လိုက်မှဖြင့် အရာရာနဲ့ အကြောင်းကြောင့် ည်းပဲကိုး။ ကိုသာအေးဆိုတာက သူတို့ရွာမှာ တော်တော်အရေးပါ ရာရောက်တဲ့ လူတစ်ယောက်ရယ်။ မြို့ပေါ်မှာ အရေးပိုင် ရာဇဝင်

www.burmeseclassic.com



အုပ်တွေနဲ့လည်း တော်တော် ပေါက်ပေါက်ရောက်ရောက်ရှိတယ်လို့ ဆိုတယ်။ သူကိုယ်တိုင်ကလည်း ရွာမျက်နှာဖုံးစာရင်းထဲမှာ ပါလောက်အောင် ပစ္စည်းလည်း တော်တော်ရှိတာကိုး။ နောက်ပြီး သူတို့ရွာမှာ မြို့ပေါ်ကို အသွားအများဆုံးနဲ့ အခြားနယ်အကြောင်း အရပ်အကြောင်းတွေကိုလည်း ကိုသာအေးက နံ့နံ့စပ်စပ်ရှိတဲ့ လူတစ်ယောက်။ ဒါပေမဲ့ ဖြစ်ပုံက ကိုသာအေးဟာ စာကျတော့ သိပ်မတတ်ရှာဘူး။ နည်းနည်းပါးပါး သေစာရှင်စာလောက်ပဲ ရေးတတ်ဖတ်တတ်တယ်ဆိုပါတော့ ဒါကလည်း ရွာထဲက မုဆိုးတို့လို အကြောင်းသိတဲ့လူတွေလောက်ပဲသိကြတာ။ မသိတဲ့လူတွေကတော့ ကိုသာအေးကို မြို့ပေါ်က အိုင်အေတန်းအောင်ပြီးထားတဲ့လူလားလို့ပဲ ထင်ကြတယ်။ ဒီလူကလည်း သူ့ကိုယ်သူ အဲဒီလိုမျိုးထင်အောင် အနေအထိုင်ကစတိုင်လ်ကြီးနဲ့ နေတတ်တာကိုး။ ကြည့်ဦးလေ သူတို့ရွာလေးဆိုတာ သံတော်ဆင့်လို့ သတင်းစာမျိုးတောင် တစ်ခါတလေ သူကြီးဖတ်ဖို့ တစ်ပတ်တစ်ခါလောက်မှ မြို့ကလူကြုံနဲ့မှာပြီး ဖတ်ရတာကို ကိုသာအေးဆိုတဲ့လူက သူသွားလေရာ လက်ထဲမှာ အင်္ဂလိပ်တိုင်းသတင်းစာလိုမျိုးကိုကိုင်ပြီး ဝိုက်ပေးကြွမ်းတာ။ သူပြောလိုက်တဲ့





စကားလုံးတိုင်းကလည်း အင်္ဂလန်တို့၊ ဂျာမနီတို့ကကို မကျဘူး။ ဒီလိုဆိုတော့ တစ်နှစ်နေလို့မှ မြို့ပေါ်ကို တစ်ခေါက်မရောက်ဘူးကြတဲ့ ရွာသားတွေအဖို့ ကိုသာအေးပြောသမျှပေါ့။ ကဲ…ထားတော့ ကိုသာအေးနဲ့ မုဆိုးတို့ဖြစ်တဲ့ကိစ္စက…

အင်း… အဲဒီတုန်းက အခုသူ့ရဲ့အစွယ်ကြီးကိစ္စ မပေါ်သေးဘူး။ မြို့ကပြန်လာတဲ့ ကိုသာအေးဆီက သတင်းထူးထူးဆန်းဆန်းတွေ ပါလာတယ်။

အင်္ဂလန်မှာ စစ်ကြီးဖြစ်နေပြီတဲ့ ကမ္ဘာနဲ့ချီဖြစ်တဲ့ ကမ္ဘာစစ်ကြီးတဲ့ မကြာခင်မှာ အဲဒီကမ္ဘာစစ်ကြီးက သူတို့မြန်မာပြည်ကိုတောင် စစ်မီးကူးလာတော့မယ်တဲ့။

ကိုသာအေးယူလာတဲ့သတင်းကြောင့် သူကြီးအစ ဆရာတော်အဆုံး တစ်ရွာလုံး အုံးအုံးကျွက်ကျွက်ဖြစ်သွားတယ်။

ကိုသာအေးဆိုတဲ့လူကလည်း အတိအကျလိုဆိုတာ အခုတောင် သူတို့ဆီက ဗိုလ်ချုပ်ဟာ ဂျပန်နိုင်ငံကို လူအယောက် (၃၀) နဲ့ စစ်ပညာသွားသင်နေပြီဖြစ်တဲ့အကြောင်း မကြာခင် ဗိုလ်ချုပ်နဲ့အတူ ဂျပန်စစ်တပ်တွေဟာ မြန်မာပြည်ကို ရောက်လာပြီး အင်္ဂလိပ်

www.burmeseclassic.com



တွေနဲ့ စစ်ဖြစ်ကြတော့မယ့်အကြောင်း အစုံပဲဆိုပါတော့။

ဒီလိုဆိုတော့ ရွာမှာ တာဝန်အရှိဆုံးဖြစ်တဲ့ သူကြီးလည်း မနေသာတော့ဘူး၊ စစ်ဖြစ်လာရင် သူတို့ရွာသားတွေ လုံခြုံအောင် ရွာထိပ်ဆင်းပြီး ရွာခြံစည်းရိုးတွေ ကတုတ်ကျင်းတွေလုပ်ဖို့ အားချင်း စီစဉ်ရတော့တာပေါ့။

တစ်ရွာလုံးလည်း သူကြီးအမိန့်နဲ့ သစ်ပင်လှဲတဲ့လူလှဲ ခြံစည်းရိုးကာတဲ့လူကာ ကတုတ်ကျင်းတွေ တူးတဲ့လူကတူးနဲ့ အကုန်လုံး အလုပ်ရှုပ်သွားကုန်ကြတယ်။

အဲဒီအချိန် မုဆိုးတို့အဖွဲ့လည်း သူကြီးအမိန့်နဲ့ သစ်ပင်လှဲရတဲ့ အဖွဲ့ထဲမှာပါတယ်။ နဂိုကတည်းက ဘာအလုပ်မှမလုပ်ဘဲ လတ်လျားလတ်လျားနဲ့ နေခဲ့ကြတဲ့ကောင်တွေ ဂါတ်မိကုန်တာပေါ့။ သစ်ပင်ခုတ် သစ်ပင်လှဲရတဲ့အလုပ်ဆိုတာ လွယ်တာမှတ်လို့။ အတော်ပင်ပန်းတဲ့အလုပ်ကွ။ ဒါတောင် သူကြီးက သူတို့အဖွဲ့ကို လျှော့လျှော့ပေါ့ပေါ့နဲ့ မြေကတုတ်ကျင်းတူးတဲ့အဖွဲ့ထဲမှာ မထည့်သေးလို့။

"တောက်"

မုဆိုး ချွေးတလုံးလုံးနဲ့ ခဏထိုင်နားရင်းက တောက်ခေါက်





တယ်။ ဟိုကောင် နောင်ပိန်နဲ့ ချက်ဖူးတို့ လုံထော်တို့ သုံးကောင်လည်း မုဆိုးအနားမှာ အမောဆိုက်ပြီး ခြေပစ်လက်ပစ်။

"ဒါ ဟိုကောင်ကြီးလက်ချက်ကြောင့် ငါတို့ ပင်ပန်းရတာကွ။ ဘယ့်နှယ်ကွာ သူ့ဟာသူ အင်္ဂလန်မှာစစ်ဖြစ်တဲ့ကိစ္စ ငါတို့နဲ့ ဘာဆိုင်လို့တုန်း။

"ဟုတ်ပါကွာ၊ ငါတို့ရွာနဲ့ အင်္ဂလန်ဆိုတဲ့ဟာကြီးဟာ အဝေးကြီးဟာကိုကွာ"

နောင်ပိန်ကလည်း မုဆိုးစကားကို ထောက်ခံလိုက်ကြတယ်။

"တောက်... ငါကတော့ အားအားယားယား ပါးစပ်အားတိုင်း ကြားသမျှသတင်းတွေ လျှောက်ပြောတဲ့ ဟို...ကိုသာအေးဆိုတဲ့ကောင်ကြီးကို မကျေနပ်ဘူး။ မိုးပြုံမယ် ဘယ်ဆီမှန်းမသိသေးဘူး။ အခုတော့ သူ့ကြောင့် တစ်ရွာလုံးပင်ပန်းနေကြရတာ"

မုဆိုးက သတင်းတွေကို စပြောခဲ့တဲ့ ကိုသာအေးကို မကျေမနပ်စကားဆိုတယ်။ လုံထော်ကတော့ တွေးတွေးဆဆစကားဆိုတယ်။

"ဒါပေမဲ့ သူပြောသလို တကယ်တမ်း စစ်ဖြစ်ခဲ့ရင်လည်း အခုလို ကြိုတင်ပြီး လုပ်ထားကြတော့ ငါတို့ရွာသားတွေအတွက်



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ကင်းတာပေါ့ကွာ''

''ဘာကွ… ဘာအန္တရာယ်ကင်းရမှာတုံး၊ ဒါ တန်းလုံးခံတပ် လောက်ဆောက်ပြီး စစ်ကို ကာကွယ်နိုင်တဲ့ အလောင်းဘုရားတို့ ခေတ်မဟုတ်တော့ဘူးကွ၊ လေယာဉ်ပျံတွေပေါ်က ဗုံးတွေ စစ်သေနတ်တွေနဲ့ ဝုန်းခနဲ ဒိုင်းခနဲ ပစ်ချပြီး ချကြမယ့်ခေတ်ကွ။ ဒီခြံစည်းရိုးတွေ ကျင်းတွေ ဘာခံနိုင်မှာတုံး၊ အလကား ဦးနှောက်မရှိ''

ဒေါသဖြစ်ဖြစ်နဲ့ မုဆိုး ထပေါက်လိုက်တော့ လုံထော်ဇက်ကလေး လိပ်တစ်ကောင်လို ပုဝင်သွားတယ်။ မုဆိုးပြောတာလည်း မှန်နေမှကိုး။ အဲ့ဒီအချိန် ပြဿနာဖြစ်တိုင်း ညှောင့်နေကျ နောင်ပိန်ကလည်း…

''အဲဒီတော့ မင်း သာအေးကြီးကို ဘယ်လိုလုပ်ချင်လဲ မုဆိုး''

မုဆိုး နောင်ပိန်ကို တစ်ချက်ကြည့်တယ်။ ချက်ဖူးကတော့ ဒီကောင်နှစ်ယောက်ကို အထိတ်တလန့်ပုံစံမျိုးနဲ့ လှမ်းကြည့်ပြီး…

''ဟိတ်ကောင်တွေ မင်းတို့ ဘာ…ဘာတွေလျှောက်လုပ်ဦးမလို့လဲ၊ ကိုသာအေးဆိုတာ နယ်နယ်ရရ လူတစ်ယောက်မဟုတ်ဘူးနော်။ ပြီးတော့ သူကြီးကလည်း ရှိသေးတယ်။





''သွားစမ်းပါ။ ဘာနယ်နယ်ရရလူတစ်ယောက်လဲ၊ စာတောင် ဟုတ်တိပတ်တိ မဖတ်တတ်တဲ့ လူကများ သူကြီးဆိုတာရော ဘယ် လောက်ဦးနှောက်ရှိလို့လဲ''

''အာ…တိုးတိုးပြောစမ်းပါ၊ မင်းကလည်း''

ဒေါသကြောင့် အသံကျယ်သွားသော မုဆိုးကို ချက်ဖူးက ထိတ်လန့်တကြားနဲ့ လှမ်းတားတယ်။ မိဆိုးက သူ့စကားကြောင့် ဆက်မပြောတော့ပေမဲ့ မျက်လုံးတွေကတော့ မကျေနပ်ဟန်၊ ဂရုမစိုက် ဟန်တွေအပြည့်။ ပြီးတော့လည်း မျက်လုံးကို ခပ်စင်းစင်းလေးလုပ်ပြီး တစ်စုံတစ်ခုကို စဉ်းစားနေတယ်။

ခဏအကြာမှ မုဆိုးက သူတို့သုံးယောက်မျက်နှာကို တစ်ယောက်စီ လိုက်ကြည့်ပြီး…

''ငါကတော့ ဒီလောက်အချောင်ကြိုး လူလည်လုပ်တဲ့ သာအေးဆိုတဲ့ကောင်ကို ဆုံးမချင်တယ်။ မင်းတို့ထဲက ကြောက်တဲ့ ကောင်ရှိရင်လည်း အခုကတည်းကပြော၊ အရင်တစ်ခါ ဒေါ်ဇာကြီး ကိစ္စတုန်းကလိုတော့ သစ္စာဖောက်ဖို့ မကြံကြနဲ့ မုဆိုးတဲ့ အကုန်လုံး သိတယ်။ မပြောချင်လို့သာ ကြည့်နေတာ''



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးစကားကြောင့် ဟိုသုံးကောင်လည်း ဒေါ်ဇာကြီးကိစ္စတုန်းက သူကြီးဆီ သွားသတင်းပေးမိခဲ့ကြတဲ့ သူတို့အပြစ် သူတို့သိကာ မျက်နှာငယ်လေးတွေနဲ့ ငြိမ်နေကြရတယ်။ သူတို့သုံးယောက်စလုံးက မုဆိုးကို မှီပြီး ကြံစုတ်။ အဲ…ထန်းရည်ကပ်ပြီးသောက်နေကြရတဲ့ လူတွေ မဟုတ်လား။ ဒီလိုနဲ့ နောက်ဆုံးတော့ ထုံးစံအတိုင်း မုဆိုးရဲ့အကြံကို သူတို့လည်း လက်ခံလိုက်ကြရတော့တယ်။

အဲဒီလိုနဲ့ပေါ့လေ နောက်နှစ်ရက်လောက်နေတော့…

ထူးထူးဆန်းဆန်း သူကြီးဦးဘိုးထွန်းတို့ ရွာထဲကို မြို့ပေါ်က ရာဇဝတ်အုပ်တစ်ယောက်နဲ့ ပုလိပ်သားသုံးယောက် ရောက်လာတော့တယ်။ သူကြီးလည်း သတင်းမကြား၊ ဘာမကြား ရုတ်တရက်ကြီး ရောက်လာခဲ့ကြတဲ့ ပုလိပ်အဖွဲ့ကြောင့် ပျာပျာသလဲ ဖြစ်သွားခဲ့ရတော့တာပေါ့။ ပြီးတော့ အဲဒီအချိန် သူကြီးနဲ့ ရွာသားတွေ ရွာခြံစည်းရိုးခတ်တဲ့လုပ်ငန်းတွေဆီ သွားကြမလို့ လုပ်နေတုန်းအချိန်လည်း ဖြစ်တော့ လက်ထဲမှာ ဓားတွေ၊ ပေါက်တူး၊ ပေါက်ပြားတွေနဲ့ပေါ့။

သူကြီးကို တွေ့တွေ့ချင်း နှုတ်ခမ်းမွေးကားကားနဲ့ လူကောင်သေးသေးရာဇဝတ်အုပ်က။





"သူကြီး အခု ခင်ဗျားတို့ရွာထဲမှာ သာဒေးဆိုတဲ့ အကောင် ရှိတယ် မဟုတ်လား"

သူကြီးရာဇဝတ်အုပ် အမေးကြောင့် မျက်လုံးပြူးသွားတယ်။ သူ့ရွာသား ကိုသာဒေး ဘာများဖြစ်ပြီလဲပေါ့။

"ဟုတ်··ဟုတ်ကဲ့ ရှိပါတယ်၊ ရာဇဝတ်အုပ်မင်း၊ ဟို··ဘာကိစ္စများရှိပါလို့လဲခင်ဗျ"

"လျှာမရှည်နဲ့ ကျုပ်တို့ မေးတာကိုပဲ ဖြေပါ။ အခု ခင်ဗျားနဲ့ ရွာသားတွေရော ဘာလုပ်နေကြသလဲ"

ရာဇဝတ်အုပ်မင်း ထပ်မေးလိုက်တဲ့ အမေးကြောင့် သူကြီး ရုတ်တရက် ဘယ်လိုဖြေလိုက်ရမှန်းမသိ ဖြစ်သွားတယ်။ ပြီးမှ ထစ်ထစ်ငေါ့ငေါ့နဲ့ …

"ဟို…ဟို… အင်္ဂလန်မှာ စစ်…စစ်ဖြစ်နေတယ် ဆိုလို့။ ရွာလုံခြုံမှုရှိအောင်လို့ ဟို…ဟိုလေ"

"တော်စမ်း သူကြီး"

ရာဇဝတ်အုပ်မင်းရဲ့ ဟောက်သံကြောင့် သူကြီးဇက်ကလေး ပုဝင်သွားတယ်။ ရာဇဝတ်အုပ်မင်းက သူကြီးကို မျက်မှောင်ကြီးကုတ်

www.burmeseclassic.com



ပြီး ကြည့်တယ်။ ပြီးမှ…

"ခင်ဗျား သူကြီးလုပ်နေပြီးတော့ ဒီလောက်တောင် တုံးရ သလား…ဟင်၊ အင်္ဂလန်စစ်ဖြစ်နေတာနဲ့ ခင်ဗျားရွာ ဘာဆိုင်လို့တုံး၊ ခင်ဗျားတို့ လုပ်ဖို့ရော အထက်ကို တစ်စုံတစ်ရာ ခွင့်ပြုမိန့် ဒါမှမဟုတ် အကြောင်းကြားက တစ်ခုခု တင်ပြီးပလား"

"ဟို…ဟို… မ…မတင်ရသေးပါဘူး၊ ရာဇဝတ်အုပ်မင်း"

သူကြီးအဖြေစကားကြောင့် ရာဇဝတ်အုပ်မင်း နှုတ်ခမ်းမွေးတွေ တောင် ကုတ်သွားတယ်"

"ဒါဆို အခုလို လုပ်နေတဲ့ ကိစ္စတွေဟာ ခင်ဗျားသဘောနဲ့ ခင်ဗျားလုပ်နေတာပေါ့။ ဒီကိစ္စတွေဟာ ဘယ်လောက် အရေးကြီး တယ်ဆိုတာ သိရဲ့လား၊ အခု ကျုပ်တို့ ဂါတ်တဲကို သတင်းတစ်ခု ရောက်လာတယ်။ ခင်ဗျားရွာဟာ ကျုပ်တို့ အင်္ဂလိပ်အစိုးရကို ဆန့် ကျင်ဖို့ ရွာစည်းရိုးတွေ ခတ်လိုက် ကျင်းတွေ တူးလုပ်နေသတဲ့ ဒါ ကောင်းကြသေးရဲ့လား"

ရာဇဝတ်အုပ်မင်းစကားကြောင့် သူကြီး အကြီးအကျယ် ထိတ် လန့်တုန်လှုပ်သွားရတော့တယ်။ ပြီးမှ ပျာပျာသလဲနဲ့ ရာဇဝတ်အုပ်





မင်းကို ဖြစ်ကြောင်းရယ်တဲ့ ကုန်စဉ်ကို မျက်နှာငယ်လေးနဲ့ နုတ်သံ နှောပြီး ရှင်းပြတောင်းပန်ရတော့တယ်။ အဲဒီတော့မှ ရာဇဝတ်အုပ်မင်း က လေသံလျှော့သွားပြီး…

"ကျုပ်လည်း ဒီလိုပဲဖြစ်မယ်လို့ ထင်ပါတယ်။ ဒါကြောင့် လည်း အရေးပိုင်မင်းကို ကျုပ်ကိုယ်တိုင်သွားကြည့်လှောလာပါရစေ ဦးဆိုပြီး ထွက်လာခဲ့ရတာ။ လက်စသတ်တော့ ဟိုကောင် သာအေး လက်ချက်ပဲဖြစ်နေမှကို အလကားမဟုတ်မဟတ်သတင်းတွေ လျှောက် ပြော။ လူတွေ အထိတ်တလန့်ဖြစ်အောင် လျှောက်လုပ်။ ဒါဒဲ့ဒီကောင် အခုဘယ်မှာလဲ သူကြီး"

"ဟုတ်…ဟုတ်ကဲ့ ရှိပါတယ်။ အခုပဲ ခေါ်နိုင်းလိုက်ပါ့မယ် ရာဇဝတ်အုပ်မင်း"

သူကြီးပျာပျာသလဲနဲ့ သူ့ကပည့်ဂွတိုကို သာအေးကို သွားခေါ် ခဲ့ခိုင်းလိုက်ရတော့တယ်။ အဲဒီတော့မှ သူကြီးလည်း သာအေးကို သူ့တပည့်သွားခေါ်နေတုန်း ရာဇဝတ်အုပ်မင်းတို့အဖွဲ့ကို သူ့အိမ်မှာ ရှိတဲ့ ကောင်းနိုးရာရာ အစာ၊အသောက်တွေနဲ့ ကျွေးမွေးဧည့်ခံရတော့ တယ်။ သူ့သမီးလေးနှယ် ကိုယ်တိုင် ချပေးတဲ့ အစားအသောက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကို နံ့ပါတ်တုတ်လေးတွေကိုယ်စီ ကိုင်ထားကြတဲ့ ပုလိပ်သားသုံးယောက်ဆိုတာ စားလိုက်ကြတာ ဘာပြောကောင်းမလဲ။ အဲဒီထဲမှာ အသားမည်းမည်း၊ ပိန်ရှည်ရှည်နဲ့ ပုလိပ်သားဟာ အဆိုးဆုံးပဲ။ နှုတ်ခမ်းမွေးကားကားနဲ့ ရာဇဝတ်အုပ်မင်းကတော့ အစားအသောက်တွေထက် သူကြီးသမီးလေးနွယ်ကို တစ်ချက်ကြည့်ပြီး…

"ဟင်းဟင်း… ဒါ… သူကြီးသမီးလေးလား"

"ဟုတ်…ဟုတ်ပါတယ် ရာဇဝတ်အုပ်မင်း"

"အင်း… အချောလေးပဲ၊ လာစမ်းပါဦး ညီမလေးရဲ့"ဆိုပြီး လေးနွယ်ကို အနားခေါ်ပြီး ဟိုမေးသည်မေး လျှောက်မေးနေတော့တယ်။ ရာဇဝတ်အုပ်မင်းဆိုတော့ သူကြီးလည်း ဘာမှမပြောသာဘူးပေါ့။ လေးနွယ်ခမျာလည်း ကြောက်ကြောက်နဲ့ ရာဇဝတ်အုပ်မင်းဆိုတဲ့လူမေးသမျှ ခေါင်းလေးငုံ့ပြီး ဖြေနေရတော့တာပေါ့။ တစ်ချိန်များဆို ရာဇဝတ်အုပ်မင်းဆိုတဲ့လူက လေးနွယ်ရဲ့ လက်တစ်ဖက်ကို ပိုင်စိုးပိုင်နင်း ဆွဲကိုင်ပြီး…

"အံမယ်… ညီမလေး လက်ကလေးတွေက မင်းကတော်စိုးကတော်ဖြစ်မယ့် လက်ကလေးတွေပဲ ဟဲဟဲ… ကြည့်စမ်းပါဦး၊





သူကြီးခင်ဗျား သမီးလက်ကလေးတွေက ကတော်ဖြစ်မယ့်လက်လေးတွေဗျ၊ နောက်တစ်ခေါက်မှ သူနဲ့လိုက်မယ့်ပစ္စည်းလေးတွေ ကျုပ်လက်ဆောင်ယူခဲ့ရဦးမယ် ဟဲဟဲ" ဆိုတော့ သူကြီးခမျာလည်း သူ့သမီးတစ်ယောက်လုံးကို သူ့ရှေ့မှာတင် လက်ကိုင်ထားတဲ့ ရာဇဝတ်အုပ်မင်းကို တဟဲဟဲပြန်ပြုံးပြလိုက်ရပြီး…

"ဟဲဟဲ… အားနာစရာကြီး ရာဇဝတ်အုပ်မင်းရယ်၊ ဒုက္ခရှာလို့ ခင်ဗျာ"

"အို… မလိုပါဘူးဗျာ၊ ကြည့်စမ်းပါဦး"

"ဒီလောက်လှတဲ့ လက်ကလေးတွေများ စိန်လက်စွပ်၊ မြလက်စွပ်လေးတွေနဲ့များဆို ဘယ်လောက်လိုက်လိုက်မလဲ မသိ"

အံမယ်… ရာဇဝတ်အုပ်မင်းဆိုတဲ့လူ လေးနွယ်လက်ကလေးတွေကို သူ့လက်မည်းကြီးတွေနဲ့ ပွတ်များတောင် ပွတ်နေလိုက်သေး။

အဲဒီအချိန်မှာပဲ…

"သူကြီး ကိုသာအေးရောက်လာပြီခင်ဗျ"

သွားခေါ်နိုင်းလိုက်တဲ့ ဥတ္တိရဲ့အသံကြားမှ ရာဇဝတ်အုပ်မင်းက လေးနွယ်လက်ကို မလွှတ်ချင်လွှတ်ချင်နဲ့ လွှတ်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မလဲ အဲဒီကောင်" ဆိုပြီး ဌတိုနဲ့အတူပါလာတဲ့ ကိုသာအေးဘက် လှည့်သွားတော့တယ်။ အဲဒီအချိန် ဌတိုနဲ့အတူပါလာခဲ့တဲ့ ကိုသာအေးကလည်း ရာဇဝတ်အုပ်မင်းဆိုတာကို မျက်လုံးလေး ကလယ်ကလယ်နဲ့ ကြည့်နေရှာတယ်။ သူက မြို့ပေါ်က ဂါတ်ဘဲအစုံ နဲ့စပ်သွားလာနေတဲ့ လူဆိုတော့ ဒီရာဇဝတ်အုပ်မင်းကို တစ်ခါမှ မမြင်ဖူးဘဲ ဖြစ်နေလို့လေ၊ အဲဒီအချိန်မှာပဲ ရာဇဝတ်အုပ်မင်းက…

"ဩော်… သာအေးဆိုတာ မင်းလားကွ"

"ဟုတ်…ဟုတ်ပါတယ်၊ ရာ…ရာဇဝတ်အုပ်မင်း"

"အင်း… အင်္ဂလန်မှာ စစ်ဖြစ်နေတယ်လို့ မင်းကိုဘယ်သူကပြောလဲ"

"ဟို…ဒါ… တိုင်းသတင်းစာတွေထဲမှာ ပါနေတဲ့ အားလုံးသိကြတဲ့ သတင်းပဲ ရာဇဝတ်အုပ်မင်းရဲ့ အခုဆို…"

"တော်…တိတ်…မင်းဝါးစပ်ပိတ်ထားစမ်း ဟိတ်ကောင်တွေ ဒီကောင့်ကို ဖမ်းပြီး ခေါ်ခဲ့ကြစမ်း"

ကိုသာအေး ဘာမှရှင်းမပြနိုင်သေးခင်ဘဲ ပုလိပ်သားသုံးယောက်က ကိုသာအေးကို လက်ထဲက နံပါတ်တုတ်ကလေးတွေနဲ့





ချိန်ရွယ်ပြီး တစ်ယောက်တစ်ဖက် ကိုင်ချုပ်လိုက်ကြပါတော့တယ်။

အဲဒီတော့မှ ရာဇဝတ်အုပ် နှုတ်ခမ်းမွေးက သူကြီးဘက်လှည့်ပြီး…

"သူကြီး ဒီကောင့်ကို မမှန်သတင်းလွှင့်မှုနဲ့ ကျုပ်တို့ဖမ်းခေါ်သွားမယ်"

"ဟာ… မ…မဟုတ်ဘူးလေ၊ သူကြီး ကျုပ်…ကျုပ်ကို ကယ်ပါဦးဗျာ"

"ဟိတ်ကောင် တိတ်စမ်း"

သူကြီးလည်း ဘာမှမတတ်နိုင်တော့ဘူး၊ ရာဇဝတ်အုပ်မင်းကိုယ်တိုင် ဖမ်းခေါ်သွားမှတော့ သူလည်း ဘာတတ်နိုင်တော့မှာတုံး။

ကိုသာအေးခမျာတော့ ပုလိပ်သားနှစ်ယောက်လက်ထဲမှာ ယက်ကန်ယက်ကန်နဲ့ ပါသွားပါတော့တယ်။ အဲဒီမှာ သူကြီးဖမ်းသွားတဲ့ ပုလိပ်အဖွဲ့နဲ့ ကိုသာအေးတို့ကို ငေါင်ငေါင်ကြီး ကြည့်ပြီး တစ်စုံတစ်ခုကို တွေးနေတယ်။ တူးလည်း တူးဆန်းနေတယ်ပေါ့။

ဘာဖြစ်လို့လဲဆိုတော့ ရာဇဝတ်အုပ်မင်းကိုယ်တိုင်နဲ့ ပုလိပ်သားတွေဆီမှာ နံပါတ်တုတ် တစ်ယောက်တစ်ချောင်းစီကလွဲပြီး ဘာသေနတ်မှ မပါလာကြတဲ့ အဖြစ်ကို အခုမှ သတိထားမိလိုက်လို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။

နောက်တော့ ဘာမှမပြောပါဘူး။ ကိုသာအေးတစ်ယောက် အာလူးသီးတွေ အညီအမည်းစွဲနေတဲ့ ဒဏ်ရာဒဏ်ချက်တွေနဲ့ ပြန်ရောက်လာပါတော့တယ်။

သူ့ကို ရာဇဝတ်အုပ်မင်းဆိုတဲ့လူက ပယ်ပယ်နယ်နယ် သမရင်း နှုတ်ခမ်းမွေးအတုကြီး ကျွတ်ကျသွားတာကို သူ မြင်လိုက်ခဲ့ရသတဲ့။

နောက်ပြီး ကိုသာအေးပြောစကားအရ အဲဒီ့ရာဇဝတ်အုပ်မင်းဆိုတဲ့လူကို ဘယ်ဂါတ်ထဲမှာမှ သူ မမြင်ဖူးခဲ့ဘူးတဲ့။

ဒီလိုဆိုတော့ သူကြီးလည်း အူကြောင်ကြောင်ဖြစ်သွားရတော့တာပေါ့။ သူကလည်း ပုလိပ်တွေလုပ်ပြီး သေနတ်တစ်လက်မှ မပါကြတဲ့ ရာဇဝတ်အုပ်မင်းတို့အဖွဲ့ကို ထူးဆန်းပါတယ်လို့ တွေးနေမိတဲ့လူကိုး။

ဒါပေမဲ့ အခုရာဇဝတ်အုပ်က ကိုသာအေး မမြင်ဖူးတဲ့ ရာဇဝတ်အုပ်အသစ်ဖြစ်ချင်လည်း ဖြစ်နေနိုင်တယ်ဆိုတဲ့ အတွေးကလည်း ရှိနေပြန်တော့...

ဘာပဲပြောပြော သူ လုပ်လက်စအလုပ်တွေကိုတော့ ဆက်





မလုပ်ရဲတော့ဘဲ တစ်ပိုင်းတစ်စနဲ့ ရပ်ပစ်ခဲ့ရပါတော့တယ်။ ရာဇဝတ်အုပ်ဆိုတဲ့ လူပြောသွားခဲ့တဲ့ စကားတွေကလည်း ချက်နဲ့ကွက်နဲ့ သဘာဝကျနေမှကိုး။ မတော် အဲဒီလိုသာ တကယ်ဖြစ်နေရင် ဘယ်လိုလုပ်မတုန်းနော့်။

အဲ... ဒါပေမဲ့လို့ နောက်ဆက်တွဲ သူကြီး သိလိုက်ရတဲ့ အကြောင်းတွေကတော့ သူကြီးကို ခုလုခုလုဖြစ်သွားစေခဲ့တာတော့ အမှန်ရယ်ပါ။ အဲဒါတွေကတော့...

မကျေမနပ်နဲ့ ကိုသာအေး ယူလာပေးခဲ့တဲ့ သံတော်ဆင့်သတင်းစကားထဲက အင်္ဂလန်မှာ အဟုတ်တကယ် စစ်ဖြစ်နေတဲ့အကြောင်းရယ်။

နောက်တစ်ရက် သူ့ရွာထဲမှာ အမြဲတမ်း ပြဿနာကုန်သည်ကြီးလိုဖြစ်နေတဲ့ မှဆိုးတို့အိမ်ကို မြို့ကလူတစ်ယောက်ရောက်လာပြီး မှဆိုး ငှားသွားခဲ့တဲ့ အဝတ်အစားတွေ ပြန်လာတောင်းသွားတယ်ဆိုတဲ့သတင်းပဲ။

အဲဒီတော့မှ သူကြီးရဲ့ မဟာဦးနှောက်ကြီးနဲ့ အတွေးထဲမှာ မှဆိုးရဲ့ ပုံသဏ္ဌာန်နဲ့ ဟိုနှုတ်ခမ်းမွေးကားကား ရာဇဝတ်အုပ်မင်းဆိုတဲ့ ပုံစံကို တွေးပြီး မြင်ယောင်မိလိုက်တယ်။ ပြီးတော့ နှုတ်ခမ်းမွေး



www.burmeseclassic.com

www.burmeseclassic.com



အတုကြီးကျွတ်ကျသွားတယ်ဆိုတဲ့ ကိစ္စနဲ့ ပုလိပ်အဖွဲ့ဖြစ်ပြီး သေနတ်နဲ့ တူလို့ ထင်းချောင်းတစ်ချောင်းတောင် ပါမလာတဲ့ကိစ္စ၊ ရာဇဝတ်အုပ်မင်းဖြစ်ပြီး သူ့သမီးကို သူ့ရှေ့မှာ ပယ်ပယ်နယ်နယ် လက်ကိုင်သွားတဲ့ကိစ္စတွေကို တဖြည်းဖြည်း ပြန်တွေးမိပြီး ကြိတ်မနိုင်ခဲမရဖြစ်သွားတဲ့ အသံကြီးနဲ့။

'တောက်… မုဆိုးကွာ' ဆိုပြီး ရေရွတ်မိလိုက်ပါတော့တယ်၊ ဒါပေမဲ့လို့လည်း သိတယ် မဟုတ်လား၊ အခုကိစ္စက တပ်အပ်မပြနိုင်တော့ဘဲနဲ့လည်း သွားစွပ်စွဲလို့ရတာမျိုးမှ မဟုတ်တော့လည်း ဒီလောက်ပဲ သူကြီးညည်းနိုင်တော့မပေါ့။ တကယ်ဟုတ်မဟုတ်ဆိုတာကျပြန်တော့လည်း သူကိုယ်တိုင်တောင် ရဲရဲဝံ့ဝံ့မှ မဆုံးဖြတ်နိုင်မှကိုး။

အဲ… အဲဒီမှာ တကယ်သေချာသွားတာကတော့ ရွာအနောက်ပိုင်းမှာ တစ်ပိုင်းတစ်စနဲ့ ကျန်ခဲ့တဲ့ ရွာစည်းရိုးရယ်၊ အရင်တုန်းကဆို ရွာထဲမှာ ထောင်ထောင် ထောင်ထောင်နဲ့ လုပ်ခဲ့တဲ့ ကိုသာအေး တစ်ယောက် တစ်ခါတည်း ငြိမ်ကုတ်သွားခဲ့ရတာရယ်ပါပဲ။ နောက် အဲဒီမှာ ရာဇဝတ်အုပ်မင်း တရားခံအစစ်ကလည်း မုဆိုးတို့ပဲဆိုတာကိုတော့ ပြောဖို့လိုမယ်မထင်တော့ဘူး။

❑

သူ့ရဲ့ကောင်းတပေ



အဲ… ဒီတုန်းကလည်း မင်းနှုတ်ခမ်းမွေးကြီး ကျွတ်ကျသွားလို့ က်ကောင်းလို့ သူကြီးထိပ်တုံးနဲ့ မညားခဲ့ရတာရယ်။

အခုလည်း ဖြစ်ရပြန်ပြီ၊ ဒီအစွယ်ကြီးနဲ့များ ဆေးလိပ်ဖင်စီခံကို မှားပြမိရတယ်လို့။

မုဆိုးလည်း လုံထော်စကားကြောင့် ငြိမ်ကျသွားတယ်။ ဒါပေမဲ့ သိတယ်မဟုတ်လား မုဆိုးလေ၊ လွယ်လွယ်နဲ့တော့ ဘယ်အရာကိုမှ အရှုံးပေးတတ်တဲ့လူ မဟုတ်လေတော့။

"တောက်… အရင်ရက်ကတည်းက ဒီကိစ္စပြတ်ရမှာ၊ ဟိုကောင် ရင်မောင်ကိစ္စဝင်ရှုပ်သွားလို့"

သူ့ရဲ့ကောင်းတပေ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြန်ပြီဆိုတဲ့ အကြည့်နဲ့ လုံထော်က မုဆိုးကို တစ်ချက်လှမ်းကြည့်တယ်။ မုဆိုးကလည်း လုံထော်အကြည့်ကို သဘောပေါက်ဟန်ရှိတယ်။

"ဟုတ်တယ်၊ အဲဒီနေ့ကတည်းက ငါသြောင်ကြပ်ပင်ကြီးကို အမြစ်က လှန်ပြီး မီးနဲ့ ရှို့ဖို့သွားခဲ့တာ အရေးထဲမှ မီးခြစ်က မေ့ကျန်ခဲ့လို့ ရင်မောင်တို့အိမ်ဝင်ပြီး မီးခြစ်ခဏငှားမလို့ လုပ်တုန်း ဟီး… ဟိုနတ်ပွဲနဲ့တွေ့သွားလို့"

"မင်းကတော့ ဒီလိုပဲဖြစ်ရမယ်လေကွာ"

"ဘာ ဒီလိုပဲလဲ…အဲဒီတုန်းက ငါယူလာခဲ့တဲ့ ကြက်ကြော်နှစ်ကောင်နဲ့ ဟိုဟာတွေကို မင်းတို့လည်း မြိုခဲ့ကြတာပဲ မဟုတ်လား၊ ဟိုကောင် နောင်ပိန်ဆို အဲဒီတုန်းက လွန်ပလေးယား အရသာလေးကို ခုထက်ထိပြောလို့ မဆုံးသေးဘူး။ မဟုတ်ဘူးလား ဟေ့ကောင်"

"အေး…အေးပါကွာ"

မုဆိုးအမေးကြောင့် နောင်ပိန် သြောင်နာနာအသံလေးဖြင့် ဖြေလိုက်ရတယ်။ ထိုအချိန် လုံထော်က…

"မင်း သြောင်ကြပ်ပင်ကြီးကိစ္စကို ဆက်ပြီးလုပ်မယ်ဆိုရင်တော့





စဉ်းစားပေါ့ကွာ၊ ဒင်္ဂါးငွေတစ်ဆယ်နဲ့ ထိမ်တုံး (၇) ရက်တဲ့နော်။

လုံထော်စကားကြောင့် မုဆိုး အံတစ်ချက်ကြိတ်ပြီး မျက်လုံးလေးတွေကို မှေ[illegible]င်းလိုက်တယ်။ သူက မျက်လုံးလေးတွေ မှေးစင်းလိုက်ပေမဲ့လို့ ဟိုကောင်သုံးကောင်ကတော့ မျက်လုံးကြီးတွေ ဝိုင်းနေကြပြီး သိတဲ့အတိုင်းပဲ ဒီကောင် ဒီလိုပုံစံမျိုး လုပ်လိုက်ပြီဆိုတာနဲ့ သူ့ မဟာ့မဟာ ဦးနှောက်ထဲက ပြဿနာစမယ့် အကြံအစည်တွေ တသီကြီး ထွက်လာတော့တာ။ သူတို့အနေနဲ့က ထိမ်တုံး (၇) ရက်ဆိုတာလောက် မမှုပေမယ်လို့ ဒင်္ဂါးငွေတစ်ဆယ်ကျ မမှုလို့ကို မရတော့ဘူး။ ဟုတ်တယ်လေ ဆန်တစ်အိတ်(၃)ကျပ်၊ ဆီတစ်ပုံး (၂) ကျပ်နဲ့ ရွှေတစ်ကျပ်သားမှ (၉) ကျပ်လောက်ရှိတဲ့ဟာ ဒင်္ဂါးငွေတစ်ဆယ်ကြီးများဆိုတော့ ဒီငွေ ဘယ်လိုလုပ် သူတို့ဆောင်နိုင်ကြမတုံး၊ ဒီကောင် မုဆိုးဆိုတဲ့ကောင်ကတော့ သူ့အမေ ဒေါ်ဗုံကြီး စုထားတဲ့ ပစ္စည်းတွေထဲက လက်ကောက်တစ်ကွင်းလောက် ခိုးပြီး လျှော်လိုက်ဦးတော့ ဘာမှ ကိစ္စမရှိဘူးလေ၊ ဟုတ်ဘူးလား။

နောင်ပိန်၊ ချက်ဖူးနဲ့ လုံထော်တို့ သုံးဦး မုဆိုးမျက်နှာကို တရားခံလေးတွေ အမိန့်ချမယ့် တရားသူကြီးမျက်နှာကို ကြည့်ရှုနေ



www.burmeseclassic.com

www.burmeseclassic.com



သလိုမျိုး ရင်တထိတ်ထိတ်နဲ့ ငေးကြည့်နေမိကြတယ်။

အဲဒီအချိန်မှာပဲ မုဆိုးက ခံစားချက်အပြည့်နဲ့…

"သူကြီး…သူကြီး ခင်ဗျားကြီး မုဆိုးအကြောင်းကို ကောင်းကောင်းကြီး သိစေရမယ်။ ကျုပ် ခင်ဗျားသမီးလေးနွယ်ကို ဘယ်လောက်အထိ ချစ်တယ် ဆိုတာကို ခင်ဗျား အသိ၊ ဒါကိုပဲ ခင်ဗျားဟာ ခင်ဗျားသမီးနဲ့ ကျုပ်ကို မတူသလို မတန်သလို ဆက်ဆံခဲ့တယ်။ အဲဒီလောက်အထိကို ဟော့ဒီကကောင် မုဆိုးရင်နာနာနဲ့ သည်းခံခဲ့တယ်၊ ခွင့်လွှတ်ခဲ့တယ်။ အခု ခင်ဗျားက ဒီလောက်နဲ့တင် မကဘူး၊ တစ်ရွာလုံးရှိတဲ့ လူတွေရဲ့ရှေ့မှာ ကျုပ်ကို အရှက်ကွဲအောင် ထိပ်တုံးထဲထည့်ခဲ့တယ်။ ရှင်းပြခွင့်လေးတောင် မပေးခဲ့ဘူး။ ဒါလည်းပဲရသေးတယ်။ နောင်တစ်ချိန် အမျိုးရင်းကြီးတော်ရမယ့်လူပဲရယ်လို့ ကျုပ်စိတ်ကို ကျုပ်ဖြေပြီး ထပ်ခွင့်လွှတ်ခဲ့သေးတယ်။ ဟင်…ခင်ဗျားက အခုတော့ 'မုဆိုး' ဆိုတဲ့ကျုပ်သိက္ခာကို လုံး၀…လုံး၀ အဖတ်ဆယ်လို့မရအောင် ထပ်ပြီး အမိန့်တွေထုတ်၊ မုသားမပါ ကျုပ်ပြောခဲ့တဲ့ဟာတွေကိုပဲ ကျုပ်က လုပ်ကြံလီဆယ်ပြီး ပြောခဲ့သလိုလို၊ ဒါဟာ တရားသလား၊ ဒါမျိုးကျတော့ ကျုပ်အနေနဲ့ ခွင့်လွှတ်လို့ရပါဦးမလား၊





'လူကိုကြိုက်သလောက် စော်ကားလို့ရတယ်ဗျ၊ သိက္ခာကိုတော့ လုံး၀…လုံး၀စော်ကားလို့ မရဘူး။ ဒါကို ခင်ဗျား မြဲမြဲမှတ်ထား၊ ခင်ဗျားစော်ကားလိုက်တဲ့ ကျုပ်သိက္ခာရဲ့ တန်ဖိုးကို ခင်ဗျားကောင်းကောင်းကြီးပေးဆပ်ဖို့သာ ပြင်ထားပေတော့။ ဒီနေ့ ဒီအချိန်ကစပြီး မုဆိုးဆိုတာ ဘယ်လိုကောင်စားမျိုးလဲဆိုတာ ခင်ဗျား ကောင်းကောင်းကြီး သိသွားစေရမယ်ဗျ၊ ကောင်းကောင်းကြီး သိသွားစေရမယ်။

မုဆိုးရဲ့ ခံစားချက်အပြည့်နဲ့ ကြုံးဝါးလိုက်တဲ့ အသံကြားလိုက်ကြရတော့ လုံထော်လက်ထဲက ထန်းရည်ခွက်အောက်ကို ပြုတ်ကျသွားတယ်။ နောင်ပိန်က မုဆိုးရဲ့မျက်နှာကို မျက်လုံးအပြူး၊ ပါးစပ်အဟောင်းသားနဲ့ ငေးကြည့်နေတယ်။ အဲဒီအချိန် ချက်ဖွူးကတော့ သူ့ခေါင်းကို လေးတွဲစွာနဲ့ ဘယ်ညာခါရမ်းနေတော့တယ်။

သူတို့အားလုံး မုဆိုးအကြောင်းကို ကောင်းကောင်းကြီး သိကြမှကိုး၊ သိတယ်မဟုတ်လား၊ သူတို့ကောင် မုဆိုး ပွဲကြမ်းပြီဆိုတာနဲ့ ဘာတွေဖြစ်ကုန်တတ်တယ်ဆိုတာ…။

❑



www.burmeseclassic.com

www.burmeseclassic.com



လူတို့၏စိတ်၌ ဘာကိုမှ မမြင်ရတော့သောအခါ 'မိုက်မဲ' သွားတတ်ကြသကဲ့သို့။

'မိုက်မဲ' သွားတတ်ကြသောအခါ၌လည်း သူတို့၏ စိတ်၌ ဘာကိုမှ မမြင်တတ်ကြတော့ချေ။

ထိုအချိန် တစ်ခုခုမြင်တတ်သော လူမှာကား… 'မိုက်မဲမှု' ၏ အစွန်းတစ်ဖက်ရှိ 'အဖြေ' တစ်ခုခုကို ရသွားမြဲပင် ဖြစ်တော့၏။





## ဒုတိယမြောက် အခန်း (၂)



www.burmeseclassic.com

www.burmeseclassic.com



အား…

ထိတ်လန့်တကြားနဲ့ ငယ်သံပါအောင် အော်ဟစ်လိုက်တဲ့အသံကြီးက ရွာလေးကို ဖုံးလွှမ်းသွားတယ်။ သိပ်မကြာပါဘူး၊ ရွာဘက်ဆီကို လုံးလုံး…လုံးလုံးနဲ့ လိမ့်လာတဲ့ ဖုန်လုံးကြီးတစ်ခုကို စပြီး မြင်လိုက်ရတယ်။ သေချာကြည့်လိုက်မှ ဖုန်လုံးကြီးက ရွာဘက်ကို အသက်လုပြီး ကသောကမျော ပြေးလာနေတဲ့ လူတစ်ယောက်ဖြစ်နေတယ်။ ဟုတ်တယ် ရွာလယ်ပိုင်းက ဒေါ်ပုမသား ပေလုံး။

သူ့ခမျာ ဘယ်လောက်များ ကြောက်လန့်စရာ၊ ထိတ်လန့်စရာကြီးနဲ့ ကြုံတွေ့ခဲ့ရသလဲတော့ မသိဘူး၊ မျက်လုံးကြီးပြူးပြီး မျက်နှာတစ်ခုလုံးဟာလည်း သွေးဆုတ်ပြီး ဖြူဖျော့နေတော့တယ်။





"အောင်မလေး… ကယ်ကြပါဦးဗျို့…ကယ်ကြပါဦး"

ပါးစပ်ကလည်း ပလုံးပထွေးနဲ့ အော်ပြီး ရွာထဲ အသားကုန် ပြေးချလာတယ်။ ရွာဝင်ပေါက်က ဦးဖိုးချမ်း ရေချမ်းစင်နားလည်း ရောက်ရော ပေလုံးခမျာ မဟန်နိုင်တော့ဘူး ထင်ရဲ့၊ ဟတ်ထိုးဟတ်ထိုးနဲ့ လဲကျသွားတော့တယ်။ ပထမတော့ လူတွေလည်း ပေလုံးရဲ့ အဖြစ်ကို ကြောင်ပြီးကြည့်နေမိကြတော့ ပထမဦးဆုံး ကူရှင်းတစ်လက် ထမ်းပြီး ရေသောက်သွားဖို့ ထွက်လာခဲ့တဲ့ ကိုတင်အောင်က သူ့တူရှင်းကြီးကို ပစ်ချပြီး လဲကျသွားတဲ့ ပေလုံးကို ပွေ့ထူလိုက်တယ်။ အဲဒီတော့မှ ကျန်တဲ့လူတွေလည်း ဝိုင်းလာကြပြီး အံ့သြတကြီးနဲ့ ပေလုံးကို ဝိုင်းကြည့်ကြတယ်။

အဲဒီအချိန် ပေလုံးက ကိုတင်အောင်လက်ထဲမှာ အမောဆို့ပြီး မျက်ဖြူကြီးလန်နေပြီး လူတွေလည်း ရုတ်တရက်ကြီးဆိုတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေကြတယ်။ နောက်မှ…

"ဟာ…ဟာ…လုပ်ကြပါဦးဟ၊ နှာခေါင်းကို ပါးစပ်နဲ့ မှုတ်ပေး"

'ဟာ…ခြေမချိုးပါဟ' ဆိုပြီး တက်မလိုဖြစ်နေတဲ့ ပေလုံးကို



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းပြီး ပြုစုကြရတော့တယ်။

ခဏအကြာမှ ပေလုံးမျက်လုံးလေး ပြန်လည်လာတယ်။ ဒါတောင် အသက်ရှူက မမှန်ချင်သေးဘူး၊ ဖုတ်လိုက်ဖုတ်လိုက်နဲ့ရှိနေသေးတယ်။ အဲဒီအချိန်…

“ပေလုံး သတိရပြီလား”

‘မင်း… ဘာဖြစ်တာတုံး’ဆိုတဲ့ မေးသံတွေ တစ်ယောက်တစ်ပေါက်ထွက်လာတယ်၊ ပေလုံး မဖြေနိုင်သေးဘူး၊ မျက်လုံးကြီး အကြောင်သားနဲ့ ရှိသေးတယ်။

ခဏအကြာမှ ပေလုံးပါးစပ်က ထိတ်လန့်တကြား အသံစ ထွက်လာတယ်။

“သူ…သူရဲကြီး၊ ညောင်…ညောင်ကြပ်ပင်ကြီးအောက်… အောက်မှာ”

ပြောပြီးပြီးချင်း ပေလုံး မျက်ဖြူကြီးလန်ပြီး ပြန်တက်သွားပြန်တယ်။ လူတွေလည်း နှာခေါင်းမှုတ်ပါဟ ခြေဖမိုးချိုးပါဟ အသံတွေ ပြန်ဆူညံသွားပြန်တယ်။ တစ်ခါ ပေလုံး ပြန်ပြီး သတိလည်လာပြန်တော့ ထပ်မမေးရဲကြတော့ဘူး။ ညောင်ကြပ်ပင်ကြီးအောက်





က သူရဲကြီးနဲ့ တွေ့လာတယ်ဆိုတာ သဘောပေါက်သွားကြတာရယ်၊ ပေလုံး ပြန်ပြီး သတိမေ့သွားမှာစိုးရိမ်ကြတာရယ်ကြောင့် နောက်ဆုံး ပေလုံးကို သူ့အိမ် ပွေ့ယူသွားကြတော့တယ်။

နောက်… ပေလုံး အိမ်ရောက်ပြီး ကောင်းကောင်း သတိရ အကြောက်ပြေသွားတော့မှ သူ့ကို ညောင်ကြပ်ပင်ကြီးအောက်က သူရဲကြီးခြောက်လွှတ်လိုက်တဲ့အကြောင်း အပြည့်အစုံကို သိခဲ့ကြရတော့တယ်။

ပေလုံး ပြောပြတဲ့အတိုင်းဆို သူရဲကြီးက ညောင်ကြပ်ပင်ပေါ်ကနေ ဝုန်းခနဲ ခုန်ချလာတယ်ဆိုပဲ။ ဒါပေမဲ့ ဘယ်လိုပုံစံကြီးလဲမေးတော့ ပေလုံး မဖြေနိုင်ဘူး၊ မျက်လုံးလေး ပေကလပ် ပေကလပ်နဲ့…

‘ပထမဆုံး အသံနက်ကြီးနဲ့ ရယ်သံကြီးကြားလိုက်ရတာဗျ၊ လူ့တစ်ကိုယ်လုံးကို တုန်တက်သွားတာပဲ။ ပြီးမှ မည်းမည်းကြီး ဝုန်းခနဲ ခုန်ချလာတော့ ကျုပ်…ကျုပ်လည်း နောက်မြန်လှည့်တောင် မကြည့်ရဲတော့ဘူး။ ရွာဘက်ဆီ တစ်ခါတည်း ပြေးခဲ့တော့တာပဲ’ လို့ ဆိုတယ်။

ကဲ…ဒါက ပေလုံး ပထမဆုံး အခြောက်ခံလိုက်ရတဲ့ပွဲ။



www.burmeseclassic.com

www.burmeseclassic.com



နောက် ဒုတိယ အခြောက်ခံလိုက်ရတဲ့လူက ရွာနောက်ခြမ်းက အသုပ်သည် ဒေါ်လုံးတင်တို့သားအမိ၊ သူတို့လည်း ညောင်ကြပ်ပင်ပေါ်ကသူရဲကြီး ခုန်ချလာလို့ ပြေးလာလိုက်ကြသမှဆိုတာ အသုပ်ရောင်းတဲ့ ဒန်အိုးတွေ၊ ပန်းကန်တွေ၊ ဖွန်းတွေ၊ တောင်းတွေ ပလုံးတွေတောင် ဘာတစ်ခုမှ ပြန်ပါမလာတော့ဘူး၊ သူတို့တင် မဟုတ်သေးဘူး၊ မလုံးတင်တို့လိုပဲ တတိယအခြောက်ခံလိုက်ရပြန်တာက သူကြီးကတော် ဒေါ်ဆုံရဲ့ တူအရင်းခေါက်ခေါက် င[illegible]းညို၊ ဒီကောင်လည်း ရွာရောက်တော့ မနည်းကို နာနပ်ယူလိုက်ရပြန်တယ်။

နောက်မကြာပါဘူး၊ သူတို့တင် မဟုတ်တော့ဘူး၊ ညောင်ကြပ်ပင်ကြီးအောက် ရောက်သွားတဲ့ လူတိုင်း သူရဲကြီးက ဝုန်းခနဲ ခုန်ချပြီး ခြောက်ခြောက်နေတော့တာဆိုတော့ တဖြည်းဖြည်းနဲ့ ညောင်ကြပ်ပင်ကြီးအောက်က သူရဲကြီးသတင်းက ရွာထဲမှာ သတင်းကို ကြီးလာတော့တယ်။ အဲဒီမှာ အခြောက်ခံလိုက်ရတဲ့ ပုံစံကတော့ အတူတူချည်းပဲ။ ပထမ ညောင်ကြပ်ပင်ကြီးပေါ်ကနေ အသည်းနှလုံးတွေတောင် တုန်သွားမတတ် ရယ်သံကြီးပေးတယ်။ ပြီးတော့ အပင်ပေါ်ကနေ ဝုန်းခနဲ ခုန်ချပြီး လိုက်တယ်။ ဒီသတင်းက နောက်ဆုံး





ဘယ်လိုမှ မဖုံးနိုင်တော့ဘဲ သူကြီးနားကို ရောက်သွားရော၊ သူကြီးကတော့ သိတဲ့အတိုင်း နဂိုကတည်းက ခေါင်းမာတဲ့လူဆိုတော့ မယုံရေးချ မယုံပဲ။

ဒါပေမယ့်လို့ နှစ်ရက်ခြား သုံးရက်ခြားဆိုသလို ရွာထဲက လူတွေမှာလည်း အခြောက်ခံနေကြရတော့ ဒီသတင်းတွေက သူကြီးနားမှာ မကြားချင်လည်း ကြားနေရတော့တယ်။ တော်ကြာ ဟိုမနက်က ဘယ်သူအခြောက်ခံလိုက်ရလို့ တော်ကြာ ဟိုညနေက ဘယ်ဝါ အခြောက်ခံလိုက်ရလို့နဲ့ ကြာတော့ သူကြီးလည်း မနေသာတော့ဘူး။ သူ ဆက်ပြီး နေသာနေရင်လည်း ရွာပြင်ထွက်ရဲတဲ့လူ တစ်ယောက်မှ ရှိမှာမဟုတ်တော့ဘူးလေ၊ အခုတောင် အရေးအကြောင်းကိစ္စနဲ့ အခြားရွာတွေဘက်သွားစရာရှိတဲ့လူတွေ ဒီညောင်ကြပ်ပင်ကြီးအောက်က မဖြတ်ရဲကြလို့ အသံတွေ ထွက်နေကြပြီ။

ဒါနဲ့ သူကြီးလည်း အခြောက်ခံရတဲ့ လူတွေ တစ်ယောက်ချင်း ခေါ်မေးလိုက်တာ တစ်နေကုန် ထမင်းစားချိန်လေးပဲ နားမေး ဘာတောင် သုံးရက်လောက် ခေါ်မေးယူရတယ်ဆိုတာပဲ။ အခြောက်ခံလိုက်ရတဲ့ လူတွေများ ဘယ်လောက်များသလဲဆိုတာ တွက်သာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တော့ ဒါပေမဲ့ ဆိုခဲ့သလိုပေါ့၊ အခြောက်ခံရတဲ့ လူတိုင်း တစ်ပုံစံတည်းရယ်ဆိုတာ သိလိုက်ရတော့ သူကြီးလည်း ယုံရမလိုလိုဖြစ်လာတယ်။ အဲဒီလိုအချိန်မှာပဲ သူကြီး တစ်ခုကို သွားသတိထားမိလိုက်တယ်။ အခုလို ညောင်ကြပ်ပင်ကြီးပေါ်က သူရဲကြီး ခုန်ခုန်ချပြီး ခြောက်နေတဲ့ကိစ္စနဲ့ တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်နေတဲ့အချိန်၊ မုဆိုးတို့အုပ်စု ငြိမ်နေကြတဲ့ အချက်ကိုပဲ နောက် အခြောက်ခံလိုက်ကြရတဲ့ လူတွေထဲမှာလည်း ဒီကောင်တွေ မပါတဲ့အချက်ကို တွေးမိပြန်တော့ သူကြီးမျက်လုံးနှစ်လုံး လက်ခနဲဖြစ်သွားတယ်။ ဒါ ဉာဏ်များတဲ့ ဒင်းတို့လူစုလက်ချက်ပဲဆိုပြီး သူကြီး အကြံတစ်ခုကို ရလိုက်တော့တယ်။ သူကြီး သူ့အကြံကို ပြန်စဉ်းစားပြီး သဘောကျစွာနဲ့ နှုတ်ခမ်းမွေးကြီးကို လက်နဲ့သပ်လိုက်တယ်။ ဒီတစ်ခါတော့ ဒင်းတို့ကို လက်ဆုပ်လက်ကိုင်နဲ့ ဖမ်းပြီး မှတ်လောက်သားလောက်အောင် ဆုံးမနိုင်ပြီပေါ့။ သူကြီး သူ့အကြံနဲ့ သူ မုဆိုးတို့ လူစုကို အခေါ်ခိုင်းလိုက်တယ်။ ထုံးစံအတိုင်း ဟိုကောင်လေးကောင်ကတော့ ကိုရင်ကြက်တော ထန်းရည်ဆိုင်မှာ မူးပြီး အိပ်ပျော်နေကြလေရဲ့။ သူကြီးခေါ်ခိုင်းလိုက်တဲ့ ဂွကိုတောင် မနည်းနှိုးပြီး ခေါ်လာခဲ့ရတယ်။





သူကြီးရှေ့ရောက်ပြန်တော့လည်း သူတို့ပုံစံတွေက အမူအရာပျက်တာတွေ မရှိဘူး၊ အိပ်ရေးပျက်လို့ မှန်ကုတ်ကုတ်မျက်နှာတွေနဲ့ မုဆိုးက…

"သူကြီး ကျုပ်တို့ကို ခေါ်ခိုင်းလိုက်တာ ဘာကိစ္စရှိလို့တုန်း"

သူကြီးမဖြေသေးဘူး။ မုဆိုးမျက်လုံးကို ဆုံးအောင်ကြည့်နေတယ်။ လိမ်တဲ့ညာတဲ့လူများ မျက်လုံးချင်းဆုံရင် အိနြေ္ဒပျက်တတ်တယ်လို့ သူကြီးကြားဖူးထားတာကိုး။

ဒါပေမဲ့ မုဆိုးမျက်လုံးကတော့ အိနြေ္ဒပျက်မပျက်မသိဘူး၊ အိပ်ရေးပျက်လို့ နီရဲပြီး မျက်ချေးအပြည့်ပဲ။ ခဏအကြာမှ သူကြီးက…

"မင်းတို့ ရွာထဲမှာ ဘာတွေဖြစ်နေကြတယ်ဆိုတာ မသိကြဘူးလား"

"ဘာတွေဖြစ်နေကြလို့တုံး သူကြီး"

"ဘာတွေဖြစ်ရမလဲကွ၊ ဟိုညောင်ကြပ်ပင်ကြီးအောက်က သူရဲကြီးကိစ္စ"

ပြောပြီးမှ သူကြီးလည်း မုဆိုးအပေါ် သူထုတ်ထားခဲ့တဲ့ အမိန့်ကို သတိရသွားပြီး စကားတစ်မိုင်းတစ်စနဲ့ ရပ်သွားတယ်။ မုဆိုးက



www.burmeseclassic.com

www.burmeseclassic.com



လည်း ဒီစကားကြားလိုက်တာနဲ့ သူကြီးကို မခိုးမခန့်ပြန်ကြည့်ပြီး…

"ဒီကိစ္စနဲ့ပတ်သက်ပြီး သူကြီးပဲ၊ ကျုပ်ကို အမိန့်ထုတ်ထားခဲ့တာပဲ။ ကျုပ်တို့က အဲဒီကိစ္စနဲ့ပတ်သက်ရင် လုံးဝ စိတ်မဝင်စားတော့ဘူး"

မုဆိုးရဲ့ လေသံနဲ့ ဟန်ပန်ကြောင့် သူကြီးစိတ်ထဲမှာ ကလိကလိနဲ့ ဖြစ်သွားရတော့တယ်။ ဒီကောင် သူ့ရင်ခွင်ထဲရောက်လာလို့ လေသံမာနေတယ်ပေါ့လေ။ ဒါပေမဲ့ သူကလည်း သူကြီးပဲလေ၊ ဒါမျိုး အချိုးလာချိုးလို့ ဘယ်ရမတုံး။

"အေး… မင်းတို့ စိတ်မဝင်စားပေမဲ့ အခုချိန်မှာ ပြောရတော့မှာပဲ။ အခု ညောင်ကြပ်ပင်ကြီးပေါ်က သူရဲကြီးခုန်ခုန်ချပြီး ခြောက်နေတယ်ဆိုတဲ့ကိစ္စကို ငါ့စိတ်ထဲမှာ မရှင်းဘူး၊ ဒါကြောင့်…"

သူကြီးက ဒီစကားကိုပြောရင်းနဲ့ မုဆိုးမျက်နှာကို အဓိပ္ပာယ်ပါပါ တစ်ချက်ကြည့်လိုက်တယ်။ မုဆိုးဆိုတဲ့ကောင်ကလည်း ပါးလိုက်သမှ လျှစ်လျှစ် လျှစ်လျှစ်နဲ့နေတဲ့ ကောင်ဆိုတော့ သူကြီးအကြည့်ကို ချက်ချင်း သဘောပေါက်လိုက်တယ်။ သူကြီး မရှင်းဘူးဆိုတာ သူတို့အပေါ် သံသယမရှင်းတဲ့သဘော။





အဲဒီအချိန် သူကြီးက သူ့စကားကိုဆက်တယ်။

"အဲဒီသူရဲကြီး ခုန်ချတယ်ဆိုတယ်ဆိုတဲ့ ညောင်ကြပ်ပင်ကြီးဆီ ငါကိုယ်တိုင် သွားကြည့်မယ်။ ငါ့နောက်က မင်းတို့ လေးကောင်စလုံးလိုက်ခဲ့ကြရမယ်။ ဟင်းဟင်း… ငါသွားလို့မှ ဒီသူရဲမခြောက်ဘူးဆိုရင်တော့ ဟင်းဟင်း…

သူကြီးက သူ့အကြံနဲ့သူ အပိုင်။ အခုကိစ္စကို မုဆိုးတို့ လေးယောက်က တစ်ကောင်ကောင်လက်ချက်လို့ တွက်ထားတော့ ဒီကောင်လေးကောင်စလုံး သူ့နောက်မှာပါလာကြရင် ဒီသူရဲ ဘယ်လိုခြောက်နိုင်ဦးတော့မလဲလို့ တွေးထားမှကိုး။ နောက်ပြီး သူကြီးရဲ့ ဟင်းဟင်းဆိုတဲ့ အသံကြီးကလည်း ဒီလိုသာဖြစ်လို့ကတော့ ခင်းတို့လေးကောင် မလွယ်ဘူးသာမှတ်ပေတော့လို့ ကြုံးဝါးလိုက်တဲ့အသံ။

ဒါပေမယ်လို့ မုဆိုးဆီက…

"သူကြီးက ခုထက်ထိ ဒီကိစ္စကို မယုံသေးဘဲကိုး၊ အေးလေ ကိုယ်တိုင်လက်တွေ့ မကြုံဖူးတော့လည်း ဘယ်ယုံပါ့မတုံး၊ ကျုပ်တို့ကတော့ သူကြီးကိုယ်တိုင် လာခေါ်မှတော့ လိုက်ရတော့တာပေါ့"

ဆိုတဲ့ စကားကို ကြားလိုက်တော့ သူကြီးမျက်လုံးလေး နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



တော့ လည်ထွက်သွားတယ်။ သူက သူ့စကားကြားလိုက်တာနဲ့ မုဆိုးတို့အုပ်စုနည်းနည်းတော့ တွန့်သွားကြလိမ့်မယ်လို့ ထင်ထားမှ ကိုး။

❑





သူကြီးတို့အုပ်စု ညောင်ကြပ်ပင်ကြီးဆီ ချီတက်သွားကြတော့ အချိန်က မွန်းလွဲခါစ အချိန်ပဲ ရှိသေးတယ်။

ထုံးစံအတိုင်း သူကြီးကတော့ နှစ်လုံးပြူးကြီးတကားကားနဲ့ ရှေ့ဆုံးကပေါ့။ သူ့နောက်မှာမှ တပည့်ကျော် မောင်ဦးနဲ့ငွတို့။

သူတို့နှစ်ယောက်နောက်ကမှ မုဆိုး၊ နောင်ပိန်၊ ချက်ဖူးနဲ့ လုံထော်တို့ လူက ဒါပဲ။

သူတို့အုပ်စု ညောင်ကြပ်ပင်ကြီးကို ခပ်လှမ်းလှမ်းက လှမ်းမြင်ရတဲ့ အချိန်ကျတော့ မုဆိုးက...

"သူကြီး သိပ်လည်းအတင့်မရဲနဲ့ဦးနော်။ တော်တော်ကြာ သူ့ရဲ



www.burmeseclassic.com

www.burmeseclassic.com



ကြီး အပေါ်ကခုန်ချလာရင် အကုန်ဒုက္ခဖြစ်ကုန်ဦးမယ်"

မုဆိုးစကားကြောင့် ရှေ့က လှမ်းနေကြတဲ့ သူကြီးတပည့် မောင်ဦးနဲ့ ဥကိုတို့ ခြေလှမ်းတွေ တွန့်သွားကြတယ်။ လူတိုင်းနီးပါးကို ခြောက်လှန့်နေတဲ့ ညောင်ကြပ်ပင် သူ့ရဲ့ကြီးဆီ သွားနေရလို့ သွေးက ပျက်ချင်ချင်ရယ်။ သူကြီးကတော့ သူကိုယ်တိုင် မယုံသေးတာရယ်၊ လက်ထဲမှာလည်း နှစ်လုံးပြူးသေနတ်ကြီးပါနေတာရယ်ကြောင့် မုဆိုး သတိပေးသံကို မသိကျိုးကျွံလုပ်ပြီး ရှေ့ကိုသာ မဲလျှောက်နေတယ်။

မကြာပါဘူး၊ ညောင်ကြပ်ပင်ကြီးနဲ့ နီးလာပြီဆိုတာနဲ့ အပင်ကြီးဆီက သစ်ရွက်လေတိုးသံတွေ တဖြောဖြောကြားလာရတယ်။ နာမည်ကြီးလွန်းတဲ့ အပင်ကြီးမို့ ပတ်ဝန်းကျင်ကလည်း တစ်မျိုးကြီးရယ်၊ ရှေ့ဆုံးက ခြေလှမ်းကျဲကြီးတွေနဲ့ သွားနေတဲ့ သူကြီးကိုယ်တိုင်တောင် သစ်ရွက်လေတိုးသံ တဖြောဖြောအသံတွေက ချောက်ချားဖွယ်ကောင်းလောက်အောင် တစ်မျိုးကြီး တိတ်ဆိတ်ငြိမ်သက်နေတဲ့ ပတ်ဝန်းကျင်အနေအထားကြောင့် လှမ်းနေတဲ့ ခြေလှမ်းတွေလေးသွားတယ်။ အဲဒီအချိန် သူကြီးနောက်က မောင်ဦးနဲ့ဥကိုတို့ နှစ်





ယောက်နဲ့ မုဆိုးတို့လေးကောင်ကတော့ အပင်ကြီးဆီကိုသာ ထိတ်လန့်နေတဲ့ မျက်လုံးလေးတွေနဲ့ ကြည့်ပြီး သူကြီးနောက်ကနေ ခပ်ခွာခွာလေး လိုက်လာကြတယ်။ ရွာထဲက လူတွေပြောသလို အပင်ပေါ်က သူ့ရဲ့ကြီး ဝုန်းခနဲ ခုန်ချလာရင် အဆင်သင့် ပြေးနိုင်အောင်လည်း စိတ်ထဲမှာ အသင့်ပြင်ထားကြမှကိုး။

မကြာပါဘူး၊ အပင်ကြီးအောက်ကို နှစ်လုံးပြူးတကားကားနဲ့ သူကြီး အရင်စဝင်တယ်၊ ပြီးတော့ ခြေစုံရပ်ပြီး အပင်ကြီးပေါ်ကို တစ်ချက်မော့ကြည့်တယ်။ ပြီးမှ နောက်က သူ့လူတွေဘက်လှည့်ပြီး ဘယ့်နှယ့်လဲဆိုတဲ့ ဟန်ပါပါမျက်နှာပေးနဲ့ ကြည့်မယ်ပြင်လိုက်တုန်း...

"ဟား...ဟား...ဟား...ဟား...ဟီး...ဟီး...ဟီး...ဟီး"

အပင်ကြီးအပေါ် ဘယ်ဆီနေမှန်းမသိတဲ့ အရပ်ကနေ အသည်းအူနှလုံးတွေ ပြုတ်ထွက်သွားမလား အောက်မေ့လောက်တဲ့ ရယ်သံကြီးတစ်ခုထွက်ပေါ်လာတော့တယ်။ သတ္တိကောင်းလှပါတယ်ဆိုတဲ့ သူကြီးတောင် ရုတ်တရက်ဆိုတော့ ဆတ်ခနဲ တုန်သွားတယ်။ အဲဒီအချိန်နောက်က မောင်ဦးတို့နှစ်ယောက်နဲ့ မုဆိုးတို့လေးကောင်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ နဂိုကတည်းက နောက်ကို ခြေလှမ်းပြင်ထားကြပြီးဖြစ်လို့ ရယ်သံကြီးလည်း ရုတ်တရက်ထွက်ပေါ်လာရော··

"အောင်မလေးဗျ လုပ်ကြပါဦး" ဆိုပြီးတော့ သူကြီး မတားနိုင်မီဘဲ တစ်ချိုးတည်း လစ်ပြေးကုန်တော့တယ်။ အဲဒီတော့မှ တစ်ယောက်တည်း ကျန်ရစ်ခဲ့တဲ့ သူကြီးလည်း သူတို့နောက်ပြေးလိုက်ရတော့မလို သူ့ရဲကြီးကိုပဲ တစ်ယောက်တည်း ရင်ဆိုင်ရမလို ဖြစ်နေတုန်း···

"ဝုန်း"

"ဖြောင်း"

သူ့ခေါင်းပေါ်ဘက်က မည်းခနဲ အရိပ်ကြီးတစ်ခု တိုးကျလာတာကို ရိပ်ခနဲမြင်လိုက်ရပြီး၊ သစ်ကိုင်းကျိုးကျသံတစ်ခုနဲ့အတူ···

"အား"

သူကြီးရဲ့ အော်သံကြီးဟာ ဝန်းကျင်တစ်ခုလုံးကို လွှမ်းမိုးသွားပါတော့တယ်။

❑





အိမ်ရောက်တဲ့အထိ သူကြီးကို တော်တော်လေး နှာနှပ်ယူလိုက်ကြရတယ်။ ရွာသားတွေဆိုတာလည်း သူကြီးအိမ်နဲ့အပြည့် ပြီးတော့ သူကြီးကတော် ဒေါ်ဆုံရဲ့ ငိုသံပါကြီးနဲ့···

"အောင်မလေးတော့ ကိုဘိုးထွန်းရဲ့ လူတွေ ဒီလောက်ပြောနေကြတာတောင် မယုံရဲတဲ့လူကြီး ဟင်၊ အခုတော့ ကောင်းကြသေးရဲ့လားတော်ရဲ့ မတော် သူ့ရဲကြီးက ကုတ်ခွစီးပြီး တစ်ခါတည်း ဖက်ချိုးသတ်လိုက်ရင် မခက်ပါလားတော်ရဲ့"

ဆိုတဲ့ အသံကြီးကလည်း တစာစာနဲ့ ထွက်ပေါ်နေလေရဲ့



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ သူကြီးတစ်ယောက်ကတော့ ခုတင်ပေါ်မှာ ပက်လက်ကလေး။ ခေါင်းမှာလည်း လော်လော်လတ်လတ် စည်းထားတဲ့ ပတ်တီးလေးက အဖွေးသား။

ညောင်ကြပ်ပင်ပေါ်က သူ့ရဲ့ကြီးခုန်ချလာတုန်းက ကံဆိုးစွာနဲ့ သစ်ကိုင်းခြောက်ကြီးပါ ကျိုးပြီး သူ့ခေါင်းပေါ် တည့်တည့်ပြုတ်ကျလာလို့ ထိပ်ပေါက်သွားတာလေ၊ ဒါကြောင့် သူကြီးခမျာ ခုန်ချလာတဲ့ သူ့ရဲ့ကြီးတောင် မမြင်လိုက်ရဘဲ သတိလစ်သွားခဲ့ရတာ။

ဒါပေမဲ့ သူကြီး တော်တော်တော့ လန့်သွားခဲ့ရတာ အမှန်ပါပဲ။ ဟုတ်တယ်လေ သူ့ရွာသားတွေပြောကြတာ အမှန်တွေဖြစ်နေမှကိုး။ သူကိုယ်တိုင်လည်း သတိမလစ်ခင် ရိပ်ခနဲ ခုန်ချလာတဲ့ဟာကြီးကို မြင်လိုက်ရမှပဲ။ မယုံလို့ ဘယ်ဖြစ်တော့မတုံး။

သူကြီး သတိရရချင်း သူ့အိမ်ပေါ်မှာ အပြည့်ရောက်နေကြတဲ့ ရွာသားတွေကို တစ်ချက်ဝေ့ကြည့်တယ်။ ရွာသားတွေခမျာလည်း သူတို့သူကြီးကို စိုးရိမ်နေတဲ့ မျက်နှာကလေးတွေနဲ့ ဝိုင်းကြည့်နေကြတယ်။ ဒါပေမဲ့ သူတို့ထဲမှာ သူကြီးအိမ်ပေါ်က ထောင့်ကျကျတိုင်တစ်တိုင်ကို မှီပြီး ရပ်နေတဲ့ မုဆိုးအကြည့်ကတော့ တစ်မျိုး လက်





ကလေးပိုက်ပြီး သူကြီးကို ကြည့်နေပုံကလည်း တကယ့်ကို မခိုးမခန့်နဲ့ သူကြီးမျက်လုံးတွေကလည်း ရွာသားတွေကြားထဲက တစ်စုံတစ်ယောက်ကို ရှာဖွေနေတယ်။ တိုင်ကို မှီပြီး ရပ်နေတဲ့ မုဆိုးကို မြင်လိုက်ရတော့မှ သူကြီးမျက်လုံးတွေက သူ့ဆီမှာ ရပ်သွားတော့တယ်။ အဲဒီအချိန် မုဆိုးကလည်း သူကြီးကို မခိုးမခန့်နဲ့ ပြန်ကြည့်နေတယ်။ သူ…သူကြီးမျက်လုံးတွေထဲက တောင်းပန်နေတဲ့ အရိပ်အရောင်တွေကို မြင်တွေ့နေမှကိုး။ ခဏအကြာမှ သူကြီးဆီက စပြီး အသံထွက်လာတယ်။

"မု… မုဆိုး"

ဒီတော့မှ မုဆိုးလည်း ရပ်နေရာက သူကြီးခုတင်နား လျှောက်သွားတယ်။

"ကဲ… ဘယ့်နှယ့်လဲ သူကြီး၊ ညောင်ကြပ်ပင်ကြီးအောက် သူကြီးမျက်နှာငယ်လေးနဲ့…

"ယုံ…ယုံပါပြီကွာ၊ အဲဒီအတွက်လည်း…"

သူကြီးစကားတစ်ပိုင်းတစ်စနဲ့ ရပ်သွားတယ်။ ဒါပေမဲ့ မုဆိုးကတော့ သူကြီးပြောချင်နေတဲ့စကားတွေကို သိနေတယ်။ သူ့ ချက်



www.burmeseclassic.com

www.burmeseclassic.com



ချင်း အိတ်ထဲက တစ်စုံတစ်ခုကို နှိုက်ယူလိုက်တယ်။ ဒီတစ်ခါတော့ မုဆိုးယူလိုက်တာ တကယ့်သူ့ရဲ့အစွယ်ကြီးပါပဲ။ သူကြီးနဲ့ ရွာသားတွေ အားလုံးလည်း မုဆိုးလက်ထဲက သွားစွယ်ဖြူဖြူကြီးကို အံ့ဩထိတ်လန့်တဲ့ မျက်လုံးတွေနဲ့ ကြည့်နေကြတာတယ်။ အဲဒီအချိန်မှာ မုဆိုးက…

“ဟောဒီဟာ ကျုပ်ရခဲ့တဲ့ သူ့ရဲ့အစွယ်ကြီးပဲ။ အရင်တစ်ခါ အိတ်ထဲထည့်ထားတဲ့ ဆေးလိပ်ဖင်စီခံနဲ့ မှားပြမိလိုက်တာ ဒီတော့ ကျုပ်အနေနဲ့ ရှည်ရှည်ဝေးဝေး မပြောချင်တော့ဘူး၊ အခု ညောင်ကြပ်ကြီးမှာ ဖြစ်နေတဲ့ကိစ္စကို လူတိုင်းလည်း သိသွားကြပြီဆိုတော့ သူကြီးသာ ကျုပ်အပေါ်ကို ထုတ်ထားတဲ့အမိန့်ကို ပြန်ရုပ်သိမ်းပေးလိုက်စမ်းပါ။ ကျုပ် အဲဒီကောင်ကြီးကို ကောင်းကောင်းဆုံးမပေးပါ့မယ်။

မုဆိုးဆီက ဒီစကားလည်း ထွက်လာရော ရွာသားတွေဆိုတာ သူ့ကို တကယ့် ကယ်တင်ရှင်သူရဲကောင်းကြီးအလား အထင်ကြီးလေးစား တဲ့မျက်လုံးတွေနဲ့ တစ်ခါတည်း ဝိုင်းပြီးကြည့်ရှုလိုက်ကြတယ်။ ပြီးတော့ သူတို့သူကြီးမျက်နှာကိုလည်း ကွက်ကြည့်ကွက်ကြည့်လုပ်ပြီး တစ်ယောက်နဲ့တစ်ယောက် တီးတိုးပြောသံတွေ ထွက်လာတယ်။ သူကြီးလည်း ဘယ်နေသာတော့ပါ့မလဲ။ ထွက်ပြီးသား





ဆင်စွယ်ဘယ်တော့မှ ပြန်ဝင်ရိုးမရှိသလို သူထုတ်ပြီးသားအမိန့်ကို ဘယ်တုန်းကမှ ပြန်ပြင်ရိုးထုံးစံမရှိခဲ့တဲ့ သူကြီး၊ သက်ပြင်းရှည်ကြီးကိုချ မာန်ချပြီး…

“အိမ်း… ကျုပ်…ကျုပ်အမိန့်ကို ပြန်ရုပ်သိမ်းပါတယ်”

သူကြီးဆီက လေလည်တဲ့အသံလေးမျိုးနဲ့ ထွက်ပေါ်လာတဲ့ စကားသံလည်းကြားရော မုဆိုးမျက်လုံးတွေ တလက်လက် တောက်သွားတော့တယ်။

ပြီးလည်းပြီးရော မပြောမဆိုနဲ့…

'ငါကွမုဆိုး' ဆိုပြီး ဝုန်းခနဲ ထခုန်လိုက်တာ ဘေးကလူတွေတောင် လန့်ဖြန့်ကုန်တော့တယ်။ ဟုတ်တယ်လေ ဒါဟာ သူ့အတွက် မဟာ့မဟာ အောင်ပွဲတစ်ခုပေပဲ။ တစ်သက်လုံး သူ့အပေါ်မာလာခဲ့တဲ့ သူကြီးကို သူ ကောင်းကောင်းကြီး အနိုင်ယူလိုက်တာပဲ။

မုဆိုး ထခုန်လည်းပြီးရော…

“ဟား…ဟား…ဟား…ဟား… အခုတော့ မုဆိုးအပြင် ဒီလိုကိစ္စမျိုးကို ဘယ်သူဖြေရှင်းနိုင်တဲ့လူ ရှိတော့တုံး၊ စိတ်ချချသာနေကြပေတော့၊ မနက်ဖြန်ကစပြီး ဒီညောင်ကြပ်ပင်ပေါ်က သူ့ရဲ့ကြီးအို



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးနှိမ်နင်းပေးမယ်။ ဒီရွာမှာ ဘယ်သူမှ မလုပ်နိုင်တဲ့အလုပ်ကို ဒီကောင် မုဆိုးလုပ်ပေးမယ်။ အခုတော့ မုဆိုးဆိုတဲ့ကောင် ရုပ်သာဆိုးပေမဲ့ မုဆိုးတို့ဘုန်း မိုးသို့ချွန်း ဆိုတာလို အနေစုတ်ပေမဲ့ ရွှေသုတ်တဲ့ မြပုဝါခင်ဗျ။ ကျုပ်လိုလူမျိုးကို တစ်ကမ္ဘာလုံး ထမင်းထုပ်နဲ့ လှည့်ရှာတောင် တွေ့နိုင်ပါတော့ဦးမလား ဟား…ဟား…"

မုဆိုးက ဒီစကားကို ပြောနေရင်းက သူကြီးနဲ့ သူကြီးခုတင်ဘေးမှ ငုတ်တုတ်လေးတွေ ထိုင်နေကြတဲ့ သူကြီးကတော်နဲ့ လေးနှယ်တို့ကို တစ်ချက်ကြည့်လိုက်တယ်။ သူကြီးသက်ပြင်းချတယ်၊ ဒေါ်ခုံက ခေါင်းကြီးငုံ့သွားတယ်။ အဲ… လေးနှယ် သူလေးကတော့ မုဆိုးကို အထင်ကြီးနေတဲ့ မျက်လုံးလေးတွေနဲ့ တလက်လက်ပြန်ကြည့်နေတယ်ခင်ဗျ၊ တစ်သက်နဲ့တစ်ကိုယ် လေးနှယ်ဆီက ဒီလိုအကြည့်မျိုး တစ်ခါမှ မရခဲ့ဖူးတဲ့ မုဆိုးခမျာ ရင်ဘတ်ကြီးတစ်ခုလုံးတောင် တဒုံးဒုံးနဲ့ ခုန်သွားတယ်။ ဒီအတိုင်းဆို သူ တကယ်လို့သာ မုဆိုး ညောင်ကြပ်ပင်ကြီးအောက်က သူရဲကြီးကို အပိုင်သာ နှိမ်နင်းနိုင်ခဲ့မယ်ဆိုရင်…

❑





နောက်တစ်နေ့…

မနက်စောစော ဝေလီဝေလင်းအချိန်မှာပဲ မုဆိုးတစ်ယောက် မကြောက်မရွံ့နဲ့ ရွာထိပ်က ညောင်ကြပ်ပင်ကြီးဆီကို တစ်ယောက်တည်း ချီတက်သွားပါတော့တယ်။ အဲ့ဒီအချိန် သူ့လက်ထဲမှာလည်း သူကိုင်နေကျ လှံရှည်ကြီးနဲ့ ခြင်းကြားကြီးတစ်လုံးကိုလည်း ယူဆောင်သွားလေရဲ့။

ဟုတ်တယ်လေ ညောင်ကြပ်ပင်ကြီးပေါ်ကနေ ခုန်ချပြီး ခြောက်လှန့်နေတဲ့ သူရဲကြီးကို သူ ဒီခြင်းကြားကြီးထဲ ထည့်ပြီး ဖမ်းယူလာခဲ့ရမှာကို တစ်ရွာလုံးကြိုသမျှ ရွာသားတွေဆိုတာလည်း လုံ့တစ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ခြင်းကြားတစ်လုံးနဲ့ သူရဲဖမ်းထွက်သွားတဲ့ မုဆိုးကို ရွာတံခါးဝအထိ လိုက်ပို့ခဲ့ကြပါသေးတယ်။ ရွာတံခါးက ကျူးပြီးတော့တော့ သူတို့ တစ်ယောက်မှ မုဆိုးနောက် လိုက်ကြည့်ဝံ့တဲ့ သတ္တိမရှိကြဘူး၊ သိတယ် မဟုတ်လား၊ ညောင်ကြမ်ပင်ကြီးပေါ်က သူရဲကြီးအကြောင်းကို…

အဲဒီအချိန် မုဆိုးကို လိုက်ပို့ကြတဲ့ လူတွေထဲမှာ သူကြီးသမီး လေးနွယ်ကိုယ်တိုင်လည်းပါတယ်။ လှံကြီးတစ်ချောင်း၊ ခြင်းကြားကြီး တစ်လုံးနဲ့ သူရဲဖမ်းထွက်မယ့် မုဆိုးရဲ့ပုံစံကတော့ သူတို့အားလုံးရဲ့ မျက်လုံးထဲမှာ တကယ့်ကို ဧရာမ သူရဲကောင်းကြီးပုံစံမျိုးဖြစ်နေမှာကိုး၊ တခြားလူမပြောနဲ့ မုဆိုးကို ဘယ်လိုမှ ကြည့်မရတဲ့ သူကြီးကတော် ဒေါ်ဆုံကိုယ်တိုင်တောင် မုဆိုးကို သွားခါနီးဆဲဆဲ…

"လူလေး ဂရုစိုက်ပြီး သွားနော်"လို့ မှာလိုက်သေးတယ် ဆိုမှ အခြားလူတွေဆိုတာတော့ မပြောနဲ့တော့ အဲဒီအချိန် မုဆိုးက တော့ တကယ့်ဇာတ်လိုက်မင်းသားပဲပေါ့။ သူကြီးကိုယ်တိုင်ကလည်း သူ့ကို လက်ပိုက်ပြီး မိန့်မိန့်ကြီးကြည့်နေတယ်။ သူကတော့ စကား တစ်ခွန်းမှ မဆိုဘူး။ အခြားရွာသားတွေကတော့ မုဆိုးကို တစ်ယောက် တစ်ပေါက်မှာလိုက်ကြတာဆိုတာ ဆူညံနေတော့တာပဲ။ အဲဒီမှာ သွား





ခါနီးဆဲဆဲမှ မုဆိုး လူတစ်ယောက်ကို သမင်လည်ပြန်နဲ့ တစ်ချက် ကြည့်တယ်။ ဘယ်သူရှိရမလဲ သူ့အချစ်ဆုံးလေး လေးနွယ်ကိုပဲပေါ့။ အဲဒီအချိန် လေးနွယ်ကလည်း သူ့ကို အကြည့်ရွှမ်းရွှမ်းလေးနဲ့ ပြန် ကြည့်နေတယ်လေ။ ပြီးမှ သူ့နှုတ်ခမ်းလှလှလေးက လှုပ်လှုပ် ရှားလာပြီး…

'မောင်ကြီး သတိထားနော်' ဆိုတဲ့ အသံလေးထွက်လာတယ်။ ဘာပြောကောင်းလိမ့်မတုန်း မုဆိုးဆိုတာ ကိုယ့်အသားကိုယ် ကုန်း ကိုက်ပစ်ချင်လောက်အောင် ရွှစ်ရွှစ်ဖြစ်သွားရတော့တယ်။ ပြီးမှ သွား ရည်တမြားမြားကျတော့မတတ်ဖြစ်နေတဲ့ ပါးစပ်ကြီးကို ဖိပြီး…

'ဟီး… စိတ်ချ နှမ မောင်ကြီး မင်းတို့ဆီကို ဘေးမသီ ရန်မခ ပြန်လာခဲ့ပါမယ်။ မောင်ကြီးပြန်လာတဲ့အခါသာ ဟီး…"

သူ့စကားကြောင့် လေးနွယ်ခေါင်းကလေးပြန်ငုံ့သွားတယ်။ ဟုတ်တယ်လေ မုဆိုးခမျာလည်း လူတွေအားလုံးရှေ့မှာဆိုတော့ ဒီထက် ပိုပြီး ဘာမှပြောလို့ မဖြစ်တော့ဘူး၊ ဒါပေမဲ့ ဒီစကားလောက်နဲ့ပဲ လေးနွယ်သဘောပေါက်မယ်လို့ သူ တွက်လိုက်မိတယ်။

နောက်တော့ မကြာပါဘူး၊ မုဆိုးတစ်ယောက် ဆိုခဲ့သလို



www.burmeseclassic.com

www.burmeseclassic.com



လှုံကြီးတစ်ဖက်၊ ခြင်းကြားကြီးတစ်ဖက်နဲ့ ညောင်ကြပ်ပင်ကြီးဆီကို ချီထွက်သွားပါတော့တယ်။ သူ့ခြေလှမ်းတွေများဆိုတာ မြေကြီးနဲ့တောင် ထိတယ်လို့ မထင်ရဘူး။

ဟော… မုဆိုးတစ်ယောက် ရောက်လာပါပြီ၊ ညောင်ကြပ်ပင်ကြီးအနီးကို…

မနက်စောစော တိုက်ခတ်နေတဲ့ လေနုအေးလေးတွေကြောင့် ထုံးစံအတိုင်း အပင်ကြီးပေါ်က သစ်ရွက်သံတွေက တဖြော်ဖြော်။ ဒါပေမဲ့ အခုချိန် အဲဒီအသံလေးတွေကိုပဲ မုဆိုးနားထဲမှာ ဆည်းလည်းသံလေးတွေလို ဘာလိုလို ကြောက်ဖို့ဆိုတာ ဝေလာဝေး။

ဒီလိုနဲ့ မုဆိုး ညောင်ကြပ်ပင်ကြီးအောက်ကို ဝင်လိုက်တာနဲ့ တစ်ပြိုင်နက် တစ်ခါတည်း အသည်းအူနှလုံး တုန်လှုပ်ဖွယ် ရယ်သံကြီးက အပင်ကြီးပေါ်က ထွက်ပေါ်လာတော့တာပါပဲ။

"ဟား….ဟား….ဟား….ဟား….ဟီး…ဟီး…ဟီး…ဟီး…"

ဒါပေမဲ့ အံ့ဩဖွယ်ကောင်းတာက မုဆိုး တစ်ချက်ကလေးတောင် တွန့်မသွားဘူး။ အပင်ကြီးပေါ်ကိုပဲ ခပ်ပြုံးပြုံးမျက်နှာလေး





နဲ့ ကြည့်နေတယ်။

ဟော… မကြာပါဘူး၊ ရယ်သံကြီးလည်း ဆုံးရော၊ အပင်ကြီးပေါ်ကနေ မည်းမည်းအရာကြီးတစ်ခုက ဝုန်းခနဲ ခုန်ချလာပါတော့တယ်။

အဲဒီအချိန်အထိ အံ့ဩစရာကောင်းလောက်အောင် မုဆိုးတစ်ချက်ကလေးမှ တုန်လှုပ်သွားတာမရှိသေးဘူး။ သူ ဝုန်းခနဲ ကျလာတဲ့ အရာကြီးဘက် ဖျတ်ခနဲ မျက်နှာမူလိုက်တယ်။

အဲဒီမှာ သစ်ပင်ကြီးပေါ်က ခုန်ချလာတဲ့ သူရဲဆိုတဲ့ အကောင်ကြီးကလည်း သူ့ရှေ့မှာ မပြေးဘဲ မားမားကြီးရပ်နေဆဲ ရှိသေးတဲ့ အံ့ဩဖွယ် လူသားကြောင့် မျက်လုံးကြောင်တောင်တောင်လေးနဲ့ ကြည့်နေရာကနေပြီး တစ်ခါတည်း ခွေလိပ်သွားပါတော့တယ်။

သူရဲကြီးဆိုတာ အခြားမှ မဟုတ်ဘဲ သူ့အပင်အောက်ကို လူရောက်လာတိုင်း အသံမျိုးစုံပြု ခြောက်လှန့်ပြီး ဝုန်းခနဲ ခုန်ချလာတတ်တဲ့ သင်းခွေချပ်ကြီးတစ်ကောင် ဖြစ်နေမှကိုး။

ပြီးတော့ ဒီသင်းခွေချပ်ကြီးကို မုဆိုးကလည်း ဘယ်ကြောက်ပါ့မလဲ သူကိုယ်တိုင် မကျေနပ်တဲ့ သူကြီးကို ပညာပြဖို့အတွက်

www.burmeseclassic.com



သူတို့ရွာအရှေ့ဘက်က တောင်ပေါ်တက် ထင်းခုတ်သွားလေ့ရှိကြတဲ့ ကိုဖိုးပါတို့ သားအဖဆီက ငွေနှစ်ကျပ်နဲ့ ပေးဝယ်လာပြီး သူကိုယ်တိုင်ပဲ ညောင်ကြပ်ပင်ကြီးပေါ်က အခေါင်းထဲ လွှတ်တင်ထားပေးခဲ့တဲ့ အကောင်ကြီးဖြစ်နေတဲ့ဟာကို။

ကိုင်း… မုဆိုးတို့ မကျေနပ်ဘူးဆိုတာနဲ့ ပွဲကြမ်းတတ်တာ ဒါပဲ။ ဘာပဲပြောပြော သူ့ပွဲကြမ်းပြီဆိုတာနဲ့ အုန်းအုန်းကျွက်ကျွက်ဖြစ်သွားတတ်ကြရတာဟာ ထုံးစံပဲလေ။ ကဲ… သိပြီမဟုတ်လား၊ မုဆိုးတို့ ပွဲကြမ်းပြီဆိုတာနဲ့ ဘာတွေဖြစ်ကုန်တတ်ကြတယ်ဆိုတာ…





မုဆိုး…

ခပ်တည်တည်နဲ့ပဲ ခွေလိပ်နေတဲ့ သင်းခွေချပ်ကြီးကို ကောက်ဖမ်းပြီး ခြင်းကြားကြီးထဲထည့်တယ်။ ပထမဆုံး သူလုပ်ရမယ့်ကိစ္စတစ်ခုကတော့ ပြီးပြီလေ အဲ…ဒါပေမဲ့…

သူ့ကို တကယ်တမ်း ဖိုက်တင်ပလေးသွားခဲ့တဲ့ ဒီညောင်ကြပ်ပင်ကြီးအပေါ်က သူရဲကြီးကိစ္စက ရှိသေးတယ်။ ဒီကောင်ကြီးကိုလည်း တစ်လက်စတည်း ဆုံးမသွားမှ ဖြစ်မှကိုး။ အခွင့်အရေးကလည်း ဒီတစ်ကြိမ်ပဲ ရှိတော့တာလေ။ မုဆိုး သင်းခွေချပ်ကြီးထည့်ထားတဲ့ ခြင်းကြားကြီးကို ခေါ်ချလိုက်တယ်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ့လုံရှည်ကြီးကိုကိုင်ပြီး အပင်ကြီးကို တစ်ချက် မော့ကြည့်လိုက်တယ်။

"ဟင်းဟင်း… အခုချိန် နှာနှာဘာဝကောင်ကြီးက ကိုယ် ယောင်ပျောက်ပြီး ဒီအပင်ကြီးပေါ်မှာ နှပ်နေလောက်ပြီ" ဆိုတဲ့ အတွေး နဲ့ သူ တစ်ချက်ပြုံးလိုက်တယ်။

ပြီးမှ ဒီကောင်ကြီးကို ကောင်းကောင်းဆုံးမဖို့ လှုပ်ရှားမှုတစ်ခု ကို စတင်လိုက်တယ်။ အင်္ကျီအောက် ခါးကြားထဲမှာ ဝှက်ပြီး ယူလာ ခဲ့တဲ့ ဓာတ်ဆီပုလင်းကို ထုတ်လိုက်တာပဲ။ ပြီးတာနဲ့ ချက်ချင်း မုဆိုး ညောင်ကြပ်ပင်ကြီးရဲ့ ပင်စည်ကြီးအနားကို တစ်လှမ်းချင်း လျှောက်သွားလိုက်တယ်။ သူ့အကြံက ညောင်ကြပ်ပင် ပင်စည်ကြီး ရဲ့ အခေါင်းထဲကို ဓာတ်ဆီတွေ လောင်းထည့်ပြီး တစ်ခါတည်း ပွဲ ပြတ် မီးပုံရှို့ပစ်မှာလေ။

ဒါပေမဲ့ မုဆိုး ညောင်ကြပ်ပင်ကြီးရဲ့ ပင်စည်ကြီးနားတောင် မရောက်လိုက်သေးဘူး…

"ဟော… ရပ်လိုက်စမ်း ဘယ်သူလဲကွ"

မုဆိုး လန့်ဖြန့်ပြီး သူ့နောက်ကျောဘက်က ရုတ်တရက် ထွက်



BURMESE CLASSIC .com



ပေါ်လာတဲ့ အသံကြီးကြောင့် ချာခနဲ နောက်လှည့်ကြည့်မိလိုက်တော့ တယ်။ အဲဒီမှာ ညောင်ကြပ်ပင်ကြီးအောက်ကို ဝင်ရောက်လာကြတဲ့ လူသုံးယောက်ကို မုဆိုး အံ့သြစွာနဲ့ တွေ့မြင်လိုက်ရတော့တယ်။ သူတို့ထဲက ရှေ့ဆုံးက လျှောက်ဝင်လာတဲ့ လူကြီးက အရပ်ထောင် ထောင်မောင်းမောင်းနဲ့ လွယ်အိတ်ကြီးတစ်လုံးကိုလည်း လွယ်ထား တယ်။ သူ့နောက်က မျက်နှာစိမ်း လူနှစ်ယောက်ကတော့ သူ့တပည့် တွေဖြစ်ပုံရတယ်။

ချက်ချင်း လူကြီးနဲ့ သူ့တပည့်နှစ်ယောက်က မုဆိုးနားကို ရောက်လာကြတယ်။ အဲဒီတော့မှ ပိုလူနှစ်ယောက်လက်ထဲမှာ ကိုင် ဆွဲလာကြတဲ့ အုန်းငှက်ပျောထည့်ထားတဲ့ ခြင်းတစ်လုံးနဲ့ ဖယောင်း တိုင်၊ အမွှေးတိုင်အထုပ်တွေ အခြား ဝေယျာဝစ္စပစ္စည်းတွေ အဲဒီ အချိန်မှာပဲ ရှေ့ဆုံးက ရောက်လာတဲ့ လူကြီးက မုဆိုးကို သေသေ ချာချာကြည့်ပြီး…

"ဟာ…ဟော ဘယ်သူများတုံးလို့ မောင်မင်းစိန်ပါလားကွဲ့"

ဆိုတဲ့ အသံကြောင့် ဒီတော့မှ မုဆိုးလည်း လူကြီးမျက်နှာကို သေသေ ချာချာကြည့်ပြီး အံ့သြသွားရတော့တယ်။ အံ့သြတော့မှာပေါ့၊ သူ့တွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတဲ့လူကြီးက သူ့ကို သိဒ္ဓိဆေးတွေ ထိုးပေးသွားပြီး တစ္ဆေဖမ်းမှုဆိုးလုပ်ပေးသွားတဲ့ အာဋ္ဌာဝီဆရာမှုံဆိုတဲ့ ဆရာကြီးဖြစ်နေမှကိုး။

အဲဒီအချိန်မှာပဲ ဆရာကြီးက သွားကြားလေထွက်တဲ့ အသံကြီးနဲ့…

"အိမ်း…ငါတို့လည်း ဒီနေ့မှ ပြန်ရောက်တယ်။ ငါလိုဆရာမျိုးကိုတောင် မခန့်လေးစားနဲ့ ပြန်ပြီး ရန်သတ္တုသွတ်ခဲ့တဲ့ ဟောဒီအပင်မှာကပ်နေတဲ့ နာနာဘာဝကောင်ကို ဆုံးမရအောင် ပြန်လာခဲ့တာပေါ့လကွယ်"

မုဆိုး ဆရာကြီးစကားကြောင့် ပိုအံ့သြပြီး မျက်လုံးပြူးသွားရပြန်တယ်။ ဆရာကြီးလည်း သူလိုပဲ ညောင်ကြပ်ပင် သူရဲကြီးနဲ့ တွေ့ခဲ့ပြီးပြီနဲ့ တူရဲ့လို့လည်း တွေးလိုက်မိတယ်။ ဒါနဲ့…

"ဟို…ဟို… ဆရာကြီး ဒီအပင်ကြီးအောက်က သူ…သူရဲကြီးနဲ့ တွေ့ပြီး"လို့ မေးမလို့ စကားတောင် မဆုံးလိုက်သေးဘူး။ ဆရာကြီးက ဒေါသထွက် ခံပြင်းနေတဲ့ အသံကြီးနဲ့…

"တောက်… ငါတစ်သက် ရာဇဝင်ရိုင်းလိုက်လေခြင်းကွယ်။ အဲဒီနေ့ ညနေက မှတ်မှတ်ရရ မိုးမှောင်တွေကျပြီး လေတွေ တဝေါ





ဝေါတိုက်နေတဲ့ အချိန်ပေါ့ကွာ။ ငါလည်း ဒီအပင်ကြီးအောက်မှာ ပုတီးစိပ်ပြီး ပိုင်ရာဆိုင်ရာပုဂ္ဂိုလ်တွေကို အမွှေးကိုင်မီး ကပ်ညှိပြီး ပူဇော်မလို့လုပ်နေတုန်း ခုနက မင်းပြောတဲ့အကောင်က ငါ့ဆီကို ပြေးဝင်လာပြီး ရန်လုပ်တော့တာပဲ။ အဲဒီအချိန် မိုးကလည်းမှောင် အပင်အောက်ကလည်း မည်းမှောင်နေတော့ ဖြစ်ချင်တော့ ငါ့လက်ထဲက သိမ်ဇင်ပုတီးကလည်း အောက်ပြုတ်ကျသွားပြီး ပြန်ရှာလို့မရတော့ဘူး။ အဲဒီအချိန် ဒီကောင်က အခွင့်ကောင်းယူပြီး ငါ့ကို ဝင်သမတော့တာပဲ။ ငါ့လက်ထဲမှာ သိမ်ဝင်ပုတီးကလည်း မရှိတော့ ငါလည်း ပြန်သတ်ရတော့တာပေါ့။ နို့မို့များတော့ သိမ်ဝင်ပုတီးနဲ့ ဒီကောင့်ပြည့်ပွင်းစွပ်ပြီး ကောင်းကောင်းဆုံးမလို့ရတယ်။ အခုတော့ကွာ ဒီကောင့်ကို ပြန်သတ်လိုက်ရတာ ဖတ်ဖတ်ကိုမောနေတော့တာပဲ။ အမယ် ဒီကောင်ကလည်း ဒီအပင်ကြီးမှာကပ်နေတာ အတော်နှစ်ရှည်နေပုံရတယ်။ ငါ့ကို တိုက်ခိုက်လိုက်တာများဆိုတာ ဝီခေါ်နေတာပဲ။ နောက်ဆုံး သူကပဲဖက်ပြီး ငါ့ကိုနပမ်းလုံးတယ်။ အင်း… ပြောရရင်တော့ တော်တော်ခံပြင်းစရာပဲကွ။ ဒီကောင်က ဆေးအင်းစမတွေနဲ့ပြည့်နေတဲ့ ငါ့ဇက်ပိုးကိုတောင် ဝင်ခဲမှကိုးဟ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ခွေးကိုက်တဲ့အတိုင်းပဲ ဟောဒီမှာ ကြည့်ပါလား"

ဆရာကြီးက သူ့လည်ကုတ်က အကွင်းလိုက်ဖြစ်နေတဲ့ သွားရာအနာရွတ်ကြီးတစ်ခုကို လှန်ပြီးပြလိုက်သေးတယ်။ ပြီးမှ မျက်နှာကြီးကိုလည်း ဟန်ပါပါမဲ့ရှုံ့ပြရင်းမှ…

"လားလား ငါ့ချောင်ထုံးက ပြေကျနေတဲ့ ဆံပင်တွေတောင် ဒီကောင့်ပါးစပ်ထဲ ပါသွားသေးသကွ။ ငါလည်း ဒီကောင့်မျက်နှာကို လက်ဝါးနဲ့ အသားကုန်ပိုးထည့်လိုက်မှ ကျွာကျသွားတယ်။ ငါ့မှာလည်း ဒီကောင်ကိုက်ပိုက်တဲ့ဒဏ်ရာနဲ့ တစ်ခါတည်းလိမ့်နေမှပဲ။ အဲဒီအချိန်မှာမှ ဒီကောင်က ငါ့ပါးစပ်နေရာကို ဘာနဲ့တီးထည့်လိုက်သလဲ မသိဘူး။ တစ်ခါတည်း ဂုတ်ခနဲပဲ။ အင်း… သူလည်း အတော်နာသွားပုံတော့ ရတယ်ကွ။ အဲဒါ အရေးမကြီးဘူး။ ငါ့မှာက ဒီကောင်ဆော်ထည့်လိုက်လို့ ရွှေသွားသုံးချောင်း ကျွတ်ထွက်သွားပါရောလား၊ ဟော့ဒီမှာလည်း…"

ဆရာကြီးက ကျိုးနေတဲ့ သူ့သွားတွေကို ဖြဲပြီး ပြပြန်တယ်။ အဲဒီအချိန် မုဆိုးကတော့ စကားတောင် မပြောနိုင်တော့ဘူး။ အသေကောင်ကြီးလို မတ်တတ်ကြီးနဲ့ မေ့နေတော့တာ။

သူ့ရဲကောင်းစာပေ



ဆရာကြီးကတော့ သူ့စကားသူ ဆက်ပြန်တယ်။

"အင်း… လက်ထဲမှာ သိမ်ဝင်ပုတီး မရှိတော့လည်း ခံလိုက်ရတော့တာပေါ့ကွာ၊ အခုလည်ကုတ်က ဒဏ်ရာကိုတောင် ပျောက်အောင် မနည်းပြန်ကုလိုက်ရတယ်။ သူ့ရဲ့ကိုက်လိုက်တဲ့ ဒဏ်ရာဆိုတာ လွယ်တာမှတ်လို့။ ငါ့မှာ အထက်က ဆရာအရှင်ပုဂ္ဂိုလ်တွေတောင် ဆောင်မထားတဲ့ အစွမ်းထက်လှတဲ့ သိဒ္ဓိဝင်ဆေးတော်တွေသာ မရှိရင် မလွယ်ဘူး။ အခြားတော်ရုံတန်ရုံ ဆရာတွေလောက်နဲ့ ဒီလို သူ့ရဲ့ကိုက်တဲ့ဒဏ်ရာကို ဘယ်ကုနိုင်ကြပါ့မတုံး။ ဟင်း… ဟင်း… အခုတော့ ငါ့ကို အခွင့်ကောင်းယူပြီး စော်ကားလိုက်တဲ့ ဒီညောင်ကြပ်ပင်ကြီးအောက်ကအကောင်ကို ပြန်ပြီးကောင်းကောင်းဆုံးမဖို့ စကုဘက်ပြန့်ပြီး အဘဘိုးဘိုးအောင်တို့၊ အဘဘိုးမင်းခေါင်တို့ဆီက ခွင့်ယူပြီး ဆေးစမအင်းတွေ စီရင်…"

မုဆိုး ဆရာကြီးဆိုတဲ့ အာဋာဝီဆရာမှုစကားကိုပင် ဆုံးအောင် နားမထောင်တော့ဘဲ ညောင်ကြပ်ပင်ကြီးအောက်က ရှက်ရှက်နဲ့ ပြေးထွက်လာခဲ့ရတော့ပါတယ်။

သူ့ရဲကောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



တောက်... လက်စသပ်တော့ သူ့ဆီမှာရှိနေတဲ့ သူ့ရဲ့အစွယ်ကြီးဆိုတာ။

❑





အဲ့ဒီအချိန်ကစပြီးတော့ပေါ့လေ...

ကိုယ့်ကိုယ်ကိုယ် တစ္ဆေဖမ်းမုဆိုးဆိုပြီး အထင်ကြီးနေခဲ့ကဲ့ မုဆိုးဆိုတဲ့ မင်းစိန်တစ်ယောက် တစ်ခါတည်း ရွာကနေ ပျောက်သွားလိုက်တာ တော်တော့်ကိုကြာတယ်လို့ ပြောရတော့မယ်။

တစ်ရွာလုံးကလည်း သူတို့သူရဲကောင်းကြီး မုဆိုးတစ်ယောက် ဘာအကြောင်းနဲ့ ရွာကနေ ပျောက်သွားရသလဲဆိုတာကို မသိလိုက်ကြရဘူး။ ဒါပေမယ့်လို့ မုဆိုးနှိမ်နင်းပေးမယ်လို့ ပြောသွားခဲ့တဲ့ သူတို့ရွာထိပ်က ညောင်ကြပ်ပင်ကြီးဆိုတာလည်း အခုဆိုရင် ဘာအသံမှ မကြားရတော့ဘဲ ရွာထဲက အချို့ကလေးတွေတောင် အရင်တုန်း



www.burmeseclassic.com

www.burmeseclassic.com



ကလိုပဲ ဒီအပင်ကြီးအောက်သွားပြီး ပြေးလွှားဆော့ကစားနေကြပြီဆို တော့ ဘာပဲပြောပြော တကယ်ပါ… မုဆိုးအပေါ်ကို ဘယ်သူ့ဘယ် သူကမှတော့ အခုထက်ထိ။

အထင်ကြီးတာတွေ၊ လေးစားခဲ့တာတွေ အားကိုးကြတာတွေ လျော့မသွားကြပါဘူး။ သူတို့ရင်ထဲမှာတော့ အခုချိန်ထိ 'မုဆိုး' ဟာ 'မုဆိုး'အဖြစ်ပဲ ရှိနေကြဆဲပါ။ ဒါပေမယ့်လို့သိတဲ့အတိုင်း…

'မုဆိုး' ဆိုတဲ့ကောင်က လုပ်လိုက်ရင် ,လက်သံပြောင် သလောက် အင်မတန်မှလည်း စိတ်ကြီးလှတဲ့ လူတစ်ယောက်ဆို တော့…

သူ မမျှော်လင့်ဘဲ မှားယွင်းစွာနဲ့ ယုံကြည်မိခဲ့တဲ့ ဆေးတွေ အင်းတွေ၊ စမတွေရယ် မုဆိုး ဆိုတဲ့ နာမည်ရယ်…

❑





BURMESE CLASSIC .com

သူ့ရဲ့အစွယ်ကြီးဆိုတာရယ်ကိုး။

အနာကျည်းကြီးနာကျည်း အရှက်ကြီးရှက်ပြီး ဘယ်သူမှ မသိအောင် ကျွတ်သွားလိုက်တာများဆိုတာ…

သူ အလွန်အင်မတန်မှ နှစ်သက်မြတ်နိုးလှပါတယ်ဆိုတဲ့ သူကြီး သမီး လေးနွယ်ရယ်၊ ကိုရင်ကြက်တော ထန်းရည်ဆိုင်ရယ်၊ သူ့ အပေါင်းအသင်း သုံးယောက်ဖြစ်တဲ့ နောင်ပိန်၊ ချက်ဖူး၊ လုံတော်တို့ ရယ် ရှိနေကြတဲ့ သူ့ရွာကလေးဆီကို အခုချိန်အထိ ပြန်ပြီးရောက်မလာ ခဲ့တော့တဲ့အထိပါပဲ။

တကယ်လို့ပေါ့လေ…



www.burmeseclassic.com

www.burmeseclassic.com



သူ့ရွာကလေးကိုပြန်ပြီးရောက်လာခဲ့လို့ သူ့ရွာကလူတွေအားလုံးရဲ့ရင်ထဲမှာ အခုချိန်ထိ 'မှဆိုး' ဟာ 'မှဆိုး' အဖြစ်ပဲ ရှိနေသေးတယ်ဆိုတာကိုများ သူသိမယ်ဆိုရင်တော့····။

ကြီးစားလျက်

BURMESE CLASSIC .com



www.burmeseclassic.com